www.burmeseclassic.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်




# လက်မိလက်ရဩဝါဒများ

မောင်သွေးချွန်

စုစည်းပူဇော်သည်

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်
၁၃၆၇ - ၁၃၆၈၊ တန်ခူး
၂၀၀၆ခုနှစ်၊ ဧပြီလ

စာမူခွင့်ပြုချက်အမှတ် - ၄၇၂/၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၀၇၀၆၀၂
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့်ကွန်ပြူတာစာစီ - အိုက်မွန်း
အတွင်းဖလင် - AZ
စာအုပ်ချုပ် - ကိုတင်အေး

ထုတ်ဝေသူ

ဦးခင်မောင်ဇော်(ယာယီ-၁၀၂၆)၊ ကေမ္ဘာမီဒီယာ
၁၄၁/၁၄၉၊အခန်း(၁၀၀၆)၊ ဗားကရာလမ်း၊ ကျွန်းတောဈေးကွန်ဒိုမီနီယံ၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း(မြ-၀၆၈၂၁)၊ ကာလာဝံ့အော့ဖ်ဆက်
အမှတ်-၁၀၄(ဘီ)၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ထုတ်လုပ်မှု

ဦးခင်မောင်ဇော်
(ကေမ္ဘာမီဒီယာ)


တန်ဖိုး - 1000

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

နမောတော ဗုဒ္ဓ ဝိရုဠှ

ကေမ္ဘာမိဒိယာ

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# လက်မဲ့လက်ရည်ဝါဒများ

မောင်သွေးချွန်

စုစည်းပူဇော်သည်

www.burmeseclassic.com

www.burmeseclassic.com

## အစီဠာန်

အဖကိုယ်စား သာသနာထား၍
အမိကိုယ်စား နိုင်ငံထား၍
ချစ်သားပြုစု လုပ်ကျွေးမှုဖြင့်
နရာမှရင့် ရင့်ပြီးပွင့်အောင်
ဖွဲ့ဖြင့်နှောင်
ကျင့်ဆောင် အားသစ်ရပါစေ။ ။

မောင်သွေးချွန်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


* အမှာစာ
၁။ မြတ်သောနေခြင်း ၁
၂။ အားလုံးတို့၏ သတိ ၂
၃။ စိတ်၏အရိပ် ၃
၄။ သင်ကံကောင်းလိုသော် ၄
၅။ သူတော်ကောင်းဖြစ် အရည်အချင်းစစ်အင်္ဂါခုနစ်ပါး ၅
၆။ ဆရာဒကာ နှစ်လွှာစပ် ၇
၇။ စွန့်စားမှုဒါန ၈
၈။ သတိသည်ခံခွက် အသိသည်အဖုံး ၉
၉။ ဝေဖန်ခြင်းနှင့်ပုတ်ခတ်ခြင်း ၁၀
၁၀။ အပေါင်းနှင့်အသစ် ၁၁
၁၁။ လက်တွေ့စမ်းသပ်ကြည့်ပါ ၁၂
၁၂။ လက်နက်ထူးနှင့်တံခါးမှူးကောင်း ၁၃
၁၃။ လူရာဝင်နှင့် လူရာမဝင် ၁၄
၁၄။ အမြန်လုံးသွင်းသည့် အာသီသ ၁၅
၁၅။ ယုံကြည်ရဲရင့် အလင်းပွင့် ၁၆
၁၆။ တုံ့ပြန်နဲ့တန်ပြန် ၁၈
၁၇။ စည်းရိုးကလေး ၂၀
၁၈။ ကံလေ့ထိုးသားနှင့် ဉာဏ်ပဲ့ကိုင်ရှင် ၂၂
၁၉။ ညှာ၍တာသူများ သို့မဟုတ် အညှာအားနှင့်အတာစားသူများ ၂၃
၂၀။ ဆားနဲ့စိတ် ၂၄


www.burmeseclassic.com

www.burmeseclassic.com




၂၁။ ချောင်းရေနဲ့ကန်ရေ ၂၅

၂၂။ စိတ်ရဲ့ပြင်းအား ၂၇

၂၃။ မိုးမှောင် ၂၈

၂၄။ ငြင်းရုံနဲ့မရှင်းနိုင် ၂၉

၂၅။ ငြင်းစရာမလိုတဲ့ စကား ၃၀

၂၆။ အစမှအဆုံး ၃၁

၂၇။ သည်းခံခြင်းစစ်စစ် ၃၂

၂၈။ တစ်ယောက်တည်းရှူး လူလုံးမလှဖြစ်တတ်စွ ၃၃

၂၉။ ညဏ်နှင့်ဉာဉ် ၃၅

၃၀။ အရှုံးအနိုင်နှင့် ဘဝသင်္ချာ ၃၆

၃၁။ ကာသိုလ်ဖြစ် စေတနာပီတိလှိုင်း ၃၇

၃၂။ အကောင်းဆုံး အချမ်းသာဆုံး ၃၉

၃၃။ လူဖြစ်လာရခြင်း၏ အဓိကရည်ရွယ်ချက် ၄၁

၃၄။ အယုတ်မှ အမြတ်သို့ ၄၂

၃၅။ ဘာမျှမကျန်ရစ် ၄၃

၃၆။ ရာဂမီး ၄၄

၃၇။ ဘဝရာဂ သံယောဇဉ် ၄၆

၃၈။ လူဆိုးလူကောင်းဆိုသည်မှာ ၄၈

၃၉။ သဲနှင့်ဖွဲ ၄၉

၄၀။ စိတ်ပါလက်ပါ ၅၀

၄၁။ မှန်ခံထားတယ် ၅၁

၄၂။ ကျောင်းသင်္ခမ်းနှင့် သူခိုးဓားပြ ၅၂


www.burmeseclassic.com

www.burmeseclassic.com




၄၃။ ကာယိန္ဒြေပျက်စီးခြင်း ၅၃
၄၄။ လူနှင့်တိရစ္ဆာန် ၅၅
၄၅။ သတိနှင့်ခံစား ၅၇
၄၆။ ခြင်းပျော်ကြက်များ ၅၈
၄၇။ မသိအဝိဇ္ဇာကြောက်စရာ ၆၀
၄၈။ အထင်ကြီးခြင်း အထင်သေးခြင်း ၆၁
၄၉။ ပွဲနှင့်အစွဲ ၆၂
၅၀။ ငယ်လင်ငယ်မယား ၆၄
၅၁။ ရေသောက်မြစ်နှင့်ပင်စည် ၆၅
၅၂။ ကောင်းတဲ့ဆိုးလှည့် ၆၆
၅၃။ နေပူပူ လအေးအေး ၆၇
၅၄။ သံကောင်းမှ ဓားကောင်း ၆၈
၅၅။ ထောင်... ထောင်သား... ထောင်ထွက် ၆၉
၅၆။ သဘောသိတာ တရား ၇၀
၅၇။ အဖြစ်ကြီးရင် အပျက်ကြီးတယ် ၇၂
၅၈။ ယိုပေါက်ရဲ့တံခါးဝ ၇၃
၅၉။ စိတ်ရှုပ်လူရှုပ် ၇၄
၆၀။ အသိပါမှ အသာရ ၇၅
၆၁။ ယုန်သူငယ်နှင့် တောလိုက်ခွေးများ ၇၆
၆၂။ မီးပုံပွဲ ၇၇
၆၃။ စွဲနေတဲ့မီး ၇၈
၆၄။ အကြိုက်မိ အထိနာ ၇၉


www.burmeseclassic.com

www.burmeseclassic.com



၆၅။ စေတိုင်းအောင် ၇၉
၆၆။ တရားမပါသော နေ့တစ်နေ့ ၈၀
၆၇။ ထာဝရအစာ ၈၁
၆၈။ လက်စွဲတော်ကြီး ၈၃
၆၉။ ဝိရိယတံခွန် ၈၄
၇၀။ ဆေးသုံးလက် ၈၆
၇၁။ မီးတောက်နှင်မီးခဲ လဲယူနေကြတယ် ၈၇
၇၂။ ကာမမှမမွှသို့ ၈၈
၇၃။ ကုသိုလ်စစ်တမ်း ၈၉
၇၄။ အကြွင်းမဲ့ အနှိုင်းမဲ့ ၉၀
၇၅။ အပူဝေးဝေး အလှူအေး ၉၁
၇၆။ လိုနေတဲ့ အလို ၉၃
၇၇။ ရေခဲမှုန့်နှင့် နီဗ္ဗာန် ၉၄
၇၈။ အစကောင်းမှ အနှောင်းသေချာ ၉၆
၇၉။ လိုချင်တာရ ဘဝပြီးစတမ်း ၉၈
၈၀။ လမ်းဆုံးပန်းတိုင် ၉၉
၈၁။ မမြတ်တာ ရှုံးလို့ ၁၀၁
၈၂။ ဘက်မညီ နွားတစ်ရှဉ်း ၁၀၂
၈၃။ တဏှာပေမ ချစ်သမျှ ၁၀၄
၈၄။ ငိုချင်းချနှင့် ကချေသည် ၁၀၄
၈၅။ ငရဲခန်း တန်းခန် ၁၀၅
၈၆။ တရားခံ ပြန်ပေဦး ၁၀၆

www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| ၈၇။ တက်ခေတ်ဆုတ်ခေတ် | ၁၀၈ |
| ၈၈။ ကြွေးဟောင်းတစ်ကျပ်ကြွေးသစ်တစ်ရာ | ၁၀၉ |
| ၈၉။ ပြိုင်သူရှုံးလိမ့်မယ် | ၁၁၀ |
| ၉၀။ မာနနှင့် ဂါရဝ | ၁၁၂ |
| ၉၁။ မီးဝိုင်းအိမ် | ၁၁၃ |
| ၉၂။ ဘဝကျွမ်း | ၁၁၄ |
| ၉၃။ ထမင်းလုံးတစ္ဆေ | ၁၁၅ |
| ၉၄။ လွဲတတ်လေစွ | ၁၁၆ |
| ၉၅။ ယုံကြည်ချက်စွမ်းအင် | ၁၁၈ |
| ၉၆။ အရှုံးအမှုး အထူးသတိ | ၁၂၀ |
| ၉၇။ ရေအကျိုးဆယ်ပါး (ရေမှဖြစ်သောစွမ်းအားဆယ်ချက်) | ၁၂၂ |
| ၉၈။ မကောင်း • • • မကောင်း • • • မောင်းထုတ် | ၁၂၃ |
| ၉၉။ ရှုံးပွဲမရှိ | ၁၂၄ |
| ၁၀၀။ အညွှန့်ချိုင်အမြစ်နှုတ် | ၁၂၆ |
| ၁၀၁။ တစ်မိုးတစ်မြေ အတူနေသော်လည်း | ၁၂၈ |
| ၁၀၂။ အဖြေမှန်မထွက်တာ အပေါင်းများလို့ | ၁၃၀ |
| ၁၀၃။ လိုက်စားနှင့်ခံစား | ၁၃၁ |
| ၁၀၄။ အပြောမှန်သမျှ နည်းနည်းမှမရောမိစေနဲ့ | ၁၃၃ |
| ၁၀၅။ သွေး သည်းခြေ လေသလိပ် | ၁၃၄ |




www.burmeseclassic.com

www.burmeseclassic.com




၁၀၆။ အခိုးမှ အကောင်းသို့ ၁၃၆

၁၀၇။ သတိ၏ တာဝန်လေးချက် ၁၃၇

၁၀၈။ အရိယာသီလ ၁၃၉

၁၀၉။ အသံ ၁၄၀

၁၁၀။ ကာမသတ္တိ ၁၄၁

၁၁၁။ သွေးမနှောမိစေနဲ့ ၁၄၂

၁၁၂။ မကောင်းဘဲ ရအောင်ယူနည်း ၁၄၃

၁၁၃။ မှန်ထဲကအရိပ် ၁၄၄

၁၁၄။ ကလေးနှစ်တန် ကာလသားနှစ်ပြန် ၁၄၅

၁၁၅။ ကြောက်ပုံကြောက်နည်း ၁၄၇

၁၁၆။ ဓမ္မခရီးသည် ၁၄၉

၁၁၇။ ဘဝကောင်းနှင့် ဆုတောင်းပြည့် ၁၅၀

၁၁၈။ လမ်းပျောက်တဲ့ဝေဖန်ရေး ၁၅၁

၁၁၉။ သဘောမတူ ၁၅၂

၁၂၀။ မီးများမီးနိုင် ၁၅၃

၁၂၁။ အရှေ့နဲ့အနောက် ၁၅၄

၁၂၂။ အစွန်းထွက် အစွမ်းပြ ၁၅၆




www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဗုဒ္ဓ ဝိရဋ္ဌ၊

## အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ လောကဓမ္မဩဝါဒများကိုစုစည်း၍ 'အကောင်းဆုံးကို ရအောင်ယူ' ဟူသော အမည်ဖြင့် ၂၀၀၁ခုနှစ် ဇန်နဝါရီလက စာအုပ်ငယ်တစ်အုပ် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်ဖတ်မှတ်နာကြားခဲ့သမျှ ဆရာတော်ဘုရားကြီး၏ ဩဝါဒအဆိုအမိန့်များကို စုစည်းပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ကျမ်းကြီးကျမ်းခိုင်များကို မဖတ်နိုင်၊ မဖတ်အားသေးသူများအတွက် ဆရာတော်ကြီး၏ ဓမ္မအမြင်များနှင့် မိတ်ဆက်ပေးလိုရင်း ဖြစ်ပါသည်။ ထိုစာအုပ်ကလေးတွင် ဩဝါဒပေါင်း(၉၇)ခုပါရှိခဲ့ပါသည်။ ဤတွင် စာဖတ်သူများ၊ ဓမ္မမိတ်ဆွေများက အလားတူ လမ်းညွှန်အဆိုအမိန့်များ ဆက်လက်ရေးသားပေးဖို့ ကျွန်တော့်ထံ တောင်းဆိုလာကြပါသည်။

ထို့ကြောင့် ဂမ္ဘီရမဂ္ဂဇင်းတွင် 'လက်မိလက်ရဩဝါဒများ' ဟူသော ခေါင်းစဉ်ဖြင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ လမ်းညွှန်အဆိုအမိန့်များကို စုစည်းရေးသားခဲ့ပါသည်။ ၂၀၀၄ခု ဇွန်လအထိ ဆောင်းပါး(၁၀)ပုဒ်၊ ဩဝါဒပေါင်း(၁၀၀)ကျော် ရေးသားခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ အစဉ်အလာအတိုင်း အခိုင်းအနှိုင်း ဥပမာဥပမေယျများဖြင့် စကားလုံးခွန်အားပြည့်စွာ အာဝဇ္ဇန်းကောင်းစွာဖြင့် တန်ဆာဆင်ပုံပြင်ဆုံးမခဲ့သည်ကို အမိအရဖမ်းယူ ပူဇော်ခဲ့ပါသည်။ လောက၊ ဓမ္မ နှစ်ဌာနလုံးအတွက် ဆောင်ရန် ရှောင်ရန်များကို



www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်ထားပါသည်။

ဤလောကတွင် သူတော်ကောင်းတို့နှင့် ဆုံးစည်းခွင့်ရရန် ခဲယဉ်းလှပါသည်။ သူတော်ကောင်းတရားကို နှလုံးသွင်းနိုင်ဖို့က ပို၍ခဲယဉ်းလှပါသည်။ သူတော်ကောင်းတရားကို နှလုံးသွင်းရုံမျှမက လိုက်နာကျင့်သုံးအားထုတ်ဖို့ကား အခဲယဉ်းဆုံးပါတည်း။

ယခုစုစည်းပူဇော်လိုက်သော 'လက်မိလက်ရသြဝါဒများ' ကိုဖတ်ကောင်းရုံ၊ သဘောကျရုံ ရေးသားလိုက်ခြင်းမဟုတ်ပါ။ ဖတ်မှတ်ပြီးတကယ့်လက်တွေ့ကျင့်သုံးပါမှ 'လက်မိလက်ရ' ဟူသောအဓိပ္ပာယ်သို့ဆိုက်ရောက်ပါလိမ့်မည်။ လကွယ်ညသန်းခေါင်ယံတွင် တောနက်ကြီးထဲမျက်စိလည်နေသူသည် ရုတ်တရက် ပေါ်ထွက်လာသော ကြယ်ရောင်ကလေးများဖြင့် လမ်းမှန်ကို ရှာတွေ့သကဲ့သို့ ဘဝသံသရာခရီးခဲတွင် သူတော်ကောင်းတို့၏ လမ်းညွှန်သြဝါဒ တစ်ခွန်းတစ်ပါဒဖြင့်ပင် လမ်းမှန်ကမ်းမှန်သို့ ဆိုက်ရောက်စေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

လက်မိလက်ရသြဝါဒများတွင် အမှားအယွင်းတစ်စုံတစ်ရာပါရှိခဲ့ပါက ကျွန်တော်၏တာဝန်သာဖြစ်ပါသည်။ ဤသြဝါဒများကို ရှေးဦးစွာဖော်ပြခဲ့သော ဂမ္ဘီရမဂ္ဂဇင်းစာတည်းအဖွဲ့အားလည်းကောင်း၊ စိစစ်ခွင့်ပြုခဲ့သော သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လေးစားစွာဖြင့်...

မောင်သွေးချွန်

၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

၂၀၀၄ခုနှစ်၊ ဇွန်လ ၁၂ ရက်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# မြတ်သောနေခြင်း

မြတ်ခြင်းသည် မဆုံးခြင်းနှင့် မရှုံးခြင်းကို တာဝန်ခံ၏။ အမြတ်ရသော နေနည်းများမှာ ...

- သတိရှိနေသဖြင့် ငါသူမဝင် အားလုံးအပေါ် တန်းတူဖြင့် မေတ္တာယှဉ်နေတော့ခြင်း။
- သတိရှိနေသဖြင့် ချစ်မုန်းမဝင် အားလုံးအပေါ် ကိုယ်ချင်းစာဖြင့် ကရုဏာယှဉ်နေတော့ခြင်း။
- သတိရှိနေသဖြင့် အာရုံမမင် အားလုံးအပေါ် အမြင်ကြည်၊ မုဒိတာယှဉ်နေတော့ခြင်း။
- သတိရှိနေသဖြင့် အတွေးမဝင်၊ အားလုံးအပေါ် အမှီမပြု ဥပေက္ခာဖြင့် ယှဉ်နေတော့ခြင်း။

ထိုလေးမျိုးသောဗြဟ္မစိုရ် အလိုလိုဝင်နေသော သတိထိန်းစိတ်၊ အကြိုက်မှ ဖြစ်သော ကြွေး၊ မေ့ရာမှတင်သော ကြွေး၊ ယှဉ်ပြိုင်မိရာမှ တင်သော ကြွေး ပေးစရာမရှိတော့ပြီ။

ကြွေးကင်းလျှင် ဘာလုပ်လုပ် ကိုယ့်ဖို့ချည်းသာ အဖတ်တင်မှာ သေချာပြီ။

[ကောင်းစားချမ်းသာလိုသူများသို့ အမှာစကား
၁၃၆၂ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့၊ မောနေယျတော]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## အားလုံးတို့၏သတိ

- သတိလျှင် အရှင်သခင်ဖြစ်၏။

- သတိသည် သူ့ကိုယ်သူ ရပ်တည်နိုင်အောင် ကြိုးစား၏။ သမာဓိမဂ္ဂင်ဖြစ်သွားပြီ။

- သတိသည် အသိကိုနောက်ပါခေါ်၍ သိစေမြင်စေ၏။ ပညာမဂ္ဂင် တွဲခိုပြီ။

- သတိသည် ကံသုံးဆင့်အကျင့် မှန်ကန်လာစေ၏။ သီလမဂ္ဂင် တွဲခိုလာပြီ။

ထိုသို့ သတိ၏အစည်းအရုံးတို့ကြောင့် သိက္ခာသုံးဆင့်တို့ သူ့နေရာနှင့်သူ ဝင်ရောက်လာကြကာ တာဝန်ထမ်းလိုက်ကြသည်နှင့် မဂ္ဂင်သည် ယာဉ်အရာဝင်ခဲ့လေပြီ။

[ဉာဏ်စဉ်တို့ကို အုပ်စုဖွဲ့၍ ဝေဖန်ခြင်းများ
၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# စိတ်၏အရိပ်

– လောကကြီးကို တည်ဆောက်ပေးနေသည်မှာ စိတ်။

– လောကထဲရှိ အရာအားလုံး ထိုစိတ်၏အလိုကို မလွန်နိုင်။ ဘဝလမ်းထား ရှေ့သွားအဖြစ် တာဝန်ယူရပြီး သူ့အလိုအတိုင်းသာ ပြီးစီးစေရသော ထိုစိတ်သည် သမ္မာအပြည့် အာဏာရှိကြီးပင်ဖြစ်ရာ

– သင်သည် မကောင်းစိတ်ဖြင့် ကိုယ်လှုပ်နှုတ်ဖွင့် မကောင်းကျင့်ကို ကျင့်ပါအံ့။ မကောင်းစိတ်ပါ ထိုမကောင်းကျင့်စေတနာသည် ဝန်ရှုန်းနွား၏ သွားရာလမ်းတလျှောက် ဝန်တင်လှည်းဘီးကြီး တကောက်ကောက်နင်း၍ လိုက်နေရသည်ပမာ၊ ဒုက္ခဖြစ်ရေး မကောင်းအကျိုး ပေးများကလည်း နောက်ယောင်ခံ တန်ပြန်နေမည်သာ။

သင်သည် ကောင်းစိတ်ဖြင့် ကိုယ်လှုပ်နှုတ်ဖွင့် ကောင်းကျင့်ကို ကျင့်ပါအံ့။

ကောင်းစိတ်အောင်းရာ ထိုကောင်းစေတနာကလည်း လူသွားရာနောက် လူရိပ်သည် တကောက်ကောက်ထိုး၍ မိုးပေးနေသည့်ပမာ

သုခဖြစ်ရေး ကောင်းသောအကျိုးပေးများကလည်း တစ်ဖန်လှို့ ၍ တုန့်ပြန်နေမည်သာ။ ။ (ဓမ္မပဒ–စိတ္တဝဂ်)

[သခါရမှ အလွတ်နေသူများသို့ အမှာစကားမှ
၁၃၆၂ နှောင်းတန်ခူးလဆန်း ၆ ရက် မောနေယျတော်]

သုဝဏ္ဏသျှမ်စာစဥ်

www.burmeseclassic.com

www.burmeseclassic.com



# သင် ကံကောင်းလိုသော်

ဘုရားနှင့်မတွေ့သော ဘဝများ၊ သာသနာနှင့် မကြုံသောဘဝများသည် ကံမကောင်းသော ကံဆိုးသောဘဝများတည်း။ ကံအဆင့်ဆင့် မြင့်သထက်မြင့်၍ လွတ်မြောက်ရာသို့ ပို့ခွင့်မရသောဘဝများသည်လည်း ကံမကောင်းသော၊ ကံဆိုးသော ဘဝများပင်တည်း။

အထက်ပါ ကံမကောင်း(ကံဆိုး)များကို ကံကောင်းအဖြစ် ပြောင်းပေးရာ၌...

(က) သတိကိုအခြေခံ၍ အမှန်ကြံ၊ အမှန်ပြော၊ အမှန်ကျင့် လေ့ကျင့်ပေးဖို့တည်း။

(ခ) သတိကိုအခြေခံ၍ ကိုယ်ချင်းစာမေတ္တာဟူသော လူ့ဥစ္စာ အထုပ်ပါဖို့တည်း။

(ဂ) သတိကို အခြေခံ၍ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ဟီရိ၊ ဩတပ္ပ ဟူသော သူတော်ကောင်းဥစ္စာ အထုပ်ပါဖို့တည်း။

[၂၀၀၂ခုနှစ်၊ ဇူလိုင်လထုတ်၊ လူ့ဘုံခန်းဝါဓမ္မတာ စာ -၆၃
ကံကောင်းထောက်မခြင်းဆိုင်ရာစကား...မှ]



www.burmeseclassic.com

www.burmeseclassic.com



## သူတော်ကောင်းဖြစ်
## အရည်အချင်းစစ် အင်္ဂါခုနစ်ပါး

– လူသည် သူတော်ဖို့ ကိုယ်ကောင်းဖြင့်ထောက်မ,နိုင်ရန်။

– လူသည် သူတော်သို့ကပ်၍ ကိုယ်ကောင်းဓာတ် ဟပ်ယူနိုင်ရန်။

– လူ့ဘဝရောက်၍ လူစိတ်ပေါက်တုန်း သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို လမ်းသွားရိက္ခာ နေရာထိုင်စား စိန်ရွှေငွေပတ္တမြားပမာ စုဆောင်းကြရာသည်။ ထိုစဉ် . . .

– သဒ္ဓါသည် လူမှလူသို့ သွားလာရာ၏ လမ်းပြဦးစီးတည်း။

– သီလသည် လမ်းသွားရင်းက ရသောဥစ္စာတို့ ထည့်ဖို့ရာလွယ် အိတ်တည်း။

– သုတသည် ခရီးစဉ်နှင့် ထိုအတွင်း သတင်းထောက်လှမ်း ကင်းတည်း။

– စာဂသည် မခိုင်ခန့်သည်ကိုချထား၊ ခိုင်ခန့်သည်များကို အတွင်စုသော လက်တည်း။

– ပညာသည် မှားမှန်ကောင်းဆိုးတို့ကိုလိုက်၍ အကဲဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသော မျက်စိတည်း။

– ဟီရိုသည် တိရစ္ဆာန်တို့အစာ လုစ်္စားမည်ကို လူချင်းဖက်၍ ရှက်နေခြင်းတည်း။

– ဩတပွသည် တိရစ္ဆာန်တို့၏ တန်ပြန်ရန်ကို ကြောက်နေခြင်း တည်း။ သို့မဟုတ်...

– ဟီရိုသည် လမ်းသွားရာဝတ်ရသော အဝတ်တည်း။ ဩတပွ သည် လမ်းသွားရာစီးရသော ဖိနပ်တည်း။

ထိုအားလုံးတို့ကို သတိကချုပ်ကိုင်ရကား ထိုသတိသည် လူ့ ဦးနှောက်ပင်တည်း။

[၂၀၀၂ ခုနှစ်၊ ဇူလိုင်ထုတ် လူ့ဘုံခန်းဝါ မဂ္ဂဇင်း စာ – ၆၈
ကံကောင်းထောက်မခြင်းဆိုင်ရာစကား မှ]



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဒကာ နှစ်လွှာစပ်

လူနှင့်သာသနာပက်ပင်းတွေ့ကြလေရာတွင် လှူတတ်ဖို့လည်း ဆင်ခြင်၊ ယူတတ်ဖို့လည်း ပြင်ဆင်ကြ။

သာသနာမဆိတ်သုဉ်း သံဃာ့ဂုဏ် မျိုးမတုံးခင်လေး လှူလျှင်ကားသံဃာ၊ ယူစဉ်မှာ သဒ္ဓါထက် ငါမပါသူမစွက်၊ လှူသူ့လက်သဒ္ဓါ၊ ယူသူ့လက်သီလ၊ သူကိုယ်ထိုနှစ်ဖက် လက်လက်ချင်းဆက်မိကြပါမှ လှူသလောက်လည်းအရသာ၊ ယူသလောက်လည်း အရပါကြမည်။

အကယ်၍သာ ဆရာဒကာနှစ်လွှာထပ် တဏှာအစပ်မချိုးနိုမ် ဖွတ်ဖွတ်ချင်း အမြီးလိမ်နေကြပါမူကား လှူရင်းကစီးပွားမိုန်၊ ယူရင်းက အကျင့်တိမ်ပြီး အိမ်ပျက်နှင့်သိမ်ပျက် မငြိမ်မသက်ချည်း ဖြစ်တတ်လှချေသည်။

[သာစည်မြို့ ဒေယျမ်မိပိဋကတ်တိုက်တော်၊
အလှူတော်ငွေရပြေစာ မှ]



www.burmeseclassic.com

www.burmeseclassic.com



## စွန့်စားမှု ဒါန

တံငါသည် သည် ငါးများချိတ်ဝယ် ငါးကလေးများတပ်ဆင်၍ ရေအိုင်၊ ကန်၊ မြစ် ငါးတို့ပျော်ရာဒေသတို့၌ စွန့်ချလေ၏။ ထိုစွန့်ချမှုသည် ထို အိုင်၊ ကန် မြစ်တို့ရှိ ငါးတို့စားသုံးရန် စေတနာကား မပါပြီ။ ငါးကြီးကြီးလိုချင်သဖြင့် ငါးကလေးတို့ဖြင့် မျှားယူနေခြင်း မျှသာ၊ 'ငါစား' ရရန် 'သူစား' ပေးဝေနေခြင်းမျှသာ။

သည့်အတူ မိမိကောင်းစားရေးအတွက် အမျှော်ဖြင့်လှူသော ဒါနသည်လည်း စင်စစ် 'စွန့်လွှတ်မှု' ဟူသော စကား၏ အဓိပ္ပါယ်နှင့်လည်း မကိုက်မိ၊ တစ်ဖက်သားကောင်းစားစေလိုသော စေတနာလည်း မပါရှိပြီ။

မိမိကောင်းစားရေးသို့သာ ရှေ့ရှုထားသော စွန့်လွှတ်မှုမျိုးသာဖြစ်သဖြင့် အမျှော်လှူဒါနသာဖြစ်ဘိ၏။

စွန့်ပြီးနောက် စားလိုသော စေတနာဆိုးတို့ ကြီးစိုးလေသောကြောင့် 'စွန့်စားမှုဒါန' မျိုးသာ ဖြစ်ချေဘိ၏။

[၁၉၉၆ ခုနှစ်၊ မတ်လထုတ် အနုပညာ ကထာ စာ – ၂၆]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## သတိသည်ခံခွက် အသိသည်အဖုံး

သတိတစ်လုံးသည် စက်ဏစ်ခု၏ သော့ထက်အရေးကြီးသည်ကို သတိပြုစေချင်ပါ၏။ သတိပါသူနှင့်မပါသူ အရာရာ၌ ရှေ့နောက်ကွာနေသည်ကို သတိပြုစေချင်ပါ၏။ နိဗ္ဗာန်ဆုကို ရယူရာ၌ သတိတစ်လုံး အရင်းတည်မပါဝင်ရုံမျှဖြင့် လက်လွတ်ဆုံးရှုံးကာ တွေ့လွဲ လွဲနေသည်ကိုလည်း သတိပြုစေချင်ပါ၏။ သို့ကြောင့် ...

စွန့်လွှတ်မှုပြုလေတိုင်း သတိတစ်လုံးကို 'ခံခွက်' အရာထားလျက်က ထိုသတိခွက်ထဲသို့ ငါရယ်၊ ဝတ္ထုရယ်၊ ပုဂ္ဂိုလ်ရယ် ပစ္စည်းသုံးမျိုး ပေါင်းထည့်ကာ စွန့်လွှတ်တတ်ရန် အကြံပြုပါ၏။ ထိုသတိခံခွက်ပေါ်သို့ကား အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်တို့ဖြင့် ထိုးထွင်း၍ သိပိုင်မှုရှိသော အသိကိုများ အဖုံးအအုပ်အဖြစ် ထားရပါမူကား အတိုင်းထက်အလွန်၊ တံခွန်နှင့်ဘုရားကဲ့သို့ ကြွားရွားစွာဖွံ့ဖြိုးစေမည်မှာ မြေကြီးလက်ပုတ်သော်မှ ငုတ်နှင့်တိုက်မိ၍ လွဲချင်လွဲဦးမည်။

ကိုယ်ချမ်းသာမှုနှင့် နိဗ္ဗာန်ဆုတို့ကား မလွဲတော့ပါပြီ။

[၁၉၉၆ ခုနှစ်၊ မတ်လထုတ် အနုပုဗ္ဗိက ကထာ စာ – ၁၆]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ဝေဖန်ခြင်းနှင့် ပုတ်ခတ်ခြင်း

ဝေဖန်ခြင်းနှင့် ပုတ်ခတ်ခြင်းမတူဘူး။

ဝေဖန်ခြင်းဆိုတာ သူ့အမှားသူ ပြန်စဉ်းစားနိုင်အောင် ယဉ်ယဉ်ကျေးကျေး အေးအေးဆေးဆေးသုံးသပ်ပြတာ၊ မေတ္တာ ပညာ အကြင်နာနဲ့ ပြောတာ။

ပုတ်ခတ်ခြင်းဆိုတာ သူ့အမှားကို ချက်ကောင်းယူပြီး စော်ကားတာ၊ အမုန်းတွေ ဒေါသတွေနဲ့ ချေဖျက်ပစ်တာ၊ သူတစ်ချက်မှားတာကို ဆယ်ချက်လောက်အပြစ်ပြောတာ။

ဝေဖန်ခြင်းဟာ သူရောကိုယ်ပါ ချမ်းသာစေတယ်။

ပုတ်ခတ်ခြင်းဟာ သူကိုယ်မခွဲ ဆင်းရဲစေပါတယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒများမှ]



www.burmeseclassic.com

www.burmeseclassic.com



# အဟောင်းနှင့်အသစ်

အသစ်၏ အာနိသင်ပျက်လျှင် အဟောင်းဘက်သို့ဆန်၏။

အဟောင်း၏ အာနိသင်ပျက်ပြန်လျှင်လည်း အသစ်ဘက်သို့ တစ်လှည့်ဆန်၏။

ဝါစေ့ကို မြေမှာချသဖြင့် ဝါစေ့ပျက်ယွင်းသော် ဝါပင်ဟူ၍ ဖြစ်လာ၏။ ထိုဝါပင်ရင့်ကျက်၍ အတွင်းမှ အာနိသင်အသစ် ဖြစ်ထွန်းလာသော်ကား ဝါသီးဖြစ်လာ၏။ ထို ဝါသီးရင့်ကျက်၍ အာနိသင်ပျက်သွားသော် ဝါအဖြစ်သို့ ရောက်၏။ တစ်ဖန် ထိုဝါကို ကြိတ်ခွဲသော် ဂွမ်း၊ ဂွမ်းကိုပြုပြင်သော်ချည်မျှင်၊ ချည်မျှင်ကို ပြုပြင်သော် ပိတ်စ၊ ပိတ်စကို ပြုပြင်သော်ကား အဝတ်အထည် အဖြစ်သို့...။

အာနိသင်အဟောင်းပျက်တိုင်း အာနိသင်အသစ်ပေါ်ကာ ကူးပြောင်းခဲ့ရချေ၏။

ထိုအဝတ်သည်လည်း အဆင့်ဆင့်ချုပ်ပျောက်လျက် ရာသီဥတုတို့ကို ခံနိုင်စွမ်းရှိသော သူ့အာနိသင် ကုန်ခမ်းလာချေလျှင် အထည်ဟောင်း အထည်ဆွေး၊ လက်နှီးစုတ် လက်သုတ်ဖတ်မှသည် အမှိုက်ပုံကြားသို့ စွန့်ပစ်ခံရကာ မြေသို့သာသက်၍ မြေသားအဖြစ်သို့ ရောက်ရချေ၏။

[၁၉၉၆ ခုနှစ်၊ မတ်လထုတ် အနုပဗ္ဗိက ကထာ စာ – ၅၁]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# လက်တွေ့စမ်းသပ်ကြည့်ပါ

ပစ္စည်းတစ်ခုခုကို မိမိဘေးနားဝယ် စုပုံထားလျက်က ငါ့ဖို့ဟူ၍လည်းကောင်း၊ ငါ့မယားဖို့၊ ငါ့သားဖို့ဟူ၍လည်းကောင်း၊ ကြံစည်စိတ်ကူးကြည့်လိုက်စမ်းပါ။ ထိုအကြံအစည်အတိုင်း ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုပစ္စည်းပုံကို သိမ်းပိုက်လိုသောဆန္ဒ၊ တပ်မက်ငြိစွန်းသောရာဂ၊ ချစ်ခြင်းပေမနှင့်ယှဉ်သော အကုသိုလ်စေတနာများ တဖွားဖွားပေါ်ထွက်လာပါမည်။ လက်တွေ့စမ်းသပ်ကြည့်ပါလေ။

တစ်ဖန် ...

ငါ့ပစ္စည်းမဟုတ်၊ ငါ့မယား၊ ငါ့သား စားသုံးရန်မဟုတ်။ 'အများဖို့' ဟူ၍ ကြံစည်စိတ်ကူး စိတ်ကလေးများဖြင့် ဆုံးဖြတ်ကြည့်လိုက်စမ်းပါ။ ထိုအခါ သိမ်းပိုက်လိုသောဆန္ဒ ကင်းကွာသွားသည်ကိုလည်းကောင်း၊ တပ်မက်မှုရာဂ ရှင်းသွားသည်ကိုလည်းကောင်း၊ ချစ်ခြင်းပေမ ရှဲသွားသည်ကိုလည်းကောင်း ဒိဋ္ဌခံစားရပါမည်။ လက်တွေ့စမ်းသပ်ကြည့်ပါ။

အာရုံပြု မှန်ကန်မှု၊ စေတနာ ထားတတ်မှုသည် အရေးကြီးကြောင်း သဘောပေါက်ပါလေ။

[၁၉၉၆ ခုနှစ်၊ မတ်လထုတ် အနုပညာ ကထာ စာ - ၂၂]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# လက်နက်ထူးနှင့် တံခါးမှူးကောင်း

ဒါန၏ မူလသတ္တိသည် ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည်ဟူသော သုံးလုံးတပ် မာနငါ၊ တဏှာငါ၊ ဒိဋ္ဌိငါများကို စွန့်ချသတ်ဖြတ်ပစ်ရာ လက်နက်ထူးတည်း။

သီလ၏ မူလသတ္တိသည် ငါ သူ ယောကျ်ား အတေးထားကြောင့် ကြိုက် မကြိုက်ထား၊ အသိငှား မသိမှားများကို အစောင့်ချ တားမြစ်ပေးရာ တံခါးမှူးကောင်းတည်း။

[ကောင်းစားချမ်းသာလိုသူများသို့အမှာစကား မှ
၁၃၆၂ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# လူရာဝင်နှင့် လူရာမဝင်

- အမှန်သိသည် လူ့ဥ္သာနားသက်၏။ အမှန်သိသလောက် အမှန် လုပ်ပိုင်ခွင့်သည်လည်း လူ့ဥ္သာနားသက်၏။

- ထိုလူသား...ကောင်းသောအကြံ မှန်သောအလုပ် ဟုတ်သော အပြောတို့တွင် ကံအပေါ်၌ယုံကြည်ခြင်း၊ မိမိသတ္တိ၌ ယုံကြည်ခြင်း၊ နည်းပေးလမ်းပြဆရာသမားများ၏ သိက္ခာ၌ ယုံကြည်ခြင်း၊ သဒ္ဓါ သုံးချက်ဆင့်တို့နှင့်အတူ . . .

- မိမိလက်ထဲသို့ ပစ္စုပ္ပန်တည့်တည့်ရှေ့ လာရောက်တွေ့ဆုံနေကြသော လူ့ဘဝနှင့် လူ့ဘောဂတို့ကို သတိတမန် ဉာဏ်ဝယ်နောက်ပါး ဝီရိယတွန်းအားများဖြင့် ကံရိက္ခာထုပ်အတွင်းထား ဖော်စားတတ်မှသာ လူရာဝင်ကြမည်။

- ကံအတိုးပေး ကြွေးရှင်နေရာမှ လက်ခံစားတတ်မှ လူတွင်သည်။

ကံအတိုးပေး ကြွေးငှားနေရာမှ ချေးငှားသုံးနေက လူဖြစ်သော်မှ လူရာမဝင်။

[၂၀၀၂ ခုနှစ်၊ ဇူလိုင်လထုတ် လူ့ဘုံခန်းဝါမဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com



## အမြဲနှလုံးသွင်းသည့် အာသီသ

ဗုဒ္ဓဘုရားနှင့် ရတနာသုံးပါးတို့၏အရိပ်သည် သင်တို့၏ကိုယ်စိတ်နှစ်ပါး၌ ထာဝရငြိမ်းအေးလျက်တည်ပါစေ။

ရတနာသုံးပါးအား အားကိုးသလောက် အားကိုးရာရောက်ကြပါစေ။

မိမိတို့ စေတနာအလိုက် ထိုက်သင့်သော အကျိုးထူးတရားများ မျက်မှောက်ခေတ်၌ပင် ချက်ချင်းလက်ငင်း ခံစားနိုင်ကြပါစေ။

ဤသို့ ကုသိုလ်ကမ္မပထတရားများ ကြီးစားမြဲကြိုးစားနိုင်ကြသလို လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးတရားများ တိုးပွားမြဲ တိုးပွားနိုင်ကြပါစေ။

ဤသို့ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတရားများ တိုးပွားမြဲတိုးပွားနေကြသလို ကုသိုလ်ကမ္မပထတရားများကိုလည်း ကြိုးစားမြဲကြိုးစားနိုင်ကြပါစေ။

ငါဖြည့်ကျင့်ခဲ့သမျှ ပါရမီ ကုသိုလ်ပုည ဖို့ဘာဂတို့၏ တန်ခိုးတေဇော် မေတ္တာတော်အာနုဘော်ကြောင့် အားလုံး ... ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပြီး ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ကြပါစေ။

[သုစိတာပေါ်ာထဒုက္ခာမုဥ္စထ
ကျမ်းဦးပဏာမနှင့် တရားပွဲများတွင် ပေးလေ့ရှိသောဆု]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# ယုံကြည်ရဲရင့် အလင်းပွင့်

လောကကြီးမှာ ယုံကြည်ရင် ယုံကြည်သလောက်အစွမ်းထက်တဲ့အရာ လေးမျိုးရှိတယ်။

၁။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အားထားချဉ်းကပ်ရာမှာ အမြတ်ဒိဋ္ဌဆိုတဲ့ယုံကြည်ချက် ထက်သန်ရင်ထက်သန်သလောက် အကျိုးကြီးတယ်။

၂။ ဘုရားလမ်းစဉ်အတိုင်း သာသနာပြုလမ်းကြောင်းပေါ် လျှောက်လှမ်းနေတဲ့ သူတော်ကောင်းတို့ရဲ့ ဂုဏ်အရည်အချင်းဟာ မိမိအတွက် အင်အားဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက် ထက်သန်ရင် ထက်သန်သလောက် အကျိုးကြီးတယ်။

၃။ ဆေးဝါးတို့မည်သည်လည်း သောက်ရင်ပျောက်တယ်ဆိုတဲ့ ယုံကြည်ချက်ရှိမှ ဆေးအစွမ်းပြတယ်။

၄။ မိမိရဲ့သတ္တိစွမ်းရည်ဟာလည်း ဘာမဆိုလုပ်ရင်ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ရှိမှ အစွမ်းပြတယ်။ ဒီနေ့ လူတွေမှာ ယုံကြည်ချက်မထက်သန်တော့ အလံတံခွန်မရှိတဲ့ ရထားပျက်ကြီးလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ကိုယ့်ကိုယ်ကို သဒ္ဓါထက်သန်လှပြီ ထင်နေကြပေမယ့် သဒ္ဓါရဲ့နေရာမှာ တဏှာဝင်နေတာမသိကြဘူး။

ရွှေဆိုတာကြေးချွတ်ပေးနိုင်မှ အရောင်ထွက်တယ်။ ကျောက်လည်း အကာပစ်အနှစ်ချွာယူတတ်မှ အရောင်လက်တယ်။ မိမိရဲ့ သတ္တိစွမ်းရည် ယုံကြည်ချက်ထက်မြက်လာစေဖို့အတွက် အဝိဇ္ဇာအညစ်အကြေး၊ တဏှာရဲ့အစေးများကို သတိဝီရိယနဲ့ဖယ်ရှား၊ သမာဓိ ပညာနဲ့ အနှစ်ကိုဖော်စားတတ်ပါမှ စိတ်တန်ခိုး၊ စိတ်သတ္တိရဲ့ ဗီဇစွမ်းရည် ပေါ်ထွက်လာမှာဖြစ်ပါတယ်။

ကိုယ့်သတ္တိအပေါ် ကိုယ်မယုံရဲ၊ ကိုယ့်အားကိုယ်မကိုးဘဲ သူတစ်ပါးအား သွားရောက်ခိုကိုးနေခြင်းဟာ လောကမှာ အဆိုးဝါးဆုံးပဲ။

[၁၉၉၉ ခုနှစ်၊ ကျောက်ထီးတောရ သြဝါဒများမှ]



www.burmeseclassic.com

www.burmeseclassic.com



## တုံ့ပြန်နှင့်တန်ပြန်

မိုးပေါ်ကို ကျောက်ခဲတစ်လုံး ပစ်တင်လိုက်တယ်ဆိုပါစို့။ အဲဒီခဲ အထက်တက်သွားပြီး အရှိန်နဲ့လို့ တုံ့ခနဲဖြစ်သွားရင် ပြန်ကျလာတော့မယ်ဆိုတာ သိသာတယ်။ တုံ့ပြီးတော့မှ ပြန်လာတာ ဖြစ်လို့ 'တုံ့ပြန်' ခေါ်ရသလို သူ့အင်အားနဲ့တန်စွာတက်ပြီး တန်စွာပင် ပြန်လည်လာတဲ့အတွက် 'တန်ပြန်' လို့လည်းဆိုရတယ်။ ဒီလိုပဲ . . .

လူ့လောကမှာလည်း ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် မိမိရဲ့စေတနာအင်အားသတ္တိစွမ်းရည်အလိုက် ကာယကံ၊ ဝစီကံ၊ မနောကံတွေ ပြုကျင့်နေကြပါတယ်။ ဒီကံသုံးပါး အပြုအမူများမှာလည်း တုံ့ပြန်အား၊ တန်ပြန်အားတွေရှိနေပါတယ်။ ကုသိုလ်ကောင်းမှု၌ တန်ပြန်လာတဲ့ တုံ့ပြန်အားတွေက . . .

- မျက်နှာမြင်ချစ်ခင်စေတယ်။
- သူတော်ကောင်းများသာ မိမိထံဝင်ထွက်သွားလာကြတယ်။
- မိမိရဲ့ကျေးဇူးဂုဏ်သတင်း ပျံ့နှံ့သွားစေတယ်။
- ဘယ်နေရာ ဘယ်ဌာနပဲဖြစ်စေ ဝင်ရဲထွက်ရဲတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကျိုးကျေးဇူးတွေ လက်ငင်းခံစားရတယ်။ နောင်ဘဝမှာလည်း ကောင်းရာသုဂတိဘုံကိုပဲ လားရောက်ရတယ်။ မကောင်းမှုရဲ့ တုံ့ပြန်လာတဲ့ တန်ပြန်အားကတော့ စိတ်ချောက်ခြားနေရခြင်းပဲ။ ကိုယ့်စိတ်ကို ကိုယ့်စေတနာက လုံခြုံအောင်စောင့်ထိန်းမပေးနိုင်တော့ဘူး။ ကိုယ့်တစ်ကိုယ်တည်းတောင် ချောက်ချားအားငယ်နေရတယ်ဆိုတော့ ပညာရှိသူတော်ကောင်းတွေကြား အနားတောင် မကပ်ရဲတော့ဘူး။ ဘယ်သူကမှလည်း ဆေးဖော်ကြောဖက်မလုပ်တော့ဘူး။

ဘယ်သူမပြု မိမိမှုဆိုတာလို ကိုယ့်နယ်ကိုယ်ကျွံအောင် လုပ်ပစ်တာ။ နောင်ဘဝမှာလည်း ဒုက္ခတိဘုံတွေမှာ ပူပန်ဆင်းရဲခြင်းတွေ အတောမသတ်အောင်ခံစားရဦးမယ်။

– တုံ့ရာကပြန်လာတဲ့ အင်အားသတ္တိတွေဟာ လက်ရှိဘဝအတွက် လက်ဆောင်။

– ပြန်ရာကတုံ့လာတဲ့ အင်အားသတ္တိဟာ နောင်ဘဝအတွက် လက်ဆောင်။

[၁၉၉၉ ခုနှစ်၊ ကျောက်ထီးတောရည်ဝါဒများ မှ]



www.burmeseclassic.com

www.burmeseclassic.com



## စည်းရိုးကလေး

ဒါနနဲ့သီလဆိုတာ လူနဲ့တိရစ္ဆာန်ကြား ခြားထားတဲ့စည်းရိုး၊

တိရစ္ဆာန်ဘဝတွေရဲ့ ဖြစ်ရိုးဖြစ်စဉ် ဉာဉ်စရိုက်တွေ ကြည့်လိုက်စမ်းပါ၊

ကြိုက်ရင် ကြိုက်သလို လိုက်သိမ်းပိုက်တဲ့ အဓမ္မရာဂ၊ မကြိုက်ရင် မကြိုက်သလို လိုက်ပြီး တိုက်ခိုက်နေတဲ့ အဓမ္မဒေါသ၊ မသိရင် မသိသလို လိုက်ပြီး မိုက်ကြေးချနေတဲ့ အဓမ္မမောဟ။

အဲဒီတိရစ္ဆာန်ဉာဉ် တိရစ္ဆာန်စရိုက်ဆိုးတွေ လူတို့ရဲ့စိတ်ထဲ ထိုးဆင်းကျရောက်လာခြင်းမရှိအောင် ကိုယ်ကျင့်သီလဆိုတဲ့ စည်းရိုးကလေးခြားထားရပါတယ်။ ဒီတော့ စည်းရိုးကလေး လုံပါစေ၊ ခိုင်ပါစေ။

စည်းမလုံ ခွေးတိုးတဲ့နော်၊ ခွေးကျင့်ခွေးကြံတွေ ဝင်ရောက်လာရင် လူ့စည်းပေါက်သွားပြီလို့မှတ်ပါ။ ငါစားရပြီးရော၊ ငါဝပြီးရော ကျန်တဲ့ဘဝတူတွေ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဟောင်လိုဟောင်၊ ကိုက်လို ကိုက်ဆိုတာ ခွေးလောကရဲ့ အကျင့်အကြံတွေပါ။

ဒီတော့ ငါ့ရှိတာလေး မျှဝေပေးကျွေး၊ ငါစားရသလို သူလည်း



www.burmeseclassic.com

www.burmeseclassic.com



စားရပါစေဆိုတဲ့ ကိုယ်ချင်းစာစိတ်ကလေး မွေးလိုက်တာဟာ မေတ္တာစမ်းပေါက်ကလေး ဖွင့်ပေးလိုက်တာပါပဲ။ သူတစ်ပါးသို့ မျှဝေပေးကျွေးခြင်းဆိုတဲ့ ဒါနမှာ မေတ္တာစာတ် သက်ဝင်နေပြီ။

ကိုယ်ကျင့်သီလ၊ ကိုယ်ချင်းစာမေတ္တာ၊ သူ့အကျိုးလိုလားခြင်းဒါနဆိုတဲ့ စည်းရိုးသုံးထပ်ကာထားနိုင်ရင် တိရစ္ဆာန်ဉာဉ် တိရစ္ဆာန်စရိုက်တွေ မဝင်သာတော့ပါဘူး။

[၁၉၉၇ ခုနှစ်၊ နတ်တလုလှတောဝရသြဝါဒများ မှ]



www.burmeseclassic.com

www.burmeseclassic.com



## ကံလေ့ထိုးသားနှင့် ဉာဏ်ပဲ့ကိုင်

ဖြောင့်ရင်မတ်တယ်၊ ဖြောင့်ရင်တန်းတယ်။ ဖြောင့်ဖို့သာ လိုရင်း။

ဖြောင့် ဆိုတဲ့နေရာမှာ 'ကံဖြောင့်'၊ 'ဉာဏ်ဖြောင့်' နှစ်မျိုးရှိတယ်။

ကံဖြောင့် – ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးစလုံး ဖြောင့်စင်းနေတာ၊

ဉာဏ်ဖြောင့် – အကောင်းနှင့်အဆိုး အကြောင်းနှင့်အကျိုး ထိုးထိုးထွင်းထွင်း ရှင်းလင်းသိတာ။ ဒီတော့ ဉာဏ်ဖြောင့်သာ ပဓာန၊ ဉာဏ်ဖြောင့်သာ အဓိက။ ကံက လေ့ထိုးသား ဉာဏ်က ပဲ့ကိုင်။

ကြံစည်သမျှဉာဏ်ပါမှ လိုရာခရီး ဖြောင့်ဖြောင့်ကြီး ဖန်တီးပေးနိုင်တယ်။

ပြောဆိုသမျှဉာဏ်ပါမှ လိုရာသဘောပေါ်လွင်အောင် ပြောနိုင်မယ်။

ဉာဏ်နဲ့လုပ်မှ လိုရာသရုပ် အဟုတ်ပီပြင်စေလိမ့်မယ်။

ဉာဏ်ကသာ ကိုယ့်မျက်စိလည်း အတည့်ပြ သူ့မျက်စိလည်း အရှိပြပေးတတ်တယ်။ ဒါကြောင့် ဉာဏ်ဆိုတာ နတ်မျက်စိပဲ။

[၁၉၉၇ခုနှစ်တလူတောရသြဝါ]



www.burmeseclassic.com

www.burmeseclassic.com



## ညှာ၍တာသူများ သို့မဟုတ် အညှာအားနှင့်အတာစားသူများ

တရားလိုချင်မညှာနဲ့၊ညှာရင်တာစား တာကစားခြင်းခံရမယ်။

ညှာတယ်ဆိုတာ အသည်းညှာအန္တာခံရတာ။ အညှာကိုင်ခံထားရသမျှ အန္တာခံရပြီသာမှတ်။ ကိုယ့်ဝန်ကိုယ်ထမ်းဖို့နေနေ သာသာ သူ့ဝန်ကိုယ်ထမ်းဖြစ်ရပြီ။

မယားကတာတော့ မယားညှာ၊ မယားဘဝ မယားကာမ လုလုကြီးကျွေးမွေးပြီး မသေမချင်းလုပ်ကျွေးပေရော့။ သားသမီးတာတော့ သားသမီးညှာ၊ သားသမီးအိမ်ထောင်မကျမချင်း လုပ်ကျွေး။ အညှာအားကြောင့် တာစားခံရတာတွေနော်။ ဒါပေမယ့် မယားတာ သားသမီးတာဆိုတာ တာရှည်ကြီးတော့မဟုတ်၊ တာတိုလို့တော် ပေသေးတယ်။

ကိုယ့်အညှာကိုယ်ပြန်မိ၊ ကိုယ့်ကိုယ်ကိုပြန်တာပြီး ကလိနေတဲ့ အတွင်းထကိလေသာ တာစားလာခဲ့တာ တစ်ဘဝနဲ့လည်းမဆုံး တစ်တာပြီး တစ်တာနှုန်း၊ တာသုံးမရပ်တော့ဘူး။

ကိလေသာညှာသဖြင့် အတာခံရခြင်းသာလျှင် တာအရှည်ဆုံး၊ ဒီတော့ တာအရှည်လုံးလုံးရပ်အောင် ကိလေသာ အညှာကဖြတ်ကြပါ။

[၁၉၉၇ ခုနှစ်၊သုဝဏ္ဏသျှမ်တောင် ဘုဇ်ဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ဆားနဲ့စိတ်

ဆားမပါရင် ဘယ်ဟင်းမှမကောင်းသလိုပဲ၊ စိတ်မပါရင်လည်း ဘာနဲ့မှပေါင်းလို့မကောင်း။ ဆားဆိုတာ ဟင်းလျာရဲ့ နောက်ကနေပြီး အပေါ့အလေးသတ္တိ ပြပေးသလိုပဲ၊ စိတ်ဆိုတာလည်း ကံကိုမှီပြီးမှ သတ္တိပြလေ့ရှိတယ်။ ဆားတုံး၊ ဆားခဲ (အခဲမကြေ)လျှင် ဟင်းအရသာ ဂုဏ်အင်္ဂါပျက်တတ်တယ်။ စိတ်ဟာလည်း ရာဂခဲ၊ မာနခဲ၊ ဒေါသခဲ…အခဲမကြေလျှင် လူကြီးလူကောင်း ဂုဏ်အင်္ဂါပျက်တတ်တယ်။

စိတ်ဟာ ရာဂ၊ မာန၊ ဒေါသ စတဲ့ ကိလေသာ အပူမသန်း စိတ်ကျေချမ်းနေက လန်းဆန်းခွင့်ရတယ်။ စိတ်လန်းဆန်းမှ ဉာဏ်ရည် ရင့်ကျက်ပြီး အကျိုးအပြစ် စိစစ်ဝေဖန်ခွဲခြားနိုင်တယ်။ ဒါကြောင့် စိတ်နဲ့ကိလေသာ အတုံးအခဲကြီးတွေ မရောစေနဲ့။ စိတ်ကလေး ကျေအေးချမ်းသာအောင် သတိနဲ့မွေးမြူကြ။

[၁၉၉၈ ခုနှစ်၊ ဒီးဒုတ်တောင်၊ ဝေဒလ္လချောင် ဩဝါဒများ မှ]



www.burmeseclassic.com

www.burmeseclassic.com



## ချောင်းရေနဲ့ကန်ရေ
## ကာမနဲ့ဓမ္မ

မတူရင်မတန်ဘူး။

လေးထောင့်နဲ့အဝိုင်း အတိုင်းချင်းမတူတဲ့အတွက် ပေါင်းစပ်ဖို့ မတန်ဘူးလို့ဆိုရမယ်။ လောကကြီးထဲမှာ သတ္တဝါအသီးသီးတို့မှီတင်းနေထိုင်ကြရာမှာ တိရစ္ဆာန်လောကမှာလည်း ခြေလေးချောင်းနဲ့ ခြေနှစ်ချောင်း ပုံပန်းဟန်ပန် မတူမတန်၊ ခြေလေးချောင်းထဲမှာမှ ဆင်နဲ့ဆိတ်၊ ကျွဲနဲ့ဝက် တူလည်းမတူ၊ တန်လည်းမတန်။

လူမှာလည်း မျိုးရိုးဗီဇ၊ ရေမြေဥတု၊ ဉာဉ်ဝါသနာ စရိုက်လိုက်ပြီးတော့ မတူကွဲပြား ခြားနားနေတာတွေရှိပါတယ်။ ဒါပေမယ့် အမျိုးဘာသာ မတူချင်မတူစေပါဦး၊ ဥပေက္ခာနဲ့ပဲဖြစ်ဖြစ် လိုတိုးပိုလျှော့ လုပ်ပြီးတော့ပဲဖြစ်ဖြစ် ညှိညှိနှိုင်းနှိုင်း အဝိုင်းအခြားနဲ့ပေါင်းလို့ သင်းလို့ ရနိုင်ပါသေးတယ်။

ဘယ်လိုမှ ညှိနှိုင်းမရတာကတော့ လောကရဲ့သဘာဝ ကာမနဲ့ဓမ္မ မတူကြခြင်းပါပဲ။

**သုဝဏ္ဏသျှပ်စာစဉ်**

www.burmeseclassic.com

www.burmeseclassic.com



ကာမက… စိတ်ယုတ်စိတ်ညံ့နဲ့ ကိုယ်နှုတ်အမူအကျင့် အားကြီးမှ ဖြစ်နိုင်တာ။

ဓမ္မက… စိတ်သန့်စိတ်မြတ်နဲ့ ကောင်းသော အမူအကျင့်ရှိမှဖြစ်နိုင်တာ။

ကာမဆိုတာ လူတစ်ဦးတည်းပိုင်မဟုတ်၊ တိရစ္ဆာန်များ နှင့် တကွ အပါယ်ခံသား၊ အပါယ်လေးဘုံသားများ အားလုံးပါ ကိုင်ခွင့်ရ နေတဲ့ ဘုံဆိုင်အရာ။

ဓမ္မဆိုတာ လူဖြစ်ရုံသက်သက်နဲ့ လူတိုင်းကိုင်ခွင့်မရတဲ့အရာ။

ကာမက ချောင်းရေပမာ အနည်အမှုန်တွေနဲ့ နောက်ကျိကျိ၊ ဓမ္မက အနည်ထိုင်နေတဲ့ ကန်ရေပမာ အေးမြကြည်လင်နေပါတယ်။ ဒီတော့ ချောင်းရေသုံးမလား၊ ကန်ရေသုံးမလား၊ စဉ်းစားဆုံးဖြတ် ရွေးချယ်ကြပါ။

[၁၉၉၆ ခုနှစ်၊ လှိုင်းတက်စည်သွတ်စက်ရုံ တရားပွဲမှ]



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ရဲ့ပြင်းအား

လူတွေရဲ့စိတ်ထဲမှာ ဆန္ဒ(လိုလားချက်)၊ ဝီရိယ(ရဲတင်းချက်)၊ စိတ္တ (စိတ်ဝင်စားချက်)၊ ဝီမံသ (ထိုးထွင်းချက်) လေးမျိုး စိုးမိုးထိုးဖောက် ဝင်ရောက်လာတဲ့အခါ ဆန္ဒအားပြင်းလာရင်လည်း စိတ်ထန်လာတယ်။ ဝီရိယအားပြင်းလာရင်လည်း စိတ်ထန်လာတယ်။ စိတ်ဓာတ်အားပြင်းလာရင်လည်း စိတ်ထန်လာတယ်။ ထိုးထွင်းသိမြင်အား ပြင်းလာရင်လည်း စိတ်ထန်လာတယ်။ ပြင်းသလောက် ထန်လာတဲ့ အပြင်းအထန်။

ဒီပြင်းထန်အား ဓမ္မဘက်ဆန်တက်လာရင်တော့ အဟောဝတ ကောင်းလေစွပေါ့။

ကာမဘက် ထိုးစိုက်ဆင်းသွားရင်တော့ ထန်လေ၊ သန်လေ၊ ခံရလေ။ ဝီရိယကြီးလေ ဆင်းရဲလေ။ သူတကာ့အလိုက် အကြိုက်ပေးနေရတဲ့အတွက် ကိုယ်နေလည်းပျက်၊ အသက်လည်းတို။

ဓမ္မဘက်ဝီရိယကြီးခဲ့ပါသော် ကိုယ်လည်းကောင်းစား၊ အများလည်းချမ်းသာ၊ သင့်စိတ်ရဲ့ပြင်းထန်အား လားရာဘယ်မှာလဲ၊ ခွဲခြားဖွေရှာ အဖြေရှာ ။

[၁၉၉၆ ခုနှစ်၊ လှိုင်းတက်စည်သွတ်စက်ရဲ့ တရားပွဲမှ]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# မိုးမှောင်

သတ္တဝါတို့မည်သည် မသိရာက စခဲ့တာဖြစ်လေတော့ ဒီမသိမှုနဲ့ပဲ မကောင်းမှုဒုစရိုက်တွေ လုပ်လာခဲ့ကြတာ တစ်သံသရာ လုံးပဲ ဆိုပါတော့။ မကောင်းမှုဒုစရိုက်တွေကို စိတ်နဲ့လုပ်ခဲ့တာလည်း မနည်းတော့ဘူး။ နှုတ်နဲ့လုပ်ခဲ့တာလည်း မရေမတွက်နိုင်တော့ဘူး။ ကိုယ်နဲ့လုပ်ခဲ့တာတွေလည်း ဘယ်ရွှေ့ဘယ်မျှ ဇယားချ မပြသာဘူး။ မကောင်းမှုတွေ ဘယ်လောက်များနေပါသလဲဆိုရင် မိုးလုံးပြည့် မဲမှောင်နေတဲ့ မိုးသားတွေလိုပဲ။

ကုသိုလ်ကောင်းမှုတွေရော လုပ်ဖြစ်ရဲ့လားဆိုတော့ လုပ်တော့လုပ်ပါတယ်၊ မဆိုစလောက်ကလေးမျှသာပါပဲ။ လုပ်ခဲ့တဲ့ အကုသိုလ်ဒုစရိုက်တွေနဲ့စာရင် အင်မတန်နည်းတယ်။ ဘယ်လောက်နည်းသလဲဆိုရင် မိုးမှောင်မှောင်မှာ စက္ကန့်ပိုင်းမျှ ပြိုးပြက်လင်းလက်လိုက်တဲ့ လျှပ်ရောင်ကလေးမျှသာပါပဲ။

ဒါ့ကြောင့် သံသရာလည်ရာဘဝပေါင်းများစွာမှာ တိရစ္ဆာန်ကဲ့သို့သော အပါယ်ဘဝတွေများခဲ့ပြီး လူနတ်ဗြဟ္မာဆိုတဲ့ အထက်တန်းစားဘဝတွေ အလွန်အင်မတန်မှ နည်းခဲ့ပါတယ်။ ဒီနေ့လူ့ဘဝရောက်တုန်း၊ ဘုရားသာသနာတော်ကြီး ပွင့်နေတုန်း မိုးလုံးပြည့် မဲမှောင်ရာက တစ်ကိုယ်စာအလင်းရလောက်အောင်တော့ အမှတ်သတိကလေးနဲ့ အားထုတ်ကြစမ်းပါဗျာ။

[၁၉၉၉ ခုနှစ်၊နတ်တလူတောရဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ငြင်းရုံနဲ့မရှင်းနိုင်

ဘာဖြစ်လို့ငြင်းခုန်နေကြရတာလဲ။

ငါပြောတာမှ အမှန်ဆိုတဲ့ တစ်ယူသန် ငါစွဲကြီးကြောင့်၊ ငါလုပ်တာမှ အမှန်ဆိုတဲ့ တစ်ယူသန်ငါစွဲကြီးကြောင့်. . . စင်စစ်တော့ ငါစွဲသာလျှင် အမှောင့်ပယောဂ. . .။

ငြင်းရာကတင်း၊ တင်းရာက ပြတ်ကုန်တော့မယ်။

ငြင်းနေသမျှ ယုံကြည်ခြင်းမှ သံသယသို့၊ ကူညီခြင်းမှ ဖျက်ဆီးခြင်းသို့သာ အဆိုးကို ဦးတည်နေပေလိမ့်မယ်။ ငြင်းကြ ခုန်ကြတယ်ဆိုတာ မာနချင်းအကဲစမ်းပြီး ကာမချင်းနပမ်းသတ်နေတာနဲ့ အတူတူပဲ။ ငြင်းနေသမျှ စကားရဲ့လမ်းကြောင်း တစ်ဖက်စောင်းနင်း ဖြစ်သွားပြီ။

ငြင်းခုန်နေရုံမျှနဲ့ အဖြေမှန်မရဘူးဆိုတာ သဘောပေါက်ကြပါ။

[၁၉၉၈ ခုနှစ်၊ ကျောက်ထီးတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ငြင်းစရာမလိုတဲ့ စကား

လောကမွေနှစ်ဌာနအတွက် အကျိုးရှိမယ့်စကားသာ ပြောကြမယ်ဆိုရင် ဘယ်သူမှ ငြင်းကြမယ်မထင်ပါဘူး။ ဒီတော့ စကားပြောတော့မယ်ဆိုရင် စကားရှေ့သတိဝင် ဆင်ခြင်စိတ်ကလေးနဲ့ တိုင်းထွာပြီး လောကနဲ့မွေအတွက် အကျိုးအမြတ်ကို ဦးတည်ထားပါ။ ပြောနေဆဲမှာလည်း မိမိနှင့် သူတစ်ပါး နှစ်ဦးသားလုံးအတွက် ကောင်းကျိုးထွက်စေရမယ်ဆိုတဲ့ စေတနာ မွေးမြူထားပါ။

စကားပြောဆိုပြီးရင်တောင်မှ မိမိပြောခဲ့သမျှစကား ဘယ်လောက်အကျိုးများတယ် သို့မဟုတ် အကျိုးဆုတ်ယုတ်သွားတယ်ဆိုတာ သတိသမ္ပဇဉ်ဉာဏ်ယှဉ်ပြီး သုံးသပ်ပါလေ။ ဒီလိုဆိုရင် အကောင်းပြောလို့ အပြောကောင်းဖြစ်ပြီး ကိုယ့်စကားမှားတယ်လို့လည်းမရှိ၊ ငြင်းစရာလည်းမလိုပြီ။

[၁၉၉၈ ခုနှစ်၊ ကျောက်ထီးတောရဂြဲဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အစမှအဆုံး

စမိရင်ဆုံးအောင်လုပ်။

လွယ်မယ်ထင်ရင် ဆက်လုပ်ပြီး ခက်တော့ထားပစ်ခဲ့တာမျိုး မလုပ်လေနဲ့။ ဘုရားသော်မှ ဗျာဒိပ်ခံပြီး ရပ်မနေခဲ့ဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံး ဆက်လုပ်သွားတော့ ဘုရားအဖြစ်ကို ရတော်မူတဲ့အထိ အစကအဆုံး ရပ်လုံးပေါ်အောင် လုပ်ပြသွားခဲ့ပြီ။

လုပ်လက်စ တစ်ဝက်နဲ့ရပ်ထားရင် အပျက်ပဲလာမယ်။ အကောင်းမလာဘူး။

မလုပ်ခင်က လုပ်နိုင်မလုပ်နိုင် ကြိုစဉ်းစား၊ အကောင်းမျှော်ပြီးလုပ်လို့ အကောင်းမလာမီ အဆိုးလာရင် အဆိုးဒဏ်ခံနိုင်ရည် ရှိမရှိ ကိုယ့်သတ္တိကိုယ် စစ်မေးထား။ ဘာလုပ်လုပ် ကုန့်ပြန်အားဆိုတာရှိစမြဲ။ ငရုတ်ဆုံကြီးပေမယ့် ငြိမ်ခံနေလိမ့်မယ်မထင်နဲ့။ ငရုတ်သီးထောင်းကြည့်ပါလား၊ ငရုတ်ကျည်ပွေ့ကိုင်တဲ့လက် ဒက်ခနဲနေအောင် ငရုတ်ဆုံကြီးက တုံ့ပြန်လိမ့်မယ်။

ဒီတော့ ဘာလုပ်လုပ် 'အဆိုးကြုံရနိုင်တယ်' ဆိုတဲ့လျာထားချက် စာရင်းထဲမှာထည့်ထားပါ။ အဆိုးနဲ့အကောင်းဆိုတာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းလို့သာမှတ်ထားပြီး လုပ်စရာရှိတာ ဆက်လုပ်ပါ။ အစမှအဆုံး ရပ်လုံးပေါ်အောင် ဉာဏ်ဦးစီးပြီး ခရီးဆက်ကြပါ။

[၁၉၉၈ ခုနှစ်၊ ကျောက်ထီးတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## သည်းခံခြင်းစစ်စစ်

သည်းခံတယ်ဆိုတာ သိပ်သည်းတဲ့ သတိသမ္ပဇဉ်ရဲ့ ခံနိုင်ရည်ကိုပြောတာ။ အဂတိလေးပါး မည်သည့်ဘက်မျှ မလားတော့ပါမှ 'သည်းခံ' တယ်လို့ဆိုနိုင်တယ်။ ကောင်းဆိုး လောကဓံတွေကို မတုန့်ပြန်တော့မှသာ သည်းခံရာရောက်တယ်။ ကြိုက်ပေါက် မကြိုက်ပေါက်လာခလောက်သမျှ အံ့လောက်အောင် ခံနိုင်ရည်ပြည့်နေစေရမယ်။ ဒီလိုသည်းခံပြီး နေတယ်ဆိုရာမှာလည်း ပေပြီးခံ ကြိတ်မှိတ်ခံနေတာမျိုးမဟုတ်ဘဲ မေတ္တာ ကရုဏာမပျက်တဲ့ ခံနည်းမျိုးနဲ့ ခံတာသာလျှင် သည်းခံခြင်းအစစ် ဖြစ်တော့တယ်။

မိဘက သားသမီးဒဏ်ခံနိုင်တာ ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်ကြောင့်။ အဲဒါ အနှံ့တာခံတယ်လို့ခေါ်တယ်။ သည်းခံအဆင့်မရောက်ဘူး။ လင်နဲ့မယား အပြန်အလှန်ဒဏ်ခံနေကြတယ်ဆိုတာလည်း သည်းခံခြင်းအစစ် မဟုတ်သေးဘူး။ အနှံ့တာခံခြင်းမျှသာ။

ဝိပဿနာဦးသျှောင် ဆောင်ထားတဲ့၊ မိမိရဲ့ အတွင်းထကိလေသာများကို ချိုးနှိမ်ထားပြီးတဲ့ သူတော်ကောင်းကြီးများရဲ့ ခံနိုင်ရည်သာ သည်းခံခြင်း စစ်စစ်ဖြစ်တယ်။

ပုထုဇဉ်လောကမှာ အနှံ့တာခံခြင်းလောက်သာ။

[၁၉၉၉ ခုနှစ်၊ ဝါးသုံးရုံ သစ်တောစခန်း ညဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# တစ်ယောက်တည်းရှုံး လူလုံးမလှဖြစ်တတ်စွ

သတ္တဝါတို့ ခိုလှုံရာဘုံသည် ကံဘုံ၊ ဈာန်ဘုံ၊ ဉာဏ်ဘုံဟူ၍ သုံးမျိုးရှိနေချေသည်။

စိတ်ကပင် ကံစိတ်၊ ဈာန်စိတ်၊ ဉာဏ်စိတ်များဖြစ်နေသောကြောင့် အပါယ်လေးဘုံ၊ လူဘုံ၊ နတ်ဘုံများ ကံဘုံများ။ ဗြဟ္မာဘုံ ၂၀ တို့ကား ဈာန်ဘုံများ။ အရိယာလေးဘုံနှင့်နိဗ္ဗာန်ကား ဉာဏ်ဘုံများတည်း။ ထိုသို့ ဘုံသုံးဆင့် ဆင့်လျက်ရှိချေရာ ...

– ဆိုးကံများက အောက်ဘုံနှင့် အောက်ပုဂ္ဂိုလ်အဖြစ် ဖန်တီးမည်။

– ကောင်းကံများက အထက်ဘုံနှင့် အထက်ပုဂ္ဂိုလ်များကို ဖန်တီးမည်။

သည့်အတူ ဈာန်စိတ်၊ ဉာဏ်စိတ်များကလည်း မိမိတို့ရှိစွမ်းအင်သတ္တိလိုက်လျက်ကပင် အမြင့်၏အမြင့် ဖန်တီးပေးကြမည်။ ထိုဇယားကိုကြည့်၍ သင်သည် သင့်တစ်နေ့တာကာလစိတ်ကို ထိုဇယားထဲ သွင်းကြည့်လေ။ တစ်နှစ်တာကာလ၊ တစ်သက်တာကာလစိတ်ကိုလည်း ဇယားထဲ သွင်းကြည့်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နှောင်ဖြစ်ပေါ်လာမည့်ဘုံ ပုဂ္ဂိုလ်၏ဘဝဟူသော ရလဒ်အဖြေ သေသေချာချာပေါ်ထွက်လာစေမည်။

တစ်ဖန်လည်း… ထိုတစ်နေ့တာ စသည့်စိတ်များကို စိစစ်တွက်ချက်ကြည့်ကလည်း ငါသည်ကား အဘယ်ဘုံအဘယ်အရပ်က လာသောသူ၊ ဤမိမိ၏ လာရာလမ်းကိုလည်း တန်းခနဲသိစေနိုင်သည်။

တစ်ယောက်တည်းပြိုင်ရသော အားပြိုင်ပွဲသည် စိတ်တွင်းမှသာဖြစ်နေသဖြင့် ဘေးလူဝင်စစ်ပေး၍ မရစကောင်း။ ပင်ကိုဉာဉ်နှင့်လူ့အသိတို့ အားစမ်းကြသည့်ပွဲဖြစ်ခြင်းကြောင့် မိမိသည်ပင် သတိမရှိမသိစကောင်း။ သို့ဖြင့်ပင်…

– လူသားတိုင်း အထက်ပြောလျက် အောက်ဘက်ဆင်းသွားနေကြရပြီ။

– အမြတ်စကားများများပြောလျက် အရှုံးကြား ငုပ်ကွယ်သွားနေကြရပြီ။

ထိုအထဲ သင်ပါမပါ သင့်ဇယားသင် ပြန်ကြည့်လေ။

[၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ပဋိပတ်တောစခန်း]



www.burmeseclassic.com

www.burmeseclassic.com



# ဉာဏ်နှင့်ဉာဉ်

လူမှာ ဉာဏ်နှင့်ဉာဉ် နှစ်မျိုးပါဝင်နေတယ်။

သတိပညာပါသူသာ လူ့အသိဉာဏ်က အနိုင်ရတယ်။ အမှုမဲ့၊ အမှတ်မဲ့၊ အသိမဲ့သူမှာ ဉာဉ်စရိုက်ကသာ အနိုင်ယူသွားလေ့ရှိတယ်။ ဉာဉ်အကြိုက် လိုက်လုပ်ပေးနေသမျှ လူဖြစ်ရှုံးပြီ မှတ်ကြပေတော့။

ဉာဏ်နှင့်ဉာဉ် ဘယ်ဒင်းက အားသာနေမလဲဆိုတာ တစ်ဦးနှင့်တစ်ဦး အာရုံချင်းဖလှယ်ပြီး သုံးခွင့်ရချိန်မှာ စစ်ဆေးကြည့်ပါ။ တစ်ဦးနှင့်တစ်ဦး ဝတ္ထုချင်းအပေးအယူလုပ်တိုင်းလည်း စစ်ဆေးကြည့်ပါ။

ဉာဏ်ပညာလို့ခေါ်တဲ့ သတိနဲ့ မစစ်ဆေးနိုင်သရွေ့တော့ ဉာဉ်စရိုက်က အနိုင်တိုက်သွားပြီမို့ လူဖြစ်ရကျိုးမနပ်တော့ဘူးလို့ မှတ်ကြပေတော့။ ဉာဏ်ကိုဉာဉ်က ဖြတ်သွားပြီကိုး။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အရှုံးအနိုင်နှင့် ဘဝသင်္ချာ

လောကတွင်း ချဉ်းနင်းဝင်ရောက်လာသူတိုင်း . . .

- အားဟူသည်ရှိစမြဲ၊ ရုပ်ဓာတ် စိတ်ဓာတ်ကိုမှီ၍။
- ဝန်းကျင်ဟူသည်ရှိစမြဲ၊ အပေးအယူကိုမှီ၍။

ထိုအား ထိုဝန်းကျင်တို့၏ အကြားတွင်ကား အနိုင်အရှုံးများလည်း ပေါ်ပေါက်စမြဲချည်းသာ။

- လူလျှင်လူချင်း သို့မဟုတ် စိတ်ဓါတ်ခြင်း၊
- တစ်ဦးနှင့်တစ်ဦး သို့မဟုတ် သဘာဝတရားနှင့်မိမိ၊ အားချင်းမတူသော ဆက်ဆံခြင်းမှန်သမျှ အနိုင်အရှုံးသို့သာ။
- ဉာဉ်စရိုက်ချင်းမတူသော ဆက်ဆံခြင်းမှန်သမျှ အနိုင်အရှုံးသို့သာ။
- အားချင်းမတူလျှင် အားကြီးသူက စားစမြဲ။
- အားချင်းတူလျှင် ဉာဏ်သာသူက စားစမြဲ။

ဘဝတစ်ခု၏ လောကအကြား သင်တို့၏ အစီးအပွားများသည် တဏှာရမ္မက် ကာမဘက်၌လေလော။ ကာမဝဋ်ဖျက် ဓမ္မဘက်၌လေလော။ ကာမသည် နိမ့်ရာသို့ပို့ဆောင်သောကြောင့် အရှုံး။ အရှုံးကို အရှုံးမှန်းသိလျှင် မြတ်ဖို့သေချာပြီ။ ရှုံးနေပါသည်ကို အမြတ်ထင်နေပါမူ ထိုသူကား ဂဏန်းမတတ်သဖြင့် ဂဏန်းအညွှပ်ခံရပေလိမ့်မည်။ ဂဏန်းအကိုင် မပိုင်လျှင် ဂဏန်းကလူကို အနိုင်ယူသွားပေလိမ့်မည်။

[၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ပဋ္ဌပတ်တောစခန်း]



www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ဖြစ် စေတနာပီတိလှိုင်း

ပေးကမ်းကျွေးမွေးခြင်းဆိုတဲ့ ဒါနကုသိုလ်မျိုး ကိုယ်တိုင်မလုပ်နိုင်သေးရင်တောင်မှ သူများလုပ်တာကို လိုက်လှဲဝမ်းသာ သာဓုခေါ်နိုင်ရမယ်။ တစ်ဖက်က ကုသိုလ်ရှင်က သူ့ကောင်းမှုလေးကြည့်ပြီး ပီတိဝေဖြာနေချိန်မှာ ကိုယ်က သာဓုခေါ်လိုက်တာနဲ့ သူ့ပီတိမျှယူပြီးဖြစ်နေပါပြီ။

ခတ်ဆိုတာ သူ့သဘာဝကိုက ကူးတတ်တဲ့သဘောရှိတယ် တမင်ကူးယူလျှင်တော့ ဆိုဖွယ်ရာမရှိတော့ပါဘူး။ လမင်းကြီးဟာ သူ့လမ်းသူသွားရင်း လောကသားတို့အပေါ် အအေးဓာတ်ပေးနေရာမှာ လမင်းကြီးကိုယ်တိုင် လူတွေဆီ ဆင်းလာစရာမလိုပါဘူး။ လူကိုယ်တိုင်လည်း လပေါ်တက်ပြီး အအေးဓာတ်ပေးပါလို့ ပြောနေစရာမလိုပါဘူး။ လရောင်ရဲ့အရှိန်လှိုင်းနဲ့ လူရဲ့အကြည်ဓာတ် ဟပ်မိသွားရင် အေးတော့တာပါပဲ။

ဒီလိုပဲ ပီတိဓာတ်အားကောင်းနေတဲ့ ကုသိုလ်ရှင်ရဲ့ ဇစေတနာအာရုံလှိုင်းများဟာလည်း အရပ်ဆယ်မျက်နှာလုံး ပြန့်နှံ့စီးဝင်နေပါတယ်။ မိမိဘက်က



www.burmeseclassic.com

www.burmeseclassic.com



- အသဒ္ဒိယ … အယုံအကြည်မဲ့စိတ်ဖြင့် ခုခံထားခြင်း
- ပဒုဋ္ဌ … စော်ကားပုတ်ခတ်မှုဖြင့် ခုခံထားခြင်း
- မိစ္ဆာဒိဋ္ဌိ … မိုက်မှားသောအမြင်ဖြင့် ကာဆီးထားခြင်း

တို့ကြောင့်သာ ကုသိုလ်ဖြစ်စေတနာပီတိလှိုင်းတွေ အရှည်ပြည့် မဝင်နိုင်ခြင်းဖြစ်ပါတယ်။ သူ့စေတနာအပေါ် သာဓုခေါ်တတ်သူများအဖို့ ဆိုဖွယ်ရာမရှိပြီ။

[၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ပဋိပတ်တောစခန်း၊ ပီတိကထာ]



www.burmeseclassic.com

www.burmeseclassic.com



## အကောင်းဆုံး အချမ်းသာဆုံး

ဘုရားလက်ထပ်တော်က သံဃာတော်တွေ ဘုရားကြွမလာမီ အလွှာပသလ္လာပကထာ ပြောဆိုနေကြရာ

- တစ်ပါးက လောကမှာ ဘုရင်ဖြစ်ရတာအကောင်းဆုံး
- နောက်တစ်ပါးက လောကမှာ သူဌေးသည် အချမ်းသာဆုံး

စသည် တစ်ပါးပြီးတစ်ပါး သူ့အမြင်ကိုယ့်အမြင် အခြေအတင် ပြောဆိုနေကြစဉ်မှာပဲ ဘုရားရှင်ကြွတော်မူလာပါတယ်။ ရဟန်းတို့ကိုလည်း 'သင်တို့သည် ယခုအခါ အဘယ်စကားများဖြင့် စည်းဝေးနေကြကုန်သနည်း' လို့ မေးတော်မူပါတယ်။ ရဟန်းများက 'အကောင်းဆုံးအချမ်းသာဆုံး' အကြောင်းအရာကို ငြင်းခုန်နေကြကြောင်း လျှောက်ထားရာ ဘုရားရှင်တော်က

- လောကမှာ ဘုရားအဖြစ် ဖြစ်ပွင့်ရခြင်းသည်အကောင်းဆုံး အချမ်းသာဆုံး။
- သူတော်ကောင်းစကားပြောဆိုနေရခြင်းသည် အကောင်းဆုံး အချမ်းသာဆုံး။
- သံဃာအချင်းချင်းညီညွတ်နေခြင်းသည် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အချမ်းသားဆုံး။

ညဉ့်တူစရိုက်တူချင်း ပေါင်းရခြင်းသည် အကောင်းဆုံး၊ အချမ်းသာဆုံးလို့ အဖြေပေး ဆုံးမတော်မူခဲ့ပါတယ်။ မိမိတို့ရဲ့ လက်တွေ့ဘဝများနဲ့ တိုက်ဆိုင်ပြီး ကိုက်ညီအောင် လိုက်နာကျင့်သုံး ဖို့ပါပဲ။

[ ၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# လူဖြစ်လာရခြင်း၏ အဓိကရည်ရွယ်ချက်

တိရစ္ဆာန်ဘဝပေါင်းများစွာ ကျင်လည်ခဲ့ပြီးပါမှ လူ့ဘဝရောက်လာရတတ်ပါတယ်။ ဒါကြောင့် တိရစ္ဆာန်ဘဝပေါင်းများစွာက ပါလာတဲ့ တိရစ္ဆာန်စိတ်(ဝါ) စိတ်ရိုင်းတွေ လူမှာ ပါလာတတ်ပါတယ်။ တိရစ္ဆာန်စိတ်ဆိုတာ . . .

- အကြိုက်နောက် စိုက်လိုက်မတ်တပ်လိုက်နေတဲ့ လောဘစိတ်
- မကြိုက်တိုင်း ပစ်မှားစော်ကားနေတဲ့ ဒေါသစိတ်
- အကောင်းအဆိုး အကျိုးအပြစ်မခွဲခြားနိုင်တဲ့ အမှားသိမောဟစိတ်တို့ကို ဆိုလိုပါတယ်။ အဲဒီအောက်တန်းစား စိတ်သုံးမျိုးကို . . .
- အကြိုက်မှ သဒ္ဓါသို့၊ ပြစ်မှားမှုမှပညာသို့၊ အမှားသိမှ အမှန်တွေးသို့ ပြောင်းလဲပေးတတ်ဖို့သာလျှင် လူဖြစ်လာရခြင်းရဲ့ အဓိကရည်ရွယ်ချက်လို့ မှတ်သားအပ်ပါတယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အယုတ်မှအမြတ်သို့

စိတ်ဆိုတာမကောင်းမှုမှာပဲ မွေ့လျော်တတ်တဲ့သဘောရှိပါတယ်။ ဒါကြောင့် ယုတ်နိမ့်ရာအရပ် ဒုစရိုက်နယ်ပယ်ဟာ ကြံသိစိတ်ရဲ့ ကျက်စားရာစားကျက် ဖြစ်လာပါတယ်။ ဒါပေမဲ့ ဝက်ဆိုတာ မစင်အညစ်အကြေးကိုသာ ခုံမင်လေ့ရှိပေမယ့် ဆန်ကွဲထမင်းကျို ကျွေးတော့လည်း စားသေးတာပဲမဟုတ်လား။ ကျွဲဟာ နွံမှာပျော်လေ့ရှိပေမယ့် ရေထဲချမောင်းတော့လည်း ကူးသေးတာပဲ မဟုတ်လား။

ဒီလိုပဲ၊ စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်နေပေမယ့် ပြုပြင်ပေးရင် ကောင်းလာနိုင်ပါတယ်။ အယုတ်မှအမြတ်သို့ တွန်းတင်ပေးနိုင်ပါတယ်။ အမြတ်မှအပြတ်သို့ (ဘဝချုပ်ပြတ်ရာ နိဗ္ဗာန်သို့) ရောက်နိုင်ပါသေးတယ်။ 'ပါသေးတယ်.. ပါသေးတယ်'လို့ ပြောရတာက မှောက်ထားတဲ့လက်ဝါး လှန်ရသလောက်တော့ မလွယ်လို့ပါပဲ။ စိတ်ဆိုတာက ခွေးမြီးကောက် ကျည်တောက်စွပ်တာထက် တောင်ခက်ပါသေးတယ်။

လျှော့တိလျှော့ရဲအားထုတ်ပုံမျိုး၊ စမ်းကြည့်ရုံမျိုးနဲ့တော့ အယုတ်မှအမြတ်သို့ မတက်သာဘူး။

အမြတ်မှအပြတ်သို့ကား ဝေလာမဝေး၊ မြဲမြံသောစိတ် မြဲမြံသောသတိဖြင့်သာ မြင့်ရာမြတ်ရာမှသည် နိဗ္ဗာန်ဆီအထိ ဆိုက်ရောက်နိုင်ပါတယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရဂျာနယ်]



www.burmeseclassic.com

www.burmeseclassic.com



## ဘာမျှမကျန်ရစ်

အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့၊အတွေးအာရုံတို့ရဲ့ သဘောဟာ ပထဝီလို့ခေါ်တဲ့ အမာခံဓာတ်ပေါ်မှာ တည်မှီနေကြရပါတယ်။ အမာခံဓာတ်သဘာဝ ပျက်စီးသွားတာနဲ့ ကြိုက်သဘော မကြိုက်သဘောတွေ အဆင်းဓာတ်အသံဓာတ်တွေဟာ အလွန်လျင်မြန်စွာ ကွယ်ပျောက်သွားရတာချည်း။ ကားစီးသွားတဲ့ ခရီးသည်လိုပဲ။ ကားသွားရင်သွား၊ ကားနားရင်နား၊ ကားမှောက်လျှင်မှောက်၊ ကားပျောက်လျှင်ပျောက် . . .။

ဆိုပါစို့။ ဝက်သားရဲ့အီတဲ့သဘော၊ အဲဒီ အအီဓာတ်ကို ကြိုက်တဲ့ စားသူရဲ့သဘော၊ ဒီသဘောနှစ်ခုလုံးဟာ ဝက်သားပျက်စီးတာနဲ့ ပျောက်ကွယ်သွားရော၊ ဘာမှမကျန်ရစ်ဘူး။

ငရုပ်ရဲ့စပ်တဲ့သဘော၊ အစပ်ကိုမကြိုက်တဲ့သဘော၊ ဒီသဘော နှစ်ခုလုံး ငရုပ်ပျက်စီးရာနောက် ပါသွားရတာချည်း။ သဘောဆိုတာ ဘာမှမကျန်ရစ်ဘူးလို့ပြောနိုင်တယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ရာဂမီး

ပင်ကိုစိတ်ကလေးရဲ့ အေးချမ်းဖြူစင်မှုကို ပူလောင်ညစ်နွမ်းစေရာမှာ ရာဂဆိုတဲ့စိတ်တစ်မျိုးဟာ အင်မတန်ဆိုးဝါးပြင်းထန်လှတယ်။ အမြင်အကြားမွှေးရနံ့စတဲ့ အာရုံတွေကနေ အတွေ့အထိမှာ ငြိပြီဆိုရင် အဲဒီအာရုံက မရုန်းသာတော့ဘူး။

အဲဒီမှာ 'ရာဂစိတ်'ကြောင့် နှလုံးသွေးနီရဲလာတယ်။ နှလုံးသွေးနဲ့ဆက်နေတဲ့ မျက်နှာကိုယ်လက်တွေ နီရဲလာတယ်။ စိတ်ရဲ့ အရိပ်ထင်ရာ မျက်နှာပြင်ကြီးလည်း နီရဲလာတယ်။ ရာဂစိတ်ရဲ့ ထိုးဆွမွှေနှောက်မှုကြောင့် ဘဝင်လေဟာ လှုပ်ရှားတွန်းကန်ပြီး နှလုံးအိမ်ကို လာဆောင့်တယ်။ ဘဝင်လေနဲ့ပူးတွဲတာဝန်ယူရတဲ့ ဇီရဏတေဇောလို့ခေါ်တဲ့ အိုမင်းရင့်ရော်စေတဲ့ အပူခိုးသတ္တိဟာလည်း လီဘာတအားအနင်းခံရတဲ့ မော်တော်ကား တအားညှစ်အော်သကဲ့သို့ သွက်သွက်ခါလှုပ်ရှား တွန်းကန်ပြီး နှလုံးအိမ်ကိုလာဆောင့်တယ်။ နှလုံးအိမ်ဟာ ဒိန်းဒိန်းသံချင်းထပ်ပြီး ဆူညံလာတော့တယ်။ ရင်ခုန်သံ မြန်လာတယ်ဆိုကြတာပဲ။

အဲဒီမှာ မျက်လုံးအစုံကလည်း မျက်ရည်များလည်လျက်က



www.burmeseclassic.com

www.burmeseclassic.com



မီးထွက်မတတ် တောက်ပလာတော့တယ်။ တစ်ကိုယ်လုံး နတ်ဝင်သည်လို တဆတ်ဆတ်တုန်နေတယ်။ အသည်းပြင်က တလှပ်လှပ်ခုန်နေတယ်။

ရာဂစိတ်ဆိုတာ အတွေးနဲ့ပုံဖော် စိတ်ကူးနဲ့ရှုးကြည့်ရုံနဲ့တင် တစ်ကိုယ်လုံးပျက်စီးစေတယ်၊ ရာဂစိတ် ပူလောင်ပုံဟာ တကယ့်မီးထက်တောင် လောင်ကျွမ်းစေတတ်တယ်။

[၁၃၅၅ ခုနှစ်၊ လက်လုပ်တောင်၊ ပျဉ်းမနား]



www.burmeseclassic.com

www.burmeseclassic.com



# ဘဝရာဂ သံယောဇဉ်

လူဆိုတာ လက်ရှိခံစားနေရတဲ့ဖြစ်စဉ်မှာ 'တပ်မက်မှု' ယှဉ်တွဲနေတတ်တယ်၊ မိမိပိုင်ဆိုင်ထားတဲ့ ဘဝစည်းစိမ်မှာ တပ်မက်နေတာ ဘဝရာဂသံယောဇဉ်ပါပဲ။ ဆိုပါစို့၊ မိန်းမကလည်း မိန်းမဘဝနဲ့ ကာမဂုဏ် အာရုံတောမှာ ကျေနပ်နေတယ်။ ယောကျ်ားဘဝရဖို့ ရောက်ဖို့ စိတ်ဝင်စားလေ့မရှိဘူး။ ယောကျ်ားကလည်း သူ့ဘဝသူ ဟုတ်လှပြီထင်နေတယ်။ ယောကျ်ားဘဝနဲ့ ကာမစည်းစိမ်ခံစားရတာ ကျေနပ်နေတယ်။ လူယောကျ်ားဘဝထက် ပိုကောင်းတဲ့ နတ်ဘဝဗြဟ္မာဘဝတွေကို ရှိတယ်လို့တောင် မထင်ဘူး။

လူ့ဘဝမှာတောင် နိမ့်ပါးဆင်းရဲ မွဲတေနေသူများပင်ဖြစ်စေ ကိုယ့်ဘဝနဲ့ကိုယ် ပျော်အောင်နေကြတယ်။ ဒီလိုပျော်ပျော်နေနိုင်အောင် တဏှာကချော့ထားတယ်။ ရာဂသံယောဇဉ်က ရစ်ပတ်ထားတယ်။ ကိုယ့်နေရာနဲ့ကိုယ့်ဘဝ အပျော်ရှာကြံပုံများကို ပြောပါတယ်။ လူမဆိုထားပါနဲ့၊ ဗြဟ္မာတွေတောင်မှ ရုပ်ရှိတဲ့ဗြဟ္မာက ရုပ်မရှိတဲ့ အရူပဗြဟ္မာဘဝမျိုးကို မလိုချင်ဘူး။

ဘဝကိုခင်တွယ်သူမှန်သမျှ ဘဝပျက်သုဉ်း အအေးခတ်လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



သာရှိတဲ့ 'နိဗ္ဗာန်' ကို လိုချင်မယ်မထင်ဘူး။ နိဗ္ဗာန်ဆိုတာ တစ်ဘဝနဲ့ တစ်ဘဝ ဆက်စပ်ပေးတဲ့ တဏှာအစေး မရှိတော့ဘူးလေ။ တဏှာက လိုချင်တောင့်တ၊ နိဗ္ဗာန်ကလိုချင်တောင့်တရဲ့ ပြောင်းပြန်။ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ဘာမှမလိုချင်တော့တဲ့ ရောက်ရ ရရာသော အပ္ပဏိဟိတ တရား . . .။

ဘဝရာဂသံယောဇဉ် အားကြီးနေသမျှ နိဗ္ဗာန်နဲ့ဝေးနေကြဦးမယ်။

[၁၃၅၅ ခုနှစ်၊ လက်လုပ်တောင်၊ ပျဉ်းမနား]



www.burmeseclassic.com

www.burmeseclassic.com



## လူဆိုး လူကောင်းဆိုသည်မှာ

- သူယုတ်မာ သူ့အလိုကျ
အမှုကိုမှအကွက်ဆင်
မရလျှင် မရချင်း
မျက်မာန်ကင်း ညှဉ်းဖို့ရာပြင်။
သူကောင်းတို့အကြံတွင်
သမ္မာဇဉ် တစ်ဖက်သို့ငဲ့။
သူ့ကျင့်ဝတ် ခွင့်လွှတ်သာတကြည်နဲ့
မာပါစီ... မေတ္တာဖွဲ့
သစ္စာသို့လှည့်။

[ဂန့်ဂေါ၊ ပုံတောင်ပုံညာ]



www.burmeseclassic.com

www.burmeseclassic.com



# သဲနှင့်ဖွဲ

ဘဝအောင်မြင်ရေး သြဝါဒပေးပါဦးဆိုတော့…

အချိန်ရဲ့ တန်ဖိုးကိုသိပြီး အချိန်ကို မိမိရရအသုံးချပါလို့ဘဲ ပြောချင်ပါတယ်။ အချိန်နဲ့အမျှ စီးဆင်းနေပါစေ။ အချိန်နဲ့အတူ အချိန်မီ လိုက်ပါသွားရင် လိုရာပန်းတိုင်ရောက်နိုင်ပါတယ်။ မြစ်ရေစီးနဲ့အတူ ခရီးနှင်နေတဲ့ သဲနှင့်ဖွဲကိုပဲ ကြည့်ကြပါစို့။ လေးလံတဲ့ သဲတွေက မြစ်ရေအောက်ကနေ ဖြည်းဖြည်းနှေးနှေး လေးလေးလံလံ တရွေ့ရွေ့သွားနေကြတယ်။ ပေါ့ပါးတဲ့ဖွဲတွေက မြစ်ရေပေါ်မှာ မြန်မြန်သွက်သွက် လိုက်ပါသွားကြတယ်။

ဒီလိုပဲ၊ ပျင်းရိလေးကန်နေသူတွေ ခေတ်ရေစီးမှာ အောက်က သွားရလိမ့်မယ်။ ပေါ့ပါးဖျတ်လတ် အချိန်ကို အသုံးချတတ်သူသာ အပေါ်က သွားရလိမ့်မယ်။ ဒါကြောင့် လောကီမှာ သဲလိုမလေးနဲ့။ လေးလံနေရင် နောက်ကျကျန်နေခဲ့မယ်။ ဖွဲလို ပေါ့ပါးသွက်လက် ရှေ့ကိုတက်။

ပျင်းရိလေးလံခြင်းဟာ ကိုယ်စိတ်နှစ်မျိုး တိုးတက်အောင် မလုပ်နိုင်ဘူး။ ပေါ့ပါးသွက်လက်ခြင်းကသာ မိမိဘဝကို နေသားတကျ အသုံးချခြင်းလို့ ဆိုနိုင်တယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ပါလက်ပါ

ကိုယ်လက်ဆိုတာ စိတ်ခိုင်းတာလုပ်နေရတာ၊ စိတ်မပါဘဲ ကိုယ်လက်ခန္ဓာဘာမှ မလုပ်သာဘူး။

ကိုယ်လက်ခန္ဓာအစိပ်အပိုင်းတွေကို ကားတစ်စီးလိုပဲ နှိုင်းကြည့်ကြပါစို့။ မျက်စိက ကားမီးပမာ ရှေ့လမ်းပြ၊ နားနှစ်ဖက်က သွားလမ်းသိ ကြည့်မှန်ပမာ၊ နှာခေါင်းက မီးခိုးမှုတ်စရာ အိတ်ဇောပိုက်ပမာ၊ ပါးစပ်က ကားဟွန်းလိုအချက်ပေး၊ ခြေက ဘီးလိုသွားပေးရ၊ အတွင်းကလီစာတွေက ကားထဲက စက်အင်ဂျင်အစိတ်အပိုင်းတွေလိုပေါ့၊ အစာအိမ်က ဆီတိုင်ကီ၊ စိတ်ကတော့ဒရိုင်ဘာ (ဝါ) ကားပိုင်ရှင်ပဲပေါ့။ လက်ကတော့ ကားစပါယ်ယာ။

စိတ်လိုလက်ရဆိုတဲ့စကား စိတ်နဲ့ကိုယ်လက်အသွားညီပုံကို ဖော်ပြနေတာ။ လက်ဆိုတာ ကိုယ်ရဲ့ကိုယ်စားလှယ်။ လက်တို့ပြီးပြော၊ လက်နဲ့ပုတ် ပုတ်ပြီးပြောတတ်သူဟာ (ယေဘုယျအားဖြင့်) ရာဂစိတ် အားကြီးကြောင်းပြနေတာ။ လက်သီးကို ကျစ်ကျစ်ဆုပ်ပြီး ပြောတတ်သူဟာ ဒေါသကြီးကြောင်းပြနေတာ။ လက်မှိုင်ချနေသူကတော့ မောဟကြီးကြောင်းပြနေတာ၊ လက်ကစိတ်အခြေအနေကို ဖော်ညွှန်းနေတတ်တယ်။ စိတ်ပါမှလက်ပါတာ။

ဒါကြောင့် ကိုယ်လက်အမူအရာကိုကြည့်ပြီး ဒီလူမှာ ဘယ်လို စိတ်ရှိတယ်ဆိုတာ ပညာရှိတွေ သိနေတယ်။ ကိုယ့်ကိုယ်ကို မသိတာ ပညာမရှိလို့။ မိမိကိုယ်လက်လှုပ်ရှားပုံတွေကြည့်ပြီး မိမိစိတ်မိမိ သိအောင်လုပ်ကြပါ။

[၁၉၉၉ ခုနှစ်၊ ပုလဲမြို့နယ် ဝါးသုံးရုံသစ်တောစခန်း ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# မှန်ခံထားတယ်

စိတ်ဆိုတာအကောင်းကြိုက်၊ ကောင်းမယ်ထင်တာကို များများ ကြီးလိုချင်တတ်တယ်။

လောဘနဲ့ပေါင်းနေတဲ့ ဒီစိတ်ကို သီလဆိုတဲ့ စောင့်စည်းမှု အကျင့်ဂုဏ်နဲ့ သန့်စင်ပေးရတာ။ စိတ်က ကောင်းမယ်ထင်တာ များ များရမယ့်ဟာကို မျက်နှာလိုက်ပေမယ့် သီလကတော့ မျက်နှာ မလိုက်ဘူး။ သီလဆိုတာ အယုတ်အလတ်အမြတ်မရွေး လူမျိုးဘာသာ မရွေး သိသိ မသိသိ၊ လှူလှူ မလှူလှူပေးနေမှာပဲ။ သဒ္ဓါရှိသူကို ပေးနေမှာပဲ။

တောင်းသူတွေဘက်ကလည်း ဘယ်တော့မှာ အတောင်းမရပ်ပါ ဘူး။ တစ်ခုရတော့ နောက်တစ်ခု အဆုံးမသတ်တော့ဘူး။ ပြည့်စုံပါ ပြီ တော်ပါပြီမရှိတော့ဘူး။ ဒီလိုတော့ မရနိုင်ဘူး။

ပေးသူနဲ့ ယူသူကြားမှာ မှန်ခံထားတယ်။ သဒ္ဓါလည်းမှန်မှ အကျင့်လည်းမှန်မှ ရတာ။ အာရုံပြုတတ်အောင် လမ်းကြောင်းပေး တာပါဗျာ။

[၁၉၉၉ ခုနှစ်၊ ဝါးသုံးရုံသစ်တောစခန်း]

သုဝဏ္ဏသျှမ်တာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းသခ်မ်းနှင့် သူခိုးဓားပြ

သူတော်ကောင်းတို့နေထိုင်ရာ ကျောင်းသင်္ခမ်းမှာ သူခိုးဓားပြတွေကို လက်ခံထားပြီး အဲဒီသူခိုးဓားပြတွေနဲ့ ရင်းနှီးကျွမ်းဝင် သံယောဇဉ်ငြိနေမယ်ဆိုရင် ကောင်းနိုင်ပါဦးမလား။

ဒီလိုပဲ၊ စိတ်ရဲ့ပင်ကိုသဘာဝဟာ သူတော်ကောင်းတို့ ပျော်မွေ့ရာ ကျောင်းသင်္ခမ်းကလေးလိုပဲ အပြစ်ကင်းပြီးဖြူစင်ပါတယ်။ ဒါပေမဲ့ သူခိုးဓားပြနဲ့တူတဲ့ ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာနတွေကို လက်ခံထားပြီး တရင်းတနှီးဆက်ဆံနေမိတဲ့အတွက် ပင်ကိုစိတ်ဟာ ဖြူရာကမည်းညစ်သွားရတာ။ ကျောင်းသင်္ခမ်းကို သူခိုးဓါးပြတွေက အပိုင်စီးသလို ပင်ကိုစိတ်ကို ရာဂ, ဒေါသတွေက အပိုင်စီးသွားတာ။

ဒီတော့ ကိုယ့်စိတ်ကိုယ် ကျောင်းသင်္ခမ်းကလေးကို ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် သူခိုးဓားပြနဲ့တူတဲ့ ရာဂ၊ ဒေါသ၊ တဏှာ၊ မာန၊ မောဟတွေကို မောင်းထုတ်ပစ်ကြစမ်းပါ။

[၁၉၉၉ ခုနှစ်၊ ဝါးသုံးရုံသစ်တောစခန်း ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ကာယိန္ဒြေပျက်စီးခြင်း

ရာဂစိတ်မွှန်နေရင် ကာယိန္ဒြေပျက်တယ်။

အာရုံနဲ့ အာရုံရှင်ကို တပ်မက်မှုနဲ့ ပြစ်မှားနေတဲ့ ရာဂစိတ် ထိပ်တက်လာပြီဆိုရင် ဘယ်သူဆုံးမလို့မှ မရတော့ဘူး။ နွားသိုးကြိုး ပြတ်ဆိုတာလို ထကြွသောင်းကျန်းပြီး ကာယိန္ဒြေပျက်တယ်။

ဒေါသစိတ်မွှန်နေရင်လည်း ကာယိန္ဒြေပျက်တယ်။

ရတာမလို လိုတာမရ ကိုယ့်အကြိုက် အနှိုက်ခံရတဲ့အခါ ဒေါသ ဆိုတဲ့ မကျေချမ်းစိတ်တွေဖြစ်ပေါ်လာတယ်။ အဲဒီမှာ ဘဝင်လေ လှုပ်ရှားတွန်းကန်၊ နှလုံးတုန်ရင်ခုန်ဖြစ်ပြီး နှလုံးသွေးများလည်း မည်း ညစ်သွားတော့တယ်။ မျက်နှာအသွင်အပြင်လည်း နီရဲ မည်းညစ်လာ ပြီး မျက်ရည်တွေလည်လာလို့ မီးပွင့်မတတ် ကာယိန္ဒြေကို ပျက်စီး စေတယ်။ ငှက်ဖျားရောဂါသည်လို တစ်ကိုယ်လုံး တုန်လာတော့ တယ်။

ဒေါသစိတ် ထိပ်တက်လာပြီဆိုရင်လည်း ကာယိန္ဒြေပျက်တော့ တာပဲ။

မောဟစိတ်ဝင်လာရင်လည်း ကာယိန္ဒြေပျက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်စိတ်ညှဉ်းဆဲတာခံရ၊ မကြိုက်စိတ်ညှဉ်းဆဲတာခံရနဲ့ နှလုံးသွေးလည်ပတ်မှု နှေးကွေးလာချိန်မှာ ဘုန်းဘုန်းကျနေတဲ့ မောဟစိတ်ဝင်လာရော။ အဲဒီမှာ တွေဝေထုံထိုင်းလာပြီး နှလုံးသွေးလည်း ပျစ်ချွဲချွဲဖြစ်လာတယ်။ မျက်နှာအသွင်အပြင်က မှုန်တေတေ ဖြစ်လာတယ်။ ကောင်းအာရုံ ဆိုးအာရုံတွေမှာ ဇဝေဇဝါ အတွေးနဲ့ ငေးကြည်နေတတ်တယ်။ လက်ထဲကမုန့် စားရမှာလိုလို လွှင့်ပစ်ရမှာလိုလိုဖြစ်နေတဲ့ ကလေးတစ်ယောက်လိုပဲ။ အဲဒီအချိန်မှာ လိပ်ကိုကြွမ်းပိုးပြောလည်း ယုံ၊ ကြွမ်းပိုးကိုလိပ်လို့ပြောလည်း ယုံ။ အပြောအပြသာတဲ့ဘက် စိတ်ပါသွားရော။ မောဟစိတ် ထိပ်တက်နေရင် လူဟာ ထုံအအ ပွတတကြီးဖြစ်သွားပြီး ကာယိန္ဒြေပျက်တော့တာပဲ။

ရာဂ, ဒေါသ, မောဟ ဒီစိတ်သုံးမျိုးဟာ ကာယိန္ဒြေပျက်စေရုံမျှမက အပါယ်ဘုံသို့လည်း ကျစေတတ်ပါတယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# လူနှင့်တိရစ္ဆာန်

လူနှင့်တိရစ္ဆာန် တစ်မိုးတစ်မြေ တစ်ကမ္ဘာတည်းမှာ အတူနေ နေကြရပေမယ့် ဘဝတန်ဖိုးချင်းကတော့ မိုးနဲ့မြေလောက် ခြား နားတယ်။

- လူက အကျိုးအပြစ် ခွဲခြားသိတယ်။ တိရစ္ဆာန်က ကြိုက် မကြိုက်ပဲသိတယ်။
- လူက ကိုယ့်ဖို့သူ့ဖို့ဆိုတဲ့ မျှတဲ့အကျင့်ရှိတယ်။ တိရစ္ဆာန်က ကိုယ်ဖို့သာအရယူတယ်။
- လူမှာ သဒ္ဓါဆိုတဲ့ယုံကြည်ချက်ရှိတဲ့အတွက် ပန်းတိုင်လည်း ရှိတယ်။ တိရစ္ဆာန်တွေမှာ ယုံကြည်ချက်မရှိတဲ့အတွက် ပန်း တိုင်လည်း မရှိဘူး။
- လူမှာ စောင့်စည်းခြင်းသီလနဲ့ ဗဟုသုတအကြားအမြင် ရှိ တဲ့အတွက် အသိအလိမ္မာ ယဉ်ကျေးမှုနဲ့ ပြည့်စုံတယ်။ တိရစ္ဆာန်မှာ သီလမရှိတဲ့အတွက် ဒုစရိုက်တွေချည်း လုပ်နေ တယ်။ အကြားအမြင် ဗဟုသုတ မရှိတဲ့အတွက် ကိုယ်သန့်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်နေကြတယ်။

- လူဟာ တစ်ကိုယ်ကောင်းအကျင့်ကိုစွန့်ပြီး 'စာဂ' ဆိုတဲ့ မျှဝေပေးကမ်းခြင်း ရှိတယ်။ တိရစ္ဆာန်မှာတော့ ကိုယ်ကျိုးအဓိကဖြစ်တဲ့အတွက် အမြဲတစ်ကိုယ်ကောင်းဆန်နေတယ်။
- လူမှာ သတိအသိရှိတဲ့အတွက် ဆင်ခြင်တုံတရားရှိတယ်။ တိရစ္ဆာန်မှာ ထိုးထွင်းသိမရှိတဲ့အတွက် အစွဲသိခိုင်းရာ လိုက်ပါနေကြရှာတယ်။
- လူမှာ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်ရှိတယ်။ တိရစ္ဆာန်မှာ အရှက်အကြောက်မရှိတဲ့အတွက် မကောင်းမှုတွေကို ဖြောင်ပြုကျင့်နေကြတယ်။

ဒီတော့ လူလိုကျင့်မှ လူပီသတယ်၊ လူစင်စစ်က တိရစ္ဆာန်လိုကျင့်နေရင်တော့ 'လူ့တိရစ္ဆာန်' သာ ဖြစ်တော့တယ်။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင်ကြီးဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## သတိနဲ့ခံစား

လူဆိုတာ အာရုံခံစားတတ်တဲ့ သတ္တဝါ။ အာရုံမှာ ညှို့ဓာတ် ဆွဲဓာတ်ပါနေတော့ အာရုံနောက်လိုက်ပြီး ခံစားနေတတ်တယ်။ အာရုံက ဆွဲလိမ်၊ ကိုယ့်ခံစားမှုကချွဲလိမ်၊ ဝေဒနာအချဲ့ သညာအလှည့်မှာ အသိမှား အမြင်မှားတွေဖြစ်ကုန်ရော။ အာရုံခံစားတဲ့နေရာမှာ ၊ သတိကလေး ကြားခံမထားသရွေ့ ဒီလိုမှားနေကြမှာပဲ။

ဖိုခွင်ပေါ်ကအိုးကို လက်နှီးစုတ်ကလေးနဲ့ကိုင်မှ အပူသက်သာမှာ။ အာရုံကိုသတိနဲ့ခံစားမှ ကိလေသာအပူလွတ်မှာ။ အာရုံအပေါ်မှာလည်းသတိတင်၊ အာရုံရှင်အပေါ်မှာလည်း သတိထား၊ အာရုံဝင်ရာနားမျက်စိစတဲ့ တံခါးပေါက်တွေမှာလည်း သတိကလေး အစောင့်ချထားရင်... အာရုံမှာထောက်ပြီး အာရုံရှင်အကြောင်း သိရမယ်။ မိမိတံခါးအလှုပ်ကိုကြည့်ပြီးတော့ မိမိခန္ဓာအကြောင်းလည်း သိရမယ်။

သတိနဲ့အသိက အရှိကိုကြည့် အရှိကိုသာ သိသိပေးနေရာ တဏှာဝင်ခွင့် မတတ်သာတော့ဘူး။

[၁၉၉၇ ခုနှစ်၊ နှတ်တလူတောာရ ဟောခဲ့ပြီ]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ခြင်းပျော်ကြက်များ

လူတွေအာရုံခံစားနေပုံက မှေ့မှေ့မောမော၊ မှေ့မှေ့မျောမျောကြီး မသိမှုထဲ တဝဲလည်လည်နဲ့ အတွေ့ပေါ်အမှေ့ကောက် ပြီးပြီးပျောက် ပျောက်လုပ်နေကြတယ်။ ဘာနဲ့တူလဲဆိုတော့ ကြက်သည်မ ရဲ့ကြက် ခြင်းထဲက ကြက်တွေလိုပဲ မသိရာမှာအမှေ့ဆင့်ပြီး အတင့်ရဲနေကြ တယ်။

ကြက်သည်မကြီး နံနက်လင်းတာနဲ့ ရေနွေးအိုးကြီးမီးထိုးနေတာ ကြက်တွေမြင်သားပဲ။ ဒါပေမဲ့ ကြောက်ရလန့်ရမှန်းမသိဘူး။ ကြက် ခြင်းထဲမှာ ဆူညံနေတာပဲ။ ဟော ... ကြက်သည်မကြီးက စဉ်းတီတုံး ကြီးပေါ် ဓားကြီးတင်လိုက်ပြီဗျာ။ ဒီဓားက သူတို့ကိုသတ်မယ့်ဓား ဆိုတာ ကြက်တွေမသိတော့ ဓားကြီးမြင်လည်း ကြောက်ရလန့်ရမှန်း မသိ။ ခြင်းထဲမှာပျော်နေကြတုန်းပဲဗျာ၊ ကြက်သည်မကြီးက အလေး ချိန်ခွင်တွေပြင်ဆင်နေတာ မြင်ပေမယ့်လည်း ကြောက်ရလန့်ရမှန်း မသိပြန်ဘူး။

မသိတဲ့အလျောက် ခြင်းပျော်ကြက်တွေဟာ အစာကောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြက်က ကောက်၊ မိတ်လိုက်တဲ့ကြက် မိတ်လိုက်၊ ခွပ်တဲ့ကောင်က ခွပ်၊ တွန်တဲ့ကောင်က တွန်နဲ့ အော်သံပျော်သံတညံညံနဲ့။ မကြာပါဘူး၊ ကြက်သည်မကြီးက ခြင်းပေါက်ဝလက်လျှိုပြီး တစ်ကောင်ပြီး တစ်ကောင် ဆွဲထုတ်ကာ သတ်လေတော့မှ တစာစာအော်မြည်ပြီး သေပွဲဝင်ကြရှာတယ်။

ခြင်းပျော်ကြက်တွေလို မသိမောဟ မသိအဝိဇ္ဇာနဲ့ အသေမခံကြပါနဲ့။ သေမင်းလက်က လွတ်အောင်ရုန်းနိုင်တဲ့စွမ်းအား တရားကျင့်နိုင်တဲ့စွမ်းအား လူသားမှာရှိပါတယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရဟောစဉ်]



www.burmeseclassic.com

www.burmeseclassic.com



## မသိအဝိဇ္ဇာ ကြောက်စရာ

လောကမှာ မကောင်းမှုတွေကို ကြောက်စရာမလိုပါဘူး။ မကောင်းမှန်းမသိတာ (အဝိဇ္ဇာ) ကသာ ကြောက်စရာကောင်းတာ။ မကောင်းမှုက သူ့ဟာသူနေတာ၊ ကိုယ်ကသွားစမှ ကိုယ့်ပြန်ချတာ။ မကောင်းမှုတွေဆီ ဘာလို့သွားနေကြသလဲ။ မကောင်းမှုမှန်းမသိလို့သွားနေကြတယ်၊ မကောင်းမှုကို ကောင်းမှုထင်ပြီး သွားနေကြတယ်။

- မကောင်းမှု ကျူးလွန်နေကြတာ မသိလို့။
- နောင်လည်း မကောင်းမှုတွေကျူးလွန်အောင် အဲဒီမသိမှုကပဲ ဦးဆောင်သွေးဆောင်လိမ့်ဦးမယ်။
- ယခင် ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေကိုလည်း မသိမှုကပဲ လမ်းစဖော်ပေးခဲ့တာ။
- ဒါကြောင့် မသိအဝိဇ္ဇာကြောက်စရာ။

[၁၉၉၉ ခုနှစ်၊ ဝါးသုံးရုံ သစ်တော စခန်းသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အထင်ကြီးခြင်း အထင်သေးခြင်း

အထင်ဆိုတာ မသေချာ၊ ခန့်မှန်းမျှသာ။

စိတ်ကဖန်ဆင်းလိုက်တဲ့ အထင်ဆိုတာ တကယ့်အရှိ၊ တကယ်ဖြစ်စဉ်တွေနဲ့ယှဉ်လိုက်တဲ့အခါ 'အထင်ကြီးခြင်း၊ အထင်သေးခြင်း' ဆိုတာတွေ ဖြစ်ပေါ်လာတယ်။

- အထင်ကြီးခြင်းက အားကိုးလိုခြင်း တဏှာလှုံ့ဆော်မှု
- အထင်သေးခြင်းက ဖက်ပြိုင်လိုခြင်း မာနလှုံ့ဆော်မှု

အထင်မကြီးသင့်တာကို သွားပြီးအထင်ကြီးရင်လည်း ကိုယ်ပဲ နစ်နာပျက်စီးမယ်၊ အထင်မသေးသင့်တာကို သေးမိရင်လည်း ဆုံးရှုံးနစ်နာစေတတ်တယ်။ အထင်ကြီးမိတော့ တစ်ဖက်ရဲ့ တင်စီးမှုကို အလိုတူအလိုပါ ဖြစ်နေတော့ မိမိဘဝအကျနာတတ်တယ်။ စီးပွားဥစ္စာဆုံးရှုံးသွားတတ်တယ်။ အထင်သေးမိတော့ သူ့ဆီက ရစရာရှိတာတွေ မရနိုင်တော့ဘူး။ အန်တုဖက်ပြိုင်မိလို့ အထိနာရတာ။

တကယ်တော့ အထင်ကြီးခြင်း၊ အထင်သေးခြင်းဆိုတာ အမှန်တရားရဲ့ဆန့်ကျင်ဘက်ကို လွင့်စဉ်သွားစေပြီး မိမိဘဝ မိမိရဲ့ဥစ္စာခနေတို့ကို အန္တရာယ်ဖြစ်စေတတ်တယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ပွဲနှင့်အစွဲ

အကြိုက်တွေ့ပြီဆိုရင် အငွေ့အာရုံကိုအတွေ့ထင်ပြီး အစွဲကြီး စွဲသွားတတ်ကြတယ်။ ငါတို့ ငယ်စဉ်က တောလေ့ကိုယ်တွေ့လေး ပြောပြရဦးမယ်။ တို့တောအရပ်မှာ ပွဲလမ်းသဘင်ဆိုတာ ကြုံရခဲဘိ ခြင်း။ ဘုန်းကြီးပျံပွဲမျိုးနဲ့ကြုံမှ ပွဲလမ်းသဘင်တွေ အကြီးအကျယ် ကျင်းပလေ့ရှိတာ။ ဘုန်းကြီးပျံဆိုတာလည်း ဆယ်ကွေ့တစ်ကွေ့ကြုံ ရခဲပါတယ်။

ငါတို့လက်ဦးဆရာ မင်းကုန်းတောကျောင်းကြီးဆရာတော် ဦးသုနန္ဒ ပျံတော်မူပွဲကို ၁၃၁၅ တပေါင်းလမှာ ကျင်းပတုန်းက ပွဲသဘင်တွေ စုံလိုက်တာ။ မန္တလေးဇာတ်အဖွဲ့ကြီးလည်းပါ၊ ရုပ်သေး လည်းပါ၊ မဏ္ဍပ်ကြီး မဏ္ဍပ်ငယ်တွေလည်း ဆန်းဆန်း ပြားပြား ဆင် သထားလိုက်တာ။ ထမင်းဆိုင် လက်ဖက်ရည်ဆိုင်တွေနဲ့ စည်လိုက် တာ။ ကရဝိတ်လောင်တိုက်တလားစတဲ့ ခန်းနားတဲ့ အဆင်အပြင် တွေလည်း အကုန်ပါ၊ စုံတကာစေ့လို့ ဆိုရမှာပေါ့။

ဘုန်းကြီးပျံက နှစ်ရက်ပဲ ကျင်းပခဲ့တာ။ ပွဲပြီးလို့ ဇာတ်အဖွဲ့ ရုပ် သေးအဖွဲ့နဲ့ ဈေးသည်တွေပြန်သွားကြပေမယ့် ငါတို့ မျက်လုံးထဲ



www.burmeseclassic.com

www.burmeseclassic.com



နားထဲ အာရုံထဲမှာ ဘုန်းကြီးပျံပွဲကြီးက မပြီးသေးဘူး။ ခြိမ့်ခြိမ့် သဲသဲကျင်းပတုန်း။ ငါတို့ဆီမှာကျန်ခဲ့တာက ပွဲမဟုတ်ဘူးဗျ၊ အစွဲ။ ဇာတ်သမားက သူ့အိမ်သူပြန်နားနေပြီ။ ငါတို့က အစွဲနဲ့ပွဲကလို့ ကောင်းတုန်း။ ခံစားမှုဝေဒနာက ချဲ့ကား၊ အစွဲသိဝိဉာဉ်က လှည့်စား နဲ့ဆိုတော့ အခြေခံမကောင်းရင် အကြောင်းခံမမှန်ဖြစ်တတ်တာ ကိုလည်း သတိပြုကြစေလိုပါတယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ငယ်လင်ငယ်မယား

စိတ်ဆိုတာအစွဲရှိရာမှာပဲ မေးတင်နေတတ်တာ။ ဆိုပါစို့၊အနီရောင်ကိုစွဲသူရဲ့အမြင်ဟာ အနီရောင်မှာပဲ မေးတင်နေတတ်တယ်။ အဆင်းအနံ့အသံတွေမှာလည်း ဒီလိုပဲ ... စိတ်စွဲရာကိုပဲ မြင်နေလေ့ရှိတယ်။ အဲဒီအစွဲသိကြောင့် အထဲသိ ဖြစ်ဖို့တော်တော်ခက်နေတာ။

အိမ်ထောင်သက် ရင့်ကြာလာပြီဖြစ်တဲ့ အဖိုးအဖွားလင်မယားနဲ့ပဲ ဥပမာပေးကြည့်ကြစို့။

ဆံဖြူသွားကျိုး ခါးကိုင်းနားထိုင်းနေတဲ့အဖွားကို မြင်နေရပေမယ့် အဖိုးရဲ့စိတ်ထဲမှာ အဖွားဟာ သတို့သမီးလေးလိုပဲ။ အဖွားရဲ့အမြင်မှာလည်း အဖိုးဟာ လူပျိုကလေးလိုပဲ။ သူတို့ ဂုဏ်ယူပြီးပြောနေတာကို နားထောင်ကြည့်လေ 'ကျုပ်တို့က ငယ်လင်ငယ်မယားပါ' တဲ့. 'အဖိုးလင်အဖွားမယား' လို့ မပြောပါဘူး။ ငယ်ဘဝငယ်ရုပ်ပုံတွေကို စွဲနေတော့ 'ငယ်လင်ငယ်မယား' လို့ပဲ ပြောနေကြဆဲ၊ အဲဒါအစွဲ။

[၁၉၉၈ခုနှစ်၊ ကျောက်ထီးတော်ရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ရေသောက်မြစ်နှင့်ပင်စည်

သစ်ပင်တစ်ပင်အသက်ရှင်ဖို့ ရေသောက်မြစ်ဟာ အဓိကအရေး ကြီးတယ်။ ရေသောက်မြစ်ကနေ မြေဆီအာဟာရစုပ်ယူပြီး ပင်စည် အားကောင်းအောင် ဖြန့်ပို့တယ်။ အခက်အလက်တွေ ဝေဆာလာ အောင် အားဖြည့်တယ်။ အပင်ကြီးလာလို့ အပွင့်အသီးတွေ ပွားစည်း ခါနီးမှာတော့ အညွန့်အတက် အခက်အလက်တွေက အဓိကဖြစ် လာတယ်။ အဲဒီအညွန့်အရွက်ကလေးတွေက ကောင်းကင်လေကို ရှူရှိုက်ပြီး မုတ်သုန်လေကို သောက်စို့ကာ လာသမျှသောသစ်ပင်ကို အားပေးတတ်တဲ့ သဘာဝဓါတ်တို့ကို ဆီးကြိုလက်ခံရတယ်။

သတ္တဝါတွေမှာလည်း ဒီလိုပဲ၊ အာရုံကို ညွတ်ကိုင်းတတ်တဲ့ မြင်စိတ် ကြားစိတ် စွဲစိတ်ဟာ အာရုံကို ငံ့လင့်ကြိုဆိုသောအားဖြင့်၊ အာရုံကို လက်ခံသိမ်းပိုက်သောအားဖြင့် မျက်စိကစား၊ ပါးစပ်ကစား၊ ခြေလက်ကစား စသည့်လွန်ကျူးပေးရတယ်။ ဒါဦးဆုံး ဖြစ်လေ့ဖြစ်ထ ရှိပုံထင်တယ်။ အဲဒီနောက်မှာ ကိုယ်ချင်းထိပါးတဲ့အဆင့် တက်လှမ်း တာထင်တယ်။ ဒီအတွေ့အာရုံမျိုးကလည်း စိတ်ထဲမှာ ခိုင်ခိုင်မြဲမြဲကို စွဲကျန်ခဲ့တတ်တာ။

အသက် ၆၁ နှစ်၊ စိတ်က ၁၆ နှစ်သားကအာရုံတွေ မမေ့နိုင်သေး တာ အစွဲရဲ့သတ္တိပဲ။

[၁၉၉၈ခုနှစ်၊ ကျောက်ထီးတောရည်ြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းတုံ့ဆိုးလှည့်

လောကမှာ ပြောနေကြတာ "အတုံ့အလှည့်" တဲ့။

အတုံ့ရှိရင် အလှည့်လာမှာပဲ။ ခဲတစ်လုံး မိုးပေါ်ပစ်တင်လိုက်၊ တုံ့ခနဲရပ်သွားပြီး ပြန်လှည့်ကျလာတာပဲ မဟုတ်လား။ ခရီးတစ်ခုသွားနေရင်းက တုံ့ရပ်သွားရင်လည်း လာရာလမ်းကို လှည့်ပြန်ရတာပဲ မဟုတ်လား။ လူတွေဘယ်ကလာခဲ့သလဲ၊ တိရစ္ဆာန်ဘဝ, အပါယ်ဘဝတွေကနေ လူ့ဘဝကို တစ်ခေါက်တစ်ခါ ညှော့်သည်ပမာ ရောက်လာခဲ့ကြတာ ကုသိုလ်ကံအရှိန်ကလေးကြောင့် ရောက်လာခဲ့ကြတာ။ ဒီတော့လူ့ဘဝမှာ ကောင်းကံ(ကုသိုလ်ကံ)အရှိန်ကလေးရှိနေတုန်းတော့ အကောင်းကြုံ အကောင်းခံစားပေါ့။ ကုသိုလ်ကံ အရှိန်ကလေးတုံ့သွားရင်တော့ အပါယ်ဘဝတွေကို လှည့်ပြန်ရလိမ့်မယ်။

ဒါကြောင့် "ဆိုးလှည့်" မကြုံချင်ရင် "ကောင်းတုံ့"အရှိန်မြှင့်တင်ကြပါ။ အကုသိုလ်အကျိုးပေးခွင့်မရအောင် ကုသိုလ်တွေများများလုပ်ပြီး အရှိန်မြှင့်တင်ကြပါ။

[၁၉၉၇ခုနှစ်တလူတောရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## နေပူပူ လအေးအေး

ကုသိုလ်ကောင်းမှုအားကြီးလို့ လူ့ဘဝရောက်လာတယ်ဆိုပေမယ့် လူ့ဘဝရချိန် ရောက်ချိန်ကလေးမှာ ကုသိုလ်အရှိန်တွေ တုံ့နေ တန့်နေ တတ်တယ်။ တစ်နေ့ တစ်နေ့ကုသိုလ်နဲ့အကုသိုလ် ဘာအလုပ်များသလဲဆိုတာ ပြန်စဉ်စားကြည့်ပါ။ အကုသိုလ်အလုပ်များတယ်ဆိုတဲ့အဖြေပေါ်လာပါလိမ့်မယ်။ အကုသိုလ်ဆိုတာ လောဘ၊ ဒေါသ မောဟ၊ တဏှာ၊ မာန စတဲ့ကိလေသာတွေကြောင့် ဖြစ်ရတာ။ ကိလေသာအပူရှိန်ဆိုတာ နေပူရှိန်လိုပဲ ပြင်းလည်းပြင်း၊ များလည်းများ၊ အားလည်းကြီးတယ်။

နေမသာတဲ့နေ့မရှိသလို ကိလေသာမဖြစ်တဲ့နေ့ အကုသိုလ်မလုပ်တဲ့နေ့ရယ်လို့ရှိမယ်မထင်ဘူး။ နေကအပူပေးသလိုပဲ အကုသိုလ်ကလည်း အပူပဲပေးစေနိုင်တယ်။ အေးချင်ရင်တော့ လနဲ့တူတဲ့ ကောင်းစိတ်ကလေးမွေးပြီး ကုသိုလ်ဖြစ်အောင်လုပ်ကြရမှာပဲ။ လဆိုတာ အချိန်တိုင်းမသာဘူး၊ လဆန်းလဆုပ်အပြုအပြင်ကလေးနဲ့သာရတာ။ ကုသိုလ်စိတ်ဆိုတာလည်း ပြုပြင်ပေးနိုင်မှ ဖြစ်ပေါ်နိုင်တာ။ ကုသိုလ်စိတ်ဖြစ်ပြီဆိုရင်လည်း လသာသလိုပဲ အားလုံးကို အေးစေနိုင်တယ်။

[၁၉၉၈ ခုနှစ်၊ ကျောက်ထီးတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## သံကောင်းမှဓားကောင်း

လယ်မြေမကောင်းရင် သီးနှံကောင်းမထွက်နိုင်သလိုပဲ။ စိတ်ကောင်းမရှိဘဲ လူကောင်းမဖြစ်နိုင်ဘူး။ ဝတ်ကောင်းစားလှတွေ ဘယ်လိုပဲ ဆင်သထားပါစေ၊ စိတ်ကောင်းမရှိဘဲ လူကောင်းမဖြစ်နိုင်ဘူး။ သံကောင်းမှဓားကောင်းဖြစ်နိုင်တယ်။ သံကောင်းဖို့ မီးနဲ့ နာနာအပူပေးပြီး ပြုပြင်ယူရသလိုပဲ စိတ်ကောင်းဖြစ်ပေါ်လာဖို့ စိတ်ဆိုးစိတ်ညစ်တွေကို သတိနဲ့ နာနာရှုမှတ်ရမယ်။ မီးကျီးရဲရဲမှာ သံခဲတင်သလိုပဲ၊ စိတ်ကောင်းလူကောင်းဖြစ်လာအောင် အတော့်ကိုပြုပြင်အားထုတ်ကြရမယ်။

[၁၉၉၈ ခုနှစ်၊ ကျောက်ထီးတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ထောင် . . . ထောင်သား . . . ထောင်ထွက်

ဖြစ်မှုဖြစ်ဒဏ်ကြောင့် ထောင်ကျနေသူ ဘယ်သူပဲဖြစ်ဖြစ် ထောင်က အမြန်ဆုံး ထွက်ချင်ကြပါတယ်။ ထောင်ကလွတ်လာသူကိုပဲ 'ထောင်ထွက်' လို့ခေါ်ကြပါတယ်။ ထောင်ထွက်ရယ်လို့ သူ့အလိုလို သီးခြားဖြစ်တည်နေတာ လောကမှာမရှိပါဘူး။ ဆိုလိုတာက ထောင်ကိုအကြောင်းပြုပြီး ထောင်ကထွက်လာတာကိုပဲ ထောင်ထွက်ခေါ်ရသလို လောကုတ္တရာဆိုတာလည်း လောကကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာပါ။ ဒီလောကထဲက ထွက်မြောက်လာတာကိုပဲ 'လောကုတ္တရာ' လို့ ခေါ်ရပါတယ်။

ထောင်သားတွေမှန်သမျှတော့ ထောင်ကထွက်ချင်ကြတာချည်းပဲဗျ၊ အဲ... ၃၁ ဘုံထောင် သံသရာထောင်မှာလည်နေကြတဲ့ လောကအကျဉ်းသားတွေရော လွတ်ချင်ကြရဲ့လား။ လွတ်ရက်ရှိရဲ့လား။ ထောင်သားက ထောင်ထွက်ဘွဲ့ခံသလို လောကသားတွေက လောကုတ္တရာဘွဲ့ ခံနိုင်ပါမလား။ ဖြစ်ဒဏ်ကျခံနေရတဲ့ ထောင်သားတွေမှာ ထောင်လွတ်ရက်ဆိုတာ ရှိပါသေးတယ်။ ပြီးတော့ သူတို့ထွက်မြေ



www.burmeseclassic.com

www.burmeseclassic.com



သာအောင် ကာရံထားတဲ့ ထောင်တံတိုင်း အုတ်နံရံဆိုတာလည်း အမြင့်ပေဘယ်ရွေ့ဘယ်မျှဆိုတာ တိုင်းတာလို့ ရနိုင်ပါတယ်။

လောကအကျဉ်းသားတွေ သံသရာထောင်က ဘယ်တော့ထွက်မှာလဲ၊ အစွဲတွေတစ်ထပ်ပြီးတစ်ထပ် ကိုယ့်ဟာကိုယ်ကာရံထားလိုက်တာ သံသရာရဲ့ ထောင်နံရံကြီးတွေက မြင့်သထက်မြင့်လာနေပါပေါ့လား။ အရက်စွဲနေသူကလည်း အရက်ထောင်ကြီးထဲမှာ ကြက်သားကြိုက် ဝက်သားကြိုက်သူတွေကလည်း ကြက်ထောင် ဝက်ထောင်ကြီးတွေထဲမှာ ကိုယ့်အစွဲကကိုယ့်ကို ထောင်ပြန်ချထားတာ၊ ထောင်နံရံတွေဘယ်လောက်မြင့်နေပြီလဲ၊ ဒီထောင်တွေက ဘယ်တော့ထွက်မှာလဲ။

[၁.၆.၉၉၊ ဝါးသုံးရုံသစ်တောစခန်း ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# သဘောသိတာ တရား

တရားဆိုတာအဝေးကြီးမှာ လိုက်ရှာနေရတာမျိုးမဟုတ်ပါဘူး။ တရားရှာကိုယ်မှာတွေ့တဲ့၊ ဒီခန္ဓာမှာ တရားမပြတဲ့နေ့ရယ်လို့မရှိပါဘူး။ တရားက အချိန်တိုင်းပြနေတာ၊ မကြည့်လို့မသိကြတာ။ ဆိုပါစို့၊ ထန်းလျက်စားရင်လည်း ထန်းလျက်က ထန်းလျက်တရား ဟောသွားတာပါ။ ထန်းလျက်က ချိုတယ်ဆိုတဲ့သဘောကလေး ဟောသွားပါတယ်။ အဲဒီသဘောကလေးဟာ တရားပါပဲ။ ငရုပ်သီးကလည်း စပ်တယ်ဆိုတဲ့သဘော ဟောပါလိမ့်မယ်။ ဒါပေမဲ့ လူတွေက ချိုတဲ့ စပ်တဲ့ သဘောကို မမြင်မသိကြဘဲ ထန်းလျက်ကိုစွဲ၊ ငရုပ်ကိုစွဲနဲ့ အစွဲသာအဖတ်တင်ကျန်ခဲ့ပါတယ်။

သဲနဲ့ပစ်တာနဲ့ခဲနဲ့ပစ်တာခံရပုံချင်းမတူသလို ချိုတာစားတာနဲ့ စပ်တာစားတာ လျှာကိုတိုက်ခိုက်ပုံချင်း မတူပေဘူး။ တစ်ခါလောက် စိတ်ဝင်စားကြည့်စမ်းပါ။ ချိုချဉ်ငန်စပ် သဘောသတ္တိကလေးတွေ နောက်ဆုံးဘယ်လိုဖြစ်သွားတယ်ဆိုတာ သတိထားကြည့်စမ်းပါ။ သဘောသိတာတရားပါပဲ။

တရားနဲ့နေပြီး တရားလုပ်နေပြီး တရားမှန်းမသိကြပါလား။

[၁၆၉၉ ဝါးသုံးရုံသစ်တောစခန်း ညှိုင်း]



www.burmeseclassic.com

www.burmeseclassic.com



# အဖြစ်ကြီးရင် အပျက်ကြီးတယ်

နေထွက်နေဝင် နေတက်နေကျရှိသလိုပဲ၊ လူတွေရဲ့ဘဝဖြစ်စဉ်မှာလည်း ကံအနိမ့်အမြင့် ကံအတက်အကျဆိုတာရှိတယ်။ မီးပုံးပျံ အစ ဒုံးပျံကြီးအဆုံး ဘယ်လောက်တက်တက်ပြန်ကျရသလိုပဲ ကာမအာရုံအခြေပြုပြီး ကံအမှုတွေပြုနေသမျှ တတ်သလောက် ကျရမှာပဲ။ အသွားတစ်မိုင်ရှိရင် အပြန်တစ်မိုင်ရှိမှာပဲ၊ အဖြစ်ကြီးရင် အပျက်ကြီးမှာပဲ၊ ဆင်ကောင်ကြီးသေတော့ အပုပ်နံ့ကြီးကြီးထွက်မယ်၊ ခြင်ကောင်လေးသေတော့ အပုပ်နံ့သေးသေးထွက်မယ်။ အစကတည်းက အပျက်ကိုအဖြစ် စီမံပြီးလုပ်လာတာဆိုတော့ အဆုံးမှာ ပျက်ရတာချည်းပဲ။

ကာမအာရုံကိုလျစ်လျူရှုပြီး သဘာဝမြေဘက် ဆက်ပြီးတက်လာတဲ့ သိက္ခာရှင် သတ္တိရှင်များရဲ့ ဘဝသာလျှင် အပျက်ကို အပျက်အတိုင်း ပိုင်းပိုင်းပြီး ခြားထားခဲ့တဲ့အတွက် အပျက်နဲ့ဆက်ဆံစရာမလိုတော့ဘူး။ အဖြစ်ကိုလည်း တကယ်အဖြစ် မဟုတ်၊ 'အဖြစ်တု' ကြီးပါလားလို့ ပိုင်းခြားသိမြင်ပြီး မမှုတော့တဲ့အတွက် အတက်ဆိုတာကိုလည်း လက်မခံတော့ဘူး။

အဖြစ်ရှိလို့ အပျက်ရှိတာကိုသိရင် အဲဒီအဖြစ်အပျက်က လွတ်ရာဆီ သွားနိုင်အောင်ကြိုးစားရလိမ့်မယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရသြဝါဒ]

**သုဝဏ္ဏသျှမ်စာစဉ်**

www.burmeseclassic.com

www.burmeseclassic.com



# ယိုပေါက်ရဲ့တံခါးဝ

• ထမင်းစားတဲ့ ဥပမာနဲ့ပဲ ထပ်ပြောကြပါဦးစို့။

ဆာလို့စား၊ စားကောင်းကောင်းနဲ့စား ဘယ်လောက်စားစား ဝတော့တော်ရတာပဲ။ ဗိုက်ပြည့်ပါပြီ ဝပါပြီပြောပေမယ့် နောက်အချိန်တန်တော့ ထမင်းဆာပြန်ရော။ ဗိုက်ကြီးအပြည့်ထည့်ထားတဲ့ ထမင်းတွေဟင်းတွေ ဘယ်ရောက်ကုန်သလဲ။ အဝင်ရှိတော့အထွက်ရှိ၊ အဖြစ်ရှိတော့ အပျက်ရှိ။

လူပုံအလယ်မှာ မိန့်မိန့်ကြီးစားခဲ့သမျှ လူ့ကွယ်ရာမှာ ပျက်ကျထွက်ကျသွားတော့ မြင့်လို့ကောင်းသေးရဲ့လား။ သိုပေါက်ဆိုတာ ယိုပေါက်ရဲ့တံခါးဝလို့လည်း မှတ်ထားခဲ့ကြဦး။

[၁၉၉၉ ခုနှစ်၊ ဝါးသုံးရုံတောရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ရုပ်လူရုပ်

လောကရဲ့အရုပ်မှန်သမျှ စိတ်ကစတာချည်းပဲ။

လူမှုရေးအရုပ် စီးပွားရေးအရုပ် အရုပ်မှန်သမျှ စိတ်ကြောင့်ဖြစ်ရတာ။ စိတ်ဟာ ဘယ်ပုံရုပ်ထွေးခဲ့ပါသလဲ။ စိတ်ဟာ သူချည်းနေရင်တော့ ရှင်းရှင်းကလေးရယ်။ စိတ်ရဲ့ မူလသတ္တိက ဖြူစင်တယ်၊ တောက်ပတယ်။ ဒါပေမယ့် ရာဂနဲ့စိတ် ချိတ်မိတဲ့အခါ စိတ်ရုပ်ထွေးလာတယ်။ ဒေါသနဲ့စိတ် ချိတ်မိတဲ့အခါ စိတ်ရုပ်ထွေးလာတယ်။ တဏှာ မာန ဒိဋ္ဌိတွေနဲ့ချိတ်မိတဲ့အခါ စိတ်ရုပ်ထွေးလာတယ်။ ကိလေသာနဲ့စိတ် ချိတ်မိတဲ့အခါ စိတ်ရုပ်ထွေးမှုဖြစ်ပေါ်လာတယ်။

လက်ကိုင်ပုဝါအဖြူကလေးဟာ ချွေးသုတ်ပါများတော့ ဖြူရာကညစ်၊ ညစ်ရာကမည်း၊ မည်းရာကမွဲ၊ မွဲရာက တဖြေးဖြေးနွမ်းကြေလာသလိုပဲ စိတ်ဟာလည်း ကိလေသာကြောင့် ညစ်မွဲရုပ်ထွေးလာတယ်။ စိတ်မှာဖြစ်တဲ့အရုပ် နှုတ်မှာလည်းပေါ်လာတယ်။ ကိုယ်မှာလည်းပေါ်လာတယ်။ ဒီမှာ လူမှုရေးအရုပ် စီးပွားရေးအရုပ် စတဲ့အရုပ်တွေ ပေါ်လာတော့တာပဲ။ ဒီတော့ မရုပ်ခင်ကရှင်းကြပါ၊ ဓမ္မရေးရာ ဉာဏ်အထွာဖြင့် လွှာ၍လွှာ၍ ကြိုတင်ကာကွယ် ရှင်းလင်းနိုင်ကြပါစေ။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အသိပါမှအသာရ

လောကီမှာပဲဖြစ်ဖြစ် လောကုတ္တရာမှာပဲဖြစ်ဖြစ် သတိနဲ့အသိဟာ အရေးအကြီးဆုံး။

သတိဟာတိုက်ခိုက်ရာမှာ ကျွမ်းကျင်လိမ္မာသလောက် အသိက ခုခံရာမှာ ကျွမ်းကျင်တယ်။ လူတွေ စီးပွားဝမ်းစာရှာနေကြပုံက ရန်းရင်းဆန်ခတ်နိုင်လှတယ်။ ပြီးတော့ အတိုက်အခံလည်းများလှတယ်။ လုပ်ငန်းကြီးလာတော့ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လွန်းတော့ 'စီးပွားရေးစစ်ပွဲ' လို့တောင် တင်စားနေကြတယ် မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် အာရုံချင်းတိုက်ယူ ညှို့ယူနေတာတွေလည်း အာရုံချင်း စစ်ခင်းနေတာပါပဲ။ စီးပွားရေး၊ လူမှုရေး၊ သားရေး သမီးရေး၊ ချစ်ရေးကြိုက်ရေးတွေအထိ ဘယ်လိုပုံသဏ္ဌာန်နဲ့ စစ်ခင်းနေပါစေ၊ သတိနဲ့အသိမပါရင် အဆုံးအရှုံးများမယ်။

အဲဒီမှာ ကုန်ရှုံးတော့တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်ဆိုတာလိုပဲ အာရုံကွန်ရက် တစ်ခါမက်မိရင်ဖြင့် တစ်ချက်နဲ့လည်းမပြီး တစ်သက်နဲ့လည်းမပြီး၊ အပြီးအစီးခံနေရတော့မှာမို့ သတိနဲ့အသိ မြဲမြဲမြံမြံရှိကြပါစေ။ မသိရင်မသာပေါ်ပြီး အသိပါမှ အသာရပါလိမ့်မယ်။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင်သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ယုန်သူငယ်နှင့်တောလိုက်ခွေးများ

လိပ်ကန်ငါးကန်ကြီးထဲ ပေါက်ပေါက်ဆုပ်ပစ်ကျွေးလိုက်တဲ့အခါ လိပ်တွေ ငါးတွေဟာပေါက်ပေါက်ဆုပ်ကို အလုအယက်လာဟပ်ကြသလိုပဲ လူတွေဟာလည်း ကိလေသာကာမဂုဏ် အာရုံတွေကို သူဝင်ဟပ် ငါဝင်ဟပ်နဲ့ တပ်မက်နေကြတယ်။ အာရုံနောက် တကောက်ကောက်လိုက်နေပုံဟာလည်း ကလေးတစ်ယောက် ထန်းပလပ်ပြားကြီး မြင်းရုပ်လုပ်ပြီးစီးနေသလိုပဲ၊ အရုပ်မြင်းကိုအဟုတ်မြင်းထင်ပြီး ရွာလမ်းတလျှောက် ဖုံတထောင်းထောင်းထအောင် စီးပြခဲ့တဲ့ကလေးငယ်ဟာ ကစားရာကလည်းနားရော ခြေကုန်လက်ပန်းကျပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲရော။

အာရုံဆိုတာ မက်ရင်မက်သလောက် မောရပါတယ်။ တစ်ဖက်ရှိသက်ရှိသက်မဲ့တို့ရဲ့ အမြင်အာရုံ၊ အကြားအာရုံ၊ အတွေ့အထိအာရုံစတဲ့အာရုံတွေကို သွားရောက်တုဖက် စုံမက်နေမယ်ဆိုရင် တောလိုက်ခွေးအုပ်ကြီးအကြား မျက်စိလည်လမ်းမှားသွားတဲ့ ယုန် သူငယ်ပမာ တစ်ဖက်ရှိအာရုံစုံ အကုန်သိုင်းဖက်ခြင်း ခံရတဲ့အခါ စိတ်ခမျာ တစ်ခုဖိအားလုံးရဲ့ အဖိကိုခံရပါရော၊ မက်သလောက် မောရပုံများလေ။

စိတ်မောလူမောနဲ့ အာရုံကြော မျှောပေဦးတော့ တစ်ဘဝ။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဂါဒ]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# မီးပုံပွဲ

မီးဆိုတာ ထင်းကိုမှီပြီး အဲဒီထင်းကိုပဲ အပူတိုက်ခြင်း၊ လောင်မြိုက်ခြင်း၊ မျိုဝါးခြင်းပြုတတ်သလိုပဲ။ ကိလေသာအာရုံတွေ ဆိုတာလည်း အာရုံလိုက်စားသူ လူတွေကိုမှီပြီး အဲဒီလူတွေကို ပူပန်စေတတ် ပျက်စီးစေတတ်ပါတယ်။ ဒါပေမဲ့ လူတွေကတော့ ပူမှန်းလည်းမသိ၊ ပျက်စီးမှန်းလည်းမသိ။

မယားတစ်ဖက်သားတစ်လက်နဲ့ ကိလေသာမီးပုံပွဲကြီးကို ပျော်ပျော်ကြီးဆင်နွှဲကခုန်နေကြရဲ့ဗျာ။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## စွဲနေတဲ့မီး

တဏှာမာန ဒိဋ္ဌိစတဲ့ ကိလေသာတွေကို မကောင်းမှန်းသိပေမယ့် လူတွေက လက်သပ်မွေးထားကြတယ်။ တဏှာက ကလေးလိုပဲ ဟိုဟာမြင်ပူဆာ ဒီဟာမြင်ပူဆာနဲ့။ မာနကတော့ အသာတကြည်ရရင်ရ မရရင်ပြိုင် ရတော့ကိုင်ပြပြီး ဆောင့်ကြွားကြွား။ ဒိဋ္ဌိကဘုံဆိုင် (အများဆိုင်) ကို ကိုယ်ပိုင်လုပ်ပြီး ရေတွက်ပေးနေတယ်။ ဒီနည်းနဲ့ ရလာတဲ့ပစ္စည်းတွေကို ဒိဋ္ဌိက ထစ်ပေး၊ မာနကလှဲပေး၊ တဏှာက ခွထိုင်နဲ့ ငါပိုင်လုပ် ငါစွဲကြီးနေကြပြီ။

သွေးတိုးသားတိုး ညဉ်စရိုက်ဆိုးတွေက ထိုးကျင့်တော့ လောဘက မခံနိုင်တော့ဘူး။ ဒီတော့ နီးရာပူဆာရော၊ အဲဒီမှာ မာနကလည်း တဏှာငြီးတာ နားငြီးမခံနိုင်လေတော့ သွေးဆူသွေးပူတာ ရပ်ပါစေဆိုပြီး လိုတာရှာပေး။ ဒိဋ္ဌိက မာနရှာပေးသမျှ တစ်ရွေးသားမျှ မပျက်စီးရအောင် စိတ်မှာဆောင် ကိုယ်မှာပိုက် သိမ်းပိုက်ထားရတယ်။ ငါမြင် ငါကြား ငါကိုယ်တိုင်ထိတွေ့ခံစားရသည်ဆိုတဲ့ ငါပိုင် ငါစွဲကြီးနဲ့ တစ်ဖက်အဆင်းကို အတင်းရအောင်ယူခဲ့တာ မဟုတ်လား။

ငါစွဲ သူစွဲ စွဲနေတဲ့မီး ဘယ်ပုံဘယ်နည်း ငြိမ်းသတ်ကြပါ့မလဲ။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## အကြိုက်မိအထိနာ

– အကြိုက်ကလျော်
တော်လို့မှမဖြစ်ဘဲ။
– ပိုးဖလံ ခရီးလမ်း
မီးကျွမ်းမှစဲ။ ။

[၂၀၀၀ ပြည့်နှစ်၊ ပုံတောင်ပုံညာ]

## စေတိုင်းအောင်

– သတိကိုဆောင် စေတိုင်းအောင်
သေတောင်ရှင်နေပါလိမ့်မယ်။
– သတိမဆောင် အမြင်မှောင်
ရှင်တောင်သေပြီးဖြစ်ပါမည်။ ။

[၂၀၀၁ ခုနှစ်၊ ပုံတောင်ပုံညာ]



www.burmeseclassic.com

www.burmeseclassic.com



# တရားမပါသော နေ့တစ်နေ့

တရားမသိဘဲ တစ်ရက်အသက်ရှင်ရင် တစ်ရက်အကြွေးတင်တယ်။ တရားမသိဘဲ တစ်ရက်ဆက်နေရင် တစ်ရက်အတိုးအညွှန့်တက်တယ်။ အာရုံတစ်ခုခုကို တရားနဲ့ယှဉ်စပ် သုံးသပ်ခြင်းမရှိဘဲ အလွတ်ခံစားမိချေလျှင်

- သာယာတပ်စွဲမှုပေါ်လာပြီး ကံသုံးပါး တစ်ပါးပါးဖြင့် ကျူးလွန်မိတတ်ပါတယ်။
- မုန်းငြိုးပြစ်မှားမှုပေါ်လာပြီး ပြစ်မှားကျူးလွန်မိတတ်ပါတယ်။
- မသိမှုဖုံးအုပ်ခံရပြီးတော့လည်း ပြစ်မှားကျူးလွန်မိတတ်ပါတယ်။

သာယာမှုနဲ့ ပြစ်မှားနေရင် ဘေးကမသိသော်လည်း မိမိကိုယ်တိုင်တော့ သိလောက်ပါတယ်။ မုန်းငြိုးမှုနဲ့ ပြစ်မှားနေပြန်ရင်တော့ ဘေးက သိလွယ်မြင်လွယ်ပါတယ်။ မသိမှုနဲ့ ပြစ်မှားနေရင်တော့ ဘေးကမဆိုထားဘိ မိမိကိုယ်တိုင်တောင် မသိလိုက်ရတော့ပါဘူး။

တရားမပါတဲ့ နေ့တစ်နေ့ ဘယ်လောက်အပြစ်ကြီးနေပြီလဲ။

အယုတ်အလတ် အမြတ်တို့အပေါ် ပြစ်မှားခဲ့သမျှ ကိန်းဂဏန်းချကြည့်ရင် အကြွေးစာရင်းက ကြောက်ဖွယ်လိလိ။ တရားဆိုတဲ့ အသိမရမချင်း တစ်သံသရာလုံး ကြွေးဆပ်နေရလိမ့်မယ်နော်။

[၁၃၅၁ ခုနှစ်၊ သာစည်ရွှေကျောင်းကုန်းတောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ထာဝရအစာ

တရားအလုပ်(ကမ္မဋ္ဌာန်းအလုပ်)ဆိုတာ စိတ်အလုပ်ပါ။ ကိုယ့်စိတ်ကိုယ်အကဲခတ်ပြီး စောင်းရာမှ ကောင်းရာသို့ ပဲ့ကိုင်ပေးရပါတယ်။ စိတ်တစ်ခုကိုနိုင်ရင် ကိလေသာလည်းပယ်ပြီးသား၊ သိစရာလည်း သိပြီးသား၊ အကျိုးနှစ်ခုတစ်ပြိုင်တည်း ရစေပါတယ်။

- လောကမှာ တစ်ရက်လုပ်ပြီး တစ်လထိုင်စားရတဲ့ အလုပ်မျိုးသင်မလုပ်ချင်ဘူးလား။
- တစ်ရက်လုပ်ပြီး တစ်နှစ်ထိုင်စားရမယ့် အလုပ်မျိုးဆိုရင် သင်ပိုပြီးလုပ်ချင်မှာပါ။
- တစ်ရက်လုပ်ပြီး တစ်သက်ထိုင်စားရမယ့် အလုပ်ဆိုရင် သင်နှစ်ဆတိုးပြီး လုပ်ချင်ပါလိမ့်မယ်။
- တစ်ယောက်လုပ်ပြီး အားလုံး တစ်သက်လုံးဝိုင်းစားရမယ့် အလုပ်မျိုးဆိုရင် သင်အခုပဲ ထလုပ်ချင်ပါလိမ့်မယ်။ အရင်းနည်းပြီး အမြတ်များတဲ့ ထီလက်မှတ်တစ်စောင် မရမကဖြတ်နေတာကြည့် သိနိုင်ပါတယ်။

တရားအလုပ်က သည့်ထက်တိုးတက်နှုန်းမြန်ပါတယ်။ သေလည်း



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်။ ရက်လအနည်းငယ်မျှဖြင့် တစ်ခဏစာ တစ်ဘဝစာ မျှမက ထာဝရစာပါ ဖူလုံစေတတ်ပါတယ်။ တစ်ရက်စာ တစ်သက်စာ တို့ကိုကျော်ပြီး သံသရာတစ်ဖက်စာအထိ တာသွားစေပါတယ်။ ကိုယ့်ဖို့ချည်းမဟုတ်၊ တောင်းသမျှတို့ကိုလည်း ဝေနိုင် မျှနိုင် ပေးနိုင်ကမ်းနိုင်ပါသေးတယ်။

တရားတစ်ထိုင်အတွင်း သန့်စင်အေးမြတဲ့မေတ္တာ ကမ္ဘာကို လွှမ်းခြုံအေးမြစေလျက်ရှိပါတယ်။ မည်သူ့ထံသို့ဆိုတဲ့ ပုဂ္ဂိုလ်စွဲမပါ။ မည်သည့်ပစ္စည်း ပေးလိုက်သည်ဆိုတဲ့ ဝတ္ထုစွဲမပါ။ ငါကပေးနေသည် ဆိုတဲ့ ငါစွဲမပါ။ အစွဲမပါတဲ့ ထာဝရအစာကို မြည်းစမ်းကြည့်စမ်းပါ။

[၁၃၅၁ ခုနှစ်၊ သာစည်ရွှေကျောင်းကုန်းတောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# လက်စွဲတော်ကြီး

ဘာလုပ်လုပ် ဝီရိယမပါလို့မဖြစ်၊ တရားအလုပ်မှာ ဝီရိယပိုပြီး လိုတယ်။

ဝီရိယဆိုတာ ရဲရင့်ခြင်း၊ အလုပ်တစ်ခုလုပ်ရာမှာ မတွန့်မဆုတ် နောက်သို့ခြေလှမ်းမရုတ်။ အခက်အခဲနဲ့ ရင်ဆိုင်မှာလည်း မကြောက်မရွံ့ နောက်မတွန့်ခြင်းဟာ ဝီရိယပါပဲ။

- ငါ၏ကိုယ်၌ အရေပြား၊ အကြော၊ အရိုးတို့ချည်းသာ ကျန်ချင် ကျန်ပါစေ။ အသားသွေးများလည်း ခန်းခြောက်လိုက ခန်းခြောက်ပါစေ။ ငါသည် ယောကျ်ား၏ စွမ်းအား၊ ယောကျ်ား၏ ဖွဲလုံ့လ၊ ယောကျ်ား၏ ကြိုးစားပုံမျိုးဖြင့် ဝဋ်ဒုက္ခအပေါင်းမှ လွတ်အောင်ရှန်းမယ်။ အေးငြိမ်းရာသို့ မရောက်မချင်း ငါ၏ ဝီရိယကိုမချ၊ ရပ်နားနေ လိမ့်မည်မဟုတ်။
- သွေးသားခန်းအင် ရိုးကြောမျှင် ကျန်ချင်ကျန်စေမင်း။
- ယောကျ်ားတို့ဖွဲ ငါ့လက်စွဲ အားခဲရောက်ရန်တင်း။

[၁၃၅၄ ခုနှစ်၊ ပျဉ်းမနား၊ လက်လုပ်တောင် ဩဝါဒ]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ဝီရိယတံခွန်

တရားသမားဟာ ဝီရိယလက်စွဲတော်ကြီး အားကိုးပြီး ကြိုးစားရာမှာ . . .

- ငါသည်ဘုရားမဲ့မဲ့၊ တရားမဲ့မဲ့၊ သံဃာမဲ့မဲ့ဖြင့် ဘဝဆက်ဆက်ကျင်လည်ရစဉ်အခါတုန်းက မသိမိုက်မဲ မဝေခွဲနိုင်သည့်အလျောက် မကောင်းမှု ဒုစရိုက်များ ကျူးလွန်မိခဲ့ချေ၏။ ထို ကံဟောင်းကံကြွင်းများ ငါ့၌ရှိနေသေး၏။ ယခုတစ်ထိုင်အတွင်းမှာပင် အကြွင်းမဲ့ကျေအေးစေရမည်။

- ငါသည်ဘုရားအနီး၊ တရားအနီး၊ သံဃာ၏အနီးသို့ ယခုရောက်ရှိနေချိန်မှသည် နောင်သံသရာအဆုံးသို့တိုင် တစ်ဖက်သားတို့ မကျေနပ်မည့်၊ တစ်ဖက်သားတို့ နှလုံးစိတ်ဝမ်း မအေးချမ်းမည့် အကုသိုလ်ကမ္မပထမျိုး ဖွတ်မတိုးမိစေရန် ဤတစ်ထိုင်အတွင်းမှာပင် အပြီးသတ်ခဲ့မည်။

- ငါသည် လောကပါလတရားဟု ဆိုအပ်သော လူတို့အား စောင့်ရှောက်တတ်သည့် ပဉ္စသီလကိုယ်ကျင့်တရားများကိုလည်း ယခုအချိန်ကစ နောင်သံသရာအဆုံးသို့တိုင်အောင် မကျိုးမပေါက် မပြောက်မကြားစေရအောင် ငါ့ဦးထိပ်ပြင်ဝယ် တင်ထားသော ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ အမြဲတည်နေရမည်။

- ငါသည် ဤသာသနာတော်အတွင်း မရောက်ဖူး၊ မရဖူးသေးသော ကုသိုလ်မျိုးတို့ကို ဤတစ်ထိုင်အတွင်း၌ပင် လက်ငင်းချက်ခြင်း ရစေရမည်။ သို့မဟုတ် နေ့ချင်းညချင်းလချင်းအတွင်းရစေရမည်။

အဲဒီလို ဝီရိယတံခွန်လွှင့်ထူပြီး တကယ်လုပ် အဟုတ်ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်မျိုး ထားရှိရပါတယ်။ သာသနာဆိုတာ ဝီရိယထားကြိုးစားသူတွေအတွက် တမင်ထားခဲ့တယ်လို့ယုံကြည်ရမယ်။ ဝီရိယကြီးသူအတွက် ဘာမဆိုအောင်မြင်မြဲဖြစ်ကြောင်းလည်း ယုံကြည်ရပါလိမ့်မယ်။

[၁၃၅၄ ခုနှစ်၊ ပျဉ်းမနား လက်လုပ်တောင်သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ဆေးသုံးလက်

တရားကျင့်တယ်ဆိုတာ ဆေးညွှန်းအတိုင်းဆေးသောက်ရသလို ပါပဲ။

- ကိလေသာအပူဖိစီးမှုကို အလူးအလဲခံစားနေရာက ဒီအပူတွေ ကိုငြိမ်းစေ အေးစေတတ်တဲ့ သမထ။
- အပူငြိမ်းတော့ အစွဲသိ မဝင်သာ၊ အထဲသိသာပေါ်လျက် အရှိကို သိစေတတ်သော ဝိပဿနာ။
- အရှိကို အရှိအတိုင်း သိပြီးဖြစ်လို့ ကိလေသာတို့ကို အမြစ်မကျန် အကြွင်းမဲ့နှုတ်ပယ်ပေးတတ်တဲ့ မဂ်ဖိုလ်။

အဆင့်သုံးဆင့် ဆေးသုံးလက်နဲ့ သက်သာပျောက်ကင်းစေပါ တယ်။ အဲဒါ တရားဆေးပဲ။

[၁၃၅၇ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## မီးတောက်နှင့်မီးခဲ လဲယူနေကြတယ်

တစ်ချို့သော ဘာသာတရားတွေဟာ ကောင်းသောစေတနာနဲ့ ကောင်းသောကံ ပြုလုပ်တတ်ဖို့ ညွှန်ပြပေးနိုင်ပါတယ်။ ဘဝအဆင့်အတန်းမြင့်မားအောင်လည်း ကျင့်ကြံပို့ဆောင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ အဆင့်မြင့်ကံမှ အဆင့်လွန်ကံသို့ ရောက်အောင်တော့ မသင်ပြပေးနိုင်ပါဘူး။

- မြေအိုးကိုခွဲပြီး ရွှေအိုးနဲ့လဲယူသလို လူချမ်းသာ၊ နတ်ချမ်းသာ ဘဝကို ပို့ပေးနိုင်ပါတယ်။
- ရွှေအိုးသွန်းပြီး မြကျောက်နဲ့မွှန်းသလို နတ်ချမ်းသာမှ ပထမဈာန်ချမ်းသာသို့ ပို့ပေးတတ်ပါတယ်။

ဒီထက်ပိုပြီး မတတ်နိုင်ပါဘူး။ မီးတောက်နဲ့မီးခဲ လဲသကဲ့သို့သာ အပူလွန်ဒုက္ခကို စွန့်လွှတ်စေပြီး အပူခံဒုက္ခဘုံကို ပို့ပေးနေတာပါ။ ဘဝရှိနေသမျှ ဒုက္ခမကုန်ဆုံးဘူး၊ ဘဝချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ကား မြတ်စွာဘုရား၏ တရားတော်မှတစ်ပါး အခြားပို့ဆောင်ပေးနိုင်သော ဘာသာဝါဒ မရှိပြီ။

[၁၃၅၇ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ကာမမှဓမ္မသို့

မြတ်စွာဘုရားရဲ့ တရားတော်မှာ အဆိုးကိလေသာပယ်ပြီး အကောင်းစားကိလေသာနဲ့ လဲယူခြင်းမျိုး မရှိဘူး။ တရားတစ်ချက် မှတ်လျှင် မိမိစိတ်ကို ကိလေသာကြားက တစ်ချက်ထုတ်ဆောင်လိုက်တာပဲ။ တရားအမှတ်ဆိုတာ လူချမ်းသာမှ နတ်ချမ်းသာသို့ ခံစားရပါသော်လည်း ဝဋ္ဋည္ဒသာတည်၍ အာရုံမှာမတည်ဘူး။ ဗြဟ္မာချမ်းသာသို့ ပြောင်းရွှေ့ခံစားရသည့်တိုင်အောင်လည်း ဝဋ္ဋမှာတည်ပေမယ့် အာရုံမှာမတည်ဘူး။

လူဖြစ်လျှင် လူ့ဘဝစည်းစိမ်ချမ်းသာ ခံစားတာမှန်ပေမယ့် ကာမအာရုံမှာမတည်၊ ဓမ္မအာရုံမှာဘဲ တည်နေတယ်။ ဒီလိုပဲ နတ်ချမ်းသာ, ဗြဟ္မာချမ်းသာစည်းစိမ်ခံစားပါသော်လည်း အာရုံက ကံချမ်းသာ ဈာန်ချမ်းသာတွေမှာ မတည်ဘဲ ဉာဏ်ချမ်းသာမှာပဲ တည်နေတယ်။ ဒါ့ကြောင့် နိဗ္ဗာန်ကို ပို့ဆောင်ပေးနိုင်တယ်။

ကံလမ်းသွား ဈာန်လမ်းသွားတို့မှာ ပိုင်းခြားစိတ်ဖြာ ဉာဏ်ပညာ ဒီလောက်မလိုပေမယ့် မြတ်ဗုဒ္ဓရဲ့ဓမ္မလမ်းစဉ်မှာ ပညာပါမှ ပွဲတိုးနိုင်တယ်။ ဓမ္မရသ ဝိမုတ္တိရသဆိုတဲ့ ပညာဉာဏ်နဲ့သာ ခံစားနိုင်တဲ့ အရာမျိုး။

[၁၃၅၉ ခုနှစ်၊ နတ်တလုတောာရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ကုသိုလ်စစ်တမ်း

ကုသိုလ်ရချင်လို့ ကြက်သတ်ပြီး ဆွမ်းကပ်ပါသတဲ့။

ကြက်သားဟင်းနဲ့ ဆွမ်းကပ်တာ ကုသိုလ်ရပါတယ်။ ဒါပေမဲ့ ကြက်သတ်မှု (ဝါ) ကြက်သေစေမှု အကုသိုလ်ကံအပြစ်က မနေဘူး။ တစ်လှည့် ပြန်ခံရလိမ့်ဦးမယ်။

သူ့အသက်သတ်ခြင်း၊ သတ်စေခြင်းဖြင့် ရရှိသောချမ်းသာမျိုးသည် ချမ်းသာအစစ်မဟုတ်။

[၁၃၅၉ ခုနှစ်၊ နတ်တလဲ့တော်ရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## အကြွင်းမဲ့ အနှိုင်းမဲ့

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ကုန်အောင်မပြောနိုင်ပါဘူး။

အနန္တဂုဏ်ရည်ကို ယုံကြည်ရင် ယုံကြည်သလောက် မိမိမှာလည်း အနန္တပင် တည်နေပါတယ်။

မိုးပေါ်က လမင်းကြီးဟာ သူ့ချည်းသက်သက် အေးမြနေတာ မဟုတ်ပါဘူး။ လရောင်အောက်ခိုဝင်လာသူ ဘယ်သူ့ကိုမဆို လောကသုံးပါးလုံးကို အကြွင်းမဲ့အေးမြစေပါတယ်။ စမ်းချောင်းကလေးဟာလည်း သူ့ချည်းသက်သက်အေးမြနေတာမဟုတ်ပါဘူး။ သူ့ဆီရောက်လာတဲ့သူမှန်သမျှကို အေးမြစေပါတယ်။ ဆောင်းနှင်းကလေးတွေလည်းဒီလိုပါပဲ။ ထိတွေ့သူမှန်သမျှ လောကသုံးပါးကို အကြွင်းမဲ့အေးမြစေပါတယ်။

ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် အေးမြရခြင်းအားကား အကြွင်းမဲ့ အနှိုင်းမဲ့ . . .။

[၁၃၆၀ ခုနှစ်၊ ဝေဒလ္လတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## အပူဝေးဝေး အလှူအေး

တစ်ခုခုလှူမယ်ဆိုရင် ရှေးဦးစွာ သီလဆောက်တည်ပါ။ ပြီးတော့ သီလရှိသော မြတ်သော အလှူခံပုဂ္ဂိုလ်ရဲ့ သီလမှာမှီခိုပါ။ ပြီးမှ ရှာဖွေသိမ်းဆည်းထားတဲ့ပစ္စည်းကို ကိုယ်တိုင်လှူပါ။ ဒီလိုလှူရာမှာ မိမိခံစားရရှိနေတဲ့ စိတ်အေးငြိမ်း တည်ငြိမ်ခြင်း၊ သန့်ပြန့်စင်ကြယ်ခြင်း တို့ကို မှတ်သားထားပါ။

အဲဒီကနေ ဥစ္စာပစ္စည်းရှာဖွေစုဆောင်းစဉ်က တစ်ဖက်ကာယကံရှင်များနဲ့ ဆက်ဆံဆဲကာလ ခံစားရရှိခဲ့တဲ့ စိတ်လှုပ်ရှားခြင်း၊ ညစ်နွမ်းခြင်းတို့ကိုလည်း အောက်မေ့ကြည့်ပါလေ။ ပစ္စည်းတစ်ခု ရယူသိမ်းပိုက်မိတဲ့အခါ စိုးရိမ်မှု စိတ်မချမှုတွေဖြစ်လာတာလည်း သတိရပါ။ တစ်ခါ ပစ္စည်းဝယ်စဉ်က မိမိကပစ္စည်းရလိုမှု လောဘ၊ ဈေးသည်က ငွေရလိုမှုလောဘ၊ လောဘချင်း တိုက်ခိုက်မိပုံတွေလည်း ဆင်ခြင်လိုက်ပါဦး။

ကြက်သွန်ဝယ်တယ်ဆိုပါစို့၊ ကိုယ်ကလည်းဈေးဆစ်၊ ရောင်းသူကလည်း အလေးချိန်အပြည့်မပေးချင်နဲ့ မစ္ဆရိယချင်းတိုက်ခိုက်မိပုံတွေ မြင်အောင်ကြည့်လိုက်ပါ။ ရောင်းသူဝယ်သူ နှစ်ဦးလုံးရဲ့ စိတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အားမလိုအားမရနဲ့ ညှိုးခြောက်လို့ပေါ့။ နှစ်ဦးလုံး လိုရာရပြန်တော့ တပ်မက်မှုနဲ့ ညစ်နွမ်းရပြန်ရော။

လိုရာမရတော့ ဒေါသကရိုက်၊ လိုရာရတော့ လောဘကရိုက်နဲ့၊ ကိုယ်လိုရာလက်မှာကိုင်ပြီး ငါပိုင်ပြီလို့ဆုံးဖြတ်လိုက်တာနဲ့ စွဲလမ်းခြင်း၊ သိမ်းပိုက်ခြင်း၊ စောင့်ရှောက်ရခြင်း၊ ဝန်တိုရခြင်း၊ စိုးရိမ်ခြင်း စတဲ့ ဆင်းရဲမျိုးစုံဟာ စိတ်ကိုရိုက်ပုတ်ညှဉ်းဆဲကြပြီနော်။ အဲဒီ ပစ္စည်းတွေကိုငါပိုင်မဟုတ်တော့ပြီလို့ ဆုံးဖြတ်လိုက်ချိန်ကစပြီး စွဲလန်းခြင်းကင်းသွားပြီ သိမ်းပိုက်စောင့်ရှောက်ရတာလည်း မရှိတော့ဘူး။ စိတ်ကလေးကြည်လာ အေးလာပြီနော်။ အဲဒီ ကြည်မှု အေးမှုမှာ အလှူခံရဲ့ အနန္တဂုဏ် ဓမ္မဓာတ်စိမ့်ဝင်ပြီး တည်လာတယ်။

အလှူပေး အလှူခံဆိုတာ အရောင်းနှင့်အဝယ်သမားမဟုတ်၊ အလဲအလှယ်သမားမဟုတ်၊ လောဘဒေါသကင်းနေတယ်။ တစ်ဖက်က ဒါနနဲ့သဒ္ဓါ တစ်ဖက်က သီလနဲ့မေတ္တာ ပေါင်းဆုံမိပါရော။ မြတ်သောအလှူခံရဲ့ ဂုဏ်ဟိတ်တို့က အလှူရှင်သို့ မြတ်သောအကျိုးပေးသက်ရောက်စေခဲ့ပြီ။ အလှူရှင်ရဲ့၊အလှူခံတို့ရဲ့စိတ်မှာ ကြည်သာချမ်းမြစမ်းလပမာ အေးခဲ့လေပြီ။

[၁၃၆၁ ခုနှစ်၊ ဝါးသုံးရုံသစ်တောစခန်း]



www.burmeseclassic.com

www.burmeseclassic.com



# လိုနေတဲ့အလို

လူပဲဖြစ်ဖြစ်၊ နတ်ဗြဟ္မာတို့ပဲဖြစ်ဖြစ်၊ အပါယ်ဘုံသားတွေပဲ ဖြစ်ဖြစ်၊ အလို(ဆန္ဒ)ကို သိမ်းပိုက်ထားလေသမျှ လိုမြဲလိုနေဦးမှာပါ။ အလိုဟာ အမြဲတမ်း အလိုပြနေတယ်။ ဘယ်လောက်ဘဲ စည်းစိမ်ဥစ္စာ ရှိရှိ လိုမြဲလိုနေဦးမှာပဲ။ အလိုရှိနေသမျှ အပိုထွက်လာစရာ အကြောင်း မရှိတော့ဘူး။

အလိုဆန္ဒ မပြည့်ဝအားမရခြင်းတို့ကြောင့် အချင်းချင်းငြင်းခုန် လုယက်ဖျက်ဆီး၊ ညစ်ပတ်ပွေလီနဲ့ ကြည်လင်ငြိမ်းချမ်းမှု မရှိတော့ ဘူး။ လောကမှာ ခံစားနေသမျှ အရာအားလုံးဟာ တစ်ခဏ အဆာ ပြေ မျှသာပါပဲ။ အပြီးအစီး ဝလင်စေနိုင်တဲ့ အဖတ်စာမျိုး မဟုတ်၊ ရေစာ မျိုးသာ၊ စားရင်းကဆာ၊ ရှာရင်းကကုန်နေကြတာ လောက သဘာဝ လိုဖြစ်နေပြီ။

[၁၃၆၁ ခုနှစ်၊ ပုံတောင်ပုံညာ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ရေခဲမုန့်နှင့်နိဗ္ဗာန်

လောကသုံးပါးဟာ ကံစိတ်ဥတုအာဟာရတို့ရဲ့ ပြုပြင်မှု ခံနေရတယ်။

- ကံက ရေကိုရေခဲဖြစ်အောင်လုပ်တယ်၊ အပူဓာတ်ပေးပြီးခဲတယ်။
- စိတ်က ရေခဲကို အမြဲဆုပ်ကိုင်မိဖို့ သေတ္တာတစ်မျိုး စီမံရတယ်။
- ဥတုက ရွေ့လျောမသွားအောင် ရေခဲသေတ္တာထဲမှာ ထည့်ပေးထားရတယ်။
- အာဟာရက ရေခဲထဲမှာ နို့သကြားစသည်ထည့်ပြီး ရေခဲမုန့်လုပ်တယ်။

အဲဒီအကြောင်းလေးမျိုးနဲ့ တည်ဆောက်ထားတဲ့ ရေခဲမုန့်ဟာ စားသုံးရာမှာ ကြာကြာမခံပါဘူး။ ပင်ကိုကမှအခဲမျိုးမဟုတ်လေတော့ ဘယ်မှာ အဖတ်တင်ပါတော့မတုန်း။

နိဗ္ဗာန်ဆိုတာ ကံစိတ်ဥတုအာဟာရတို့နဲ့ မြေတောင်မြှောက်ပေးထားတဲ့အရာမဟုတ်ဘူး။ ကံစိတ်ဥတုအာဟာရတို့နဲ့ အမြဲပြုပြင်ပေးနေရပြီး အမြဲဖောက်ပြန်နေတဲ့ ဘူတရုပ်မျိုးလည်း နိဗ္ဗာန်မှာ မရှိဘူး။ ကံစိတ်နှစ်ပါးနဲ့ ကျင်လည်နေရတဲ့ ငရဲပြိတ္တာ အသူရကာယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုံသားတွေလိုလည်း ဥပါဒါန်အစွဲရုပ်မျိုး နိဗ္ဗာန်မှာမရှိဘူး။ ကံစိတ်နှစ်ပါးနဲ့ပဲ ကျင်လည်နေရတဲ့ အထက်တန်းစားနတ်ဗြဟ္မာတွေလိုလည်း ဥပါဒါန်အစွဲရုပ်မျိုး နိဗ္ဗာန်မှာမရှိဘူး။

ဒါကြောင့် နိဗ္ဗာန်ဆိုတာ အမြဲငြိမ်သက်အေးချမ်းနေပါတယ်။ ဖေါက်ပြန်စရာ ပျက်စီးစရာ ရုပ်သော်လည်းကောင်း နာမ်သော်လည်းကောင်း၊ တစ်စုံတစ်ခုသော ပြုပြင်တည်ထားရတဲ့ အရာမျိုးမှ အလွတ်ဖြစ်နေတဲ့အတွက် တစ်စုံတစ်ခုသော ကြောင့်ကြဗျာပါဒ စိုက်ထုတ်ရမှုမရှိတော့ပါဘူး။

[၁၃၆၂ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



## အစကောင်းမှ အနှောင်းသေချာ

ဒါန သီလ ဘာဝနာသုံးဆင့်မှာ ဗုဒ္ဓဘာသာဝင်အများစုလုပ်နေကြတာ လုပ်နိုင်ကြတာ ဒါန။ ဒါနသည် အစကောင်းမှ အနှောင်းသေချာတဲ့၊ ဘာပဲလှူလှူ နိဗ္ဗာန်ကိုရည်စူးပြီးလှူသော်လည်း အကျိုးပေးတာက နတ်ပြည်ခြောက်ထပ်နဲ့ လူ့ဘုံ။ ကာမသုဂတိ ခုနစ်ဘုံဆိုတော့ ကာမဘုံက မလွတ်သေးဘူး။ ကာမဘုံမှာ ကျင်လည်နေရသမျှ'အထက်ကိုနေပါဦး အောက်ကိုလုံအောင်ဖုံး' ဆိုတဲ့စကားလိုပဲ။ အပါယ်ဘေးဆိုးကြီးက မလွတ်သေးပါဘူး။ ကာမဘုံသားတို့ရဲ့ ဒါနခန်းကိုကြည့်ရင် . . .

၁။ လှူတဲ့ကာလ ငါစွဲကြီးနဲ့ လှူနေရင် အလှူအကျိုးပေးချိန်မှာ လည်း ငါစွဲကြီးသူပဲ ဖြစ်လာတတ်ပါတယ်။ မိမိကိုယ်ကို အထင်ကြီး နေမယ်။ ဘာလုပ်လုပ် ငါကအသာစီးရမှဆိုတဲ့ စိတ်ယုတ်မာတွေဝင်လာတတ်တယ်။

၂။ လှူတဲ့ကာလ ပစ္စည်းစွဲအားကြီးနေရင် အလှူအကျိုးပေးချိန်မှာ အာရုံငါးပါးအပေါ်မှာ စွဲမက်မှုအားကြီးနေတတ်တယ်။ ဘာတွေ့တွေ့ အာရုံတို့အပေါ်မှာသာ ပျော်မွေ့နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



၃။ လူ့ူတဲ့ကာလ အလှူခံပုဂ္ဂိုလ်အပေါ် စိတ်ညွတ်နေမယ်ဆို ရင်လည်း နောင်တစ်ချိန် အလှူအကျိုးပေးခံစားတဲ့ကာလ ကိုယ့် စိတ်က သူ့ဘက်ယိုင်နေတတ်တယ်။ သူတစ်ပါးတို့အပေါ် ခင်မင်မှု အားကြီး နေတတ်တယ်။

ဒါကြောင့် အစကောင်း အနှောင်းသေချာအောင် လှူတဲ့ကာလ ကလေးမှာ ငါစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပစ္စည်းစွဲ အစွဲလွတ်လှူတတ်အောင် သတိကလေးကပ်ပြီး လှူတတ်ကြပါစေ။

[၁၉၉၈ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## လိုချင်တာရ ဘဝပြီးစတမ်း

ကာမကုသိုလ်ဆိုတာ အလိုနဲ့ရင်းထားတဲ့အတွက် အလိုကိုပဲ အကျိုးပေးတတ်တယ်။ အလိုရမွက်ရဲ့ နှိပ်စက်ခြင်း၊ အလိုရှိရာဝတ္ထု အာရုံတို့၏ ဖျက်ဆီးခြင်းတို့ကို လှလှကြီး ခံကြရစမြဲ။ ဒီနေ့ကာမ လောကသားတွေဟာ သူ့ကြိုက်ပစ္စည်း၊ ကိုယ်ကြိုက်ပစ္စည်း၊ သူ့အာရုံ၊ ကိုယ့်အာရုံ လဲယူသုံးစားနေကြတယ် မဟုတ်ပါလား။ အလို အလိုချင်း ဖြည့်တင်းပေးနေကြတယ်။ အလို အလိုချင်း စစ်ခင်းနေကြပါတယ်။

လင်နဲ့မယားဆိုတဲ့ အိမ်ထောင်ရေးဘဝတွေကို ကြည့်လိုက်စမ်းပါ။ အလိုတူအလိုပါ လိုချင်တာရ ဘဝပြီးစတမ်းနဲ့ပဲ စခန်းဖွင့် စခန်းသိမ်းနေကြတယ်မဟုတ်ပါလား။ အစကတော့ သူစိမ်းနှစ်ဦး၊ လင်မယားဘဝမှာ တစ်ပူးတွဲတွဲ၊ ဒီလိုခွဲမရအောင် အလိုဆန္ဒက ချုပ်နှောင်ထားလိုက်တာ၊ သူခေါ်ရာလိုက် သူ့အကြိုက်ဆောင်၊ သူနှောင်ရာ အသာနေနဲ့ တွေဝေမိန့်မော ကာမတောမှာပဲ တဝဲလည်လည် နေကြရပါတယ်။

အလိုနဲ့ရင်းပြီး အလိုကိုပဲအကျိုးပေးတတ်တဲ့ ကာမကုသိုလ် အဆင့်က မြင့်တက်အောင် ကြိုးစားကြစမ်းပါ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## လမ်းဆုံးပန်းတိုင်

ဒီနေ့ကာမလောကသားတွေ ဘာကိုတမ်းတမ်းတတရှိနေကြသနည်း။ အဘယ်နောက်သို့ တစ်ကောက်ကောက် လိုက်နေကြသနည်း။ ကာမလောကသားတို့ရဲ့ အထွတ်အထိပ်ပန်းတိုင်ကား အဘယ်အရာနည်း။

ဒီမေးခွန်းသုံးခုကို ဖြေကြည့်စမ်းပါ။ စိတ်အကြံ နှုတ်အဖွင့် ကိုယ်အမူအရာသုံးဆင့်တို့ဖြင့် ချင့်တိုက်ကြည့်၊ တိုက်ရိုက်တဲ့တိုး အဖြေသိပါလိမ့်မယ်။

- ရူပတဏှာ ညဉ့်စရိုက် ဝါသနာပါသူက အဆင်းအာရုံမှန်သမျှ သက်ရှိသက်မဲ့ မရှောင် ပြောင်ပြောင်ကြီးလိုက်စားနေကြရဲ့။
- သဒ္ဒတဏှာ ညဉ့်စရိုက် ဝါသနာအစွဲပါသူက အသံအာရုံ ကြားရင် သက်ရှိသက်မဲ့မရွေး အပြေးနားထောင်နေကြရဲ့။

ဒီလိုပဲ အနံ့ အရသာ အတွေ့ အတွေး ညဉ့်စရိုက်ဝါသနာပါသူတွေကလည်း ကိုယ်အာရုံကျရာမှန်သမျှ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ဝတ္ထုအာရုံကာမဂုဏ်တွေမှာ ခုံမင်တမ်းတ အငမ်းမရ ဖြစ်နေကြပါတယ်။ အလိုကျရာ အာရုံရှင်ရဲ့နောက် တကောက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေကြပါတယ်။ နောက်ဆုံးတော့ ကာမဂုဏ်မေထုန်အကျင့်ဟာ လောကသားတို့ရဲ့ နောက်ဆုံးပန်းတိုင် ဖြစ်ခဲ့ရပါတယ်။

ကာမလောကသားတွေဟာ တစ်ဦးနှင့်တစ်ဦး လင်အဖြစ် မယားအဖြစ်ပေါင်းသင်းကြရာမှာ စိတ်မှာအလို ကိုယ်မှာတော့ဝတ္ထုနှင့် အာရုံတို့ကို ကြားခံထားရပါတယ်။ အလိုရဲ့ ပူဆာခြင်းကို မခံမရပ်နိုင်တော့တဲ့ လောကလူသားဟာ ဉာဉ်သွေး စရိုက်သွေး ဝါသနာသွေးများ ကပါ အုံကြွလာတဲ့အခါ တစ်ဖက်ရဲ့အလိုလည်းလိုက်၊ အကြိုက်လည်းဆောင်၊ တစ်ဖက်ရဲ့ အာရုံတိုက် ဝတ္ထုတိုက်ကိုလည်း နှစ်နှစ်ခြိုက်ခြိုက် လက်ခံပေးရပါတယ်။

စာရင်းကိုင်နဲ့ စာရင်းငှား ဒိုင်နဲ့ထိုးသားလို အလိုတူ ကြည်ဖြူသွားရတာ တမ်းတရာနောက် တကောက်ကောက်လိုက်ခဲ့ရတဲ့ ကာမအလိုကို မလွန်ဆန်နိုင်ကြလို့ပါပဲ။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ ဩဂါဒ]



www.burmeseclassic.com

www.burmeseclassic.com



# မမြတ်တာရှုံးလို့

ဗုဒ္ဓဘာသာဝင်တွေရဲ့ ဥပုသ်တော်သီလမှာ 'အဗြဟ္မာစရိယာ ဝေရာမဏီ' ဆိုတာ မမြတ်သောမေထုန်အမှုမှ ရှောင်ကြဉ်ပါ၏လို့ ဝန်ခံစောင့်ထိန်းကြတာမဟုတ်လား။ မေထုန်ကို မမြတ်ဘူးလို့ ဆိုထားတယ်။ ဘာကြောင့်မမြတ်တာလဲ။ မမြတ်တာရှုံးလို့။ ကျေးဇူးကြီးလှပါတယ်ဆိုတဲ့ မိဘကိုတော့ လုပ်မကျွေးဘဲ မယား လုပ်ကျွေး လင်လုပ်ကျွေးနဲ့ ကာမကြွေးဆပ်နေကြရသမျှ အရှုံးပေါ် နေကြမှာပဲ။

မေထုန်အကျင့်မှာ နှလုံးသွေး ဆူပွက်ခြင်း၊ ရှိသမျှသွေးသားများ လှုံ့တက်ခြင်း၊ သွေးကြောလေကြောတွေလည်း တခဲနက် ခက်ထန် လာခြင်း၊ ရိုးတွင်းခြင်ဆီများ အရည်ပျော်ခြင်းအထိ ရုပ်ကိုဖျက်ဆီး ပစ်လိုက်တယ်။ ဣန္ဒြေမဆည်နိုင်အောင်လည်း စိတ်ကို ဖျက်ဆီးပစ် လိုက်တယ်။ ရုပ်လည်းရှုံး၊ စိတ်လည်းရှုံး၊ ဘာဆိုဘာမှ သတိမရတော့ လောက်အောင် အရှုံးပေါ်စေတယ်။

အဲဒါကြောင့် ဥပုသ်နေ့လေး တစ်နေ့တော့ဖြင့် အမြတ်ရကြပါ စေရယ်လို့ အဗြဟ္မာစရိယာ ဝေရာမဏီလုပ်ကြရတယ်။ မမြတ်သော (ဝါ) ဘဝကို အရှုံးပေါ်စေသော မေထုန်အမှုမှ ရှောင်ကြရတယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလ္လူတော]

www.burmeseclassic.com



## ဘက်မညီနွားတစ်ရှဉ်း

လိုစိတ်၊လိုချင်စိတ်ကို ကြိုက်စိတ်၊ကြိုက်လောဘလို့လည်း ခေါ်ရတယ်။ စိတ်ပေါ်မှာ ကြိုက်လောဘ ဖိစီးလိုက်ပြီဆိုရင် ဘဝင်လေအပင့် အခုန်ကြောင့် နှလုံးအိမ်မှာ ခိုဝင်နေတဲ့ နှလုံးသွေးတွေတုန်ခါလာတယ်။ နှလုံးသွေးတုန်ခါနှုန်းအတိုင်း ကြိုက်အာရုံပုံရိပ်တွေပြန်ပေါ်လာတယ်။ အဲဒီနောက် သည်းခြေ၊ အသည်းနှလုံး စတဲ့ကိရိယာတွေလည်း လှုပ်ရှားလာတယ်။ ဘဝင်လေတိုးလေ နှလုံးသွေးပွက်ပွက်ဆူလေ၊ ခန္ဓာတွင်းက သွေးတွေလည်း ပုံမှန်ထက်ပိုပြီး ရဲတက်လာတယ်။ သွေးပြန်ကြော သွေးလွှတ်ကြောများအတိုင်း သွေးလည်ပတ်နှုန်း မြန်လာပြီး စက်ယန္တရား လည်ပတ်အားကောင်းလာလေ စက်ဆီလောင်စာဆီ ပိုကုန်လာသလိုပဲ ခန္ဓာတွင်းက သွေးတွေ ကုန်ခမ်းအား ပိုများလာတယ်။ ဇီရဏတေဇောလို့ ခေါ်တဲ့ခန္ဓာကို အပူပေးတဲ့လေက သွေးကိုဝါးမျိုပစ်လိုက်တယ်။

အဲဒီမှာ ကြိုက်အာရုံပုံရိပ်က ပိုပြီးပီပြင်လာတယ်။ နှုတ်ခမ်းလေးလှုပ်လာသလို မျက်တောင်ပဲခတ်လာသလို။ ဒီမှာ ကြိုက်စိတ်မွှန်လာတော့ ရအောင်ယူဖို့ကြိုးစားလာပါရော။ အကြိုက်ရက်စက် ရမွက်



www.burmeseclassic.com

www.burmeseclassic.com



ထန်သူတို့ရဲ့ ထုံးစံအတိုင်း အကြိုက်ချင်းလဲလှယ်ဖို့ အကြိုက်ပေးရတယ်။ အခြုံအမြုံမှသည် ယူစဉ်ကာလအထိ နှစ်ဦးနှစ်ဖက် သွေးပျက်စေတယ်။ ကြိုက်တာလေးမရခင် စိတ်ပူရ၊ အကြိုက်လုခံရတော့ တိုက်ရ ခိုက်ရနဲ့ နည်းနည်းမှမသက်သာ။

ကြိုက်တာလေး ရပြီဆိုပါစို့။ ဉာဉ် စရိုက် မျိုးရိုးဓလေ့၊ ဖိုမသဘာဝ မတူညီတာတွေ ကြုံရလေမှ ထမ်းပိုးတိုလမ်းကျဉ်း ဘက်မညီနွား တစ်ရှဉ်း ဝန်ရုန်းနေပုံမျိုးဆိုတာ သိလာရပြီ။ အကြိုက်က မွေးဖွားပေးလိုက်တဲ့ သားစာ သမီးစာရှာရ၊ စီးပွားရေးလောကထဲ အလုအယက် တကျက်ကျက်၊ လူမှုရေးဘက်လည်း တကျက်ကျက်၊ အားလုံးရဲ့လက်သည်ဟာ အကြိုက်ကစခဲ့တာပဲ။

ကြိုက်စိတ် (ဝါ) လောဘနဲ့ပေါင်းလို့ ကောင်းတယ်လို့ ထင်ရတာ တစ်ခဏ၊ လောဘဖျက်လို့ပျက်ရတာကတော့ အသက်ကမ္ဘာဆက် သူရောကိုယ်ပါပျက်။

[၁၃၆၁ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



## တဏှာပေမချစ်သမျှ

- ပါပတို့ရွာ၊ တဏှာနဲ့ဆန္ဒသွေး၊
- အကျပြို မျှမလိုလိုနဲ့
  အချုပ် သူသရမ်း ကမ်းကုန်ဘိလေး။

[၁၃၆၁ ခုနှစ်၊ လယ်ဓမ္မ၊ ဂန့်ဂေါ]

## ငိုချင်းချနှင့် ကချေသည်

- ငိုချင်းသည်
  ကိုယ်ချင်းမှီ ဟန်မရပြန်ပါမည်။
- သူ့မှာလည်း အပူသည်
  ကူမည်အထင်နှင့် ငါ့လာပေါင်း။
- လူမရှိ အပူမိနှစ်ကိုယ်တာမို့
  သူငိုငို ငါမဲ့မဲ့
  လှည့်ခဲ့ရဘဝလမ်းကြောင်း။

[၁၃၆၀ ခုနှစ်၊နတ်တော်လ၊ ကျောက်ထီးတောရ]



www.burmeseclassic.com

www.burmeseclassic.com



# ငရဲခန်း တန်းခနဲ

ကြိုက်တာရတော့ လောဘ၊ ကြိုက်တာမရတော့ ဒေါသ။ ဒေါသသည် လောဘရဲ့ တစ်ဖက်စွန်း။ ဒေါသမှာ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတွေ ပါလာတယ်။ ကိုယ့်ထက်သာ မနာလို၊ ကိုယ့်လိုသူများ ကောင်းစားမှာလည်း မနာလို။ ဒေါသအလျောက် လုပ်ချင်တာလုပ်ပြီး ပွဲပြီးမီးငြိမ်းတော့ ပြုခဲ့သမျှ နောင်တရ။

အဲဒီလို နောင်တတန်းလန်းနဲ့များ သေရမယ်ဆိုရင်၊ ဒါမှမဟုတ် မိမိကို အနိုင်ယူသွားတဲ့သူအပေါ် မကျေမချမ်းဖြစ်လျက် သေရမယ်ဆိုရင်၊ သို့မဟုတ် ကိုယ်ကနိုင်ခဲ့လို့ အောင်ပွဲခံနေစဉ် ကိုယ့်ကိုလာရောက် နှောက်ယှက်တဲ့သူတွေကို တွေးမြင်ပြီး သေရမယ်ဆိုရင် ငရဲခန်း တန်းခနဲကျခံရပေလိမ့်မယ်။

ငရဲခန်းဆိုတာ တဏှာပေါ် ဒေါသဆင့် အတင့်ရဲရဲကျူးလွန်မိရာက သွားရတဲ့နေရာ။

မာနပေါ် ဒေါသဆင့် ဒုစရိုက်ခန်းဖွင့်မိရာက ရောက်ရတဲ့နေရာ။ ငါစွဲဒိဋ္ဌိပေါ် ဒေါသတင်း ဆင်ခြင်တုံတရားကင်းသူတို့ သွားတဲ့နေရာ။ ငရဲဆိုတာ ဒေါသကဲ အလွဲစိတ် ဖန်ဆင်းရာ ဘုံစခန်းပါပဲ။

[၁၃၆၁ ခုနှစ်၊ မောနေယျတေး]



www.burmeseclassic.com

www.burmeseclassic.com



## တရားခံ ပြန်ပေဦး

အမုန်းလွန်တော့ဒေါသ၊ အကြိုက်လွန်တော့ရာဂ၊ လူသားတိုင်း စောင့်စည်းထိန်းသိမ်းအပ်တဲ့ ငါးပါးသီလဆိုတာ ဒီရာဂနဲ့ ဒေါသကို ထိန်းပြီး ကိုယ်ချင်းစာ မေတ္တာထားခိုင်းနေတာ။

- ကြက်ဝက်နွားငါးတွေ သတ်စားနေကြတယ်။ ဘာကြောင့် သတ်စားရသလဲ၊ အကြိုက်လွန်ရာဂကြောင့်မဟုတ်လား။ မြွေ ခြင် ယင် ကြမ်းပိုးတွေသတ်နေကြတယ်။ ဘာကြောင့် သတ်နေကြသလဲ၊ အမုန်းလွန်ဒေါသကြောင့်မဟုတ်လား။

- သူပိုင်ပစ္စည်း နည်းအမျိုးမျိုးနဲ့ ရယူဖို့ကြိုးစားရာမှာ လိုချင်စိတ်၊ ဖျက်ဆီးစိတ် . . . ရာဂနဲ့ဒေါသတရားခံပဲ။

- သူများမယား၊ သူများသမီးသား ဖျားယောင်းပေါင်းသင်း တာကလည်း ပျော်ပါးလိုစိတ်နဲ့ စော်ကားလိုစိတ်ကြောင့်မဟုတ် လား။ တရားခံက ရာဂနဲ့ဒေါသ။

- သူ့ဆီက ရချင်တယ်၊ ကိုယ့်ဆီက မပေးချင်ဘူး၊ အဲဒီမှာ မုသား ထည့်လဲသုံး။ ရချင်တာနဲ့ မပေးချင်တာ ရာဂနဲ့ဒေါသ အကြောင်းခံပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူစိတ်ပျောက်ပြီး အရိုင်းစိတ်ပေါက်လာအောင် သောက်စား မူးယစ်တာကရော ပျော်ပါးလိုစိတ်နဲ့ စော်ကားလိုစိတ်။ ဒါလည်း ရာဂနဲ့ဒေါသပဲမဟုတ်လား။

ရာဂ ဒေါသဆိုတဲ့စိတ်တွေ ဘယ်ကဝင်ရောက်လာသလဲ။

မြင်, ကြား, နံ, စား, အတွေ့အထိနဲ့ တွေးမိမှားရာ မနေ့ာတံခါးက ဝင်လာတာမဟုတ်လား။ ဒါကြောင့် စောင့်စည်းခြင်း သီလဆိုတာ အာရုံတံခါးမှာ သတိအစောင့်ထားလိုက်တာပါပဲ။

[၁၃၆၁ ခုနှစ် ၊ကျော၊ ဂန့်ဂေါ]



www.burmeseclassic.com

www.burmeseclassic.com



# တက်ခေတ်ဆုတ်ခေတ်

- ခေတ်ဟူသည်က တစ်ခဏ စက္ကန့်ကျဖြင့် ရွေ့နေခြင်း၊
အချိန်ချင်းဆက် စက္ကန့်ထွက် နေ့ရက် နာရီဖြစ်စေခြင်း၊
စက္ကန့်ချင်းဆက် နာရီသက် နေ့ရက်များကို ဖွဲ့စည်းခြင်း၊
ခဏချင်းဆက် ရှေ့သို့ဆက်စဉ် တက်ခေတ်ဆုတ်ခေတ်
ပြောင်းလဲဖြစ်ကား...
'ညစ်-ဖြူ' နှစ်ခု စိတ်ကိုလု၍
သူ့အလိုကျ ကိုယ့်လိုကျ
လမ်းပြရာမှ စတင်ခြင်း။
'ညစ်-ဖြူ' နှစ်ခု စိတ်ကိုလုလျက်
သူ့ဘက်သို့ချ ကိုယ့်ဘက်ချဖြင့်
ပို့အပ်လေရာ ထိုရောခါ တွင်
သဒ္ဓါရှေ့ထွက် သီလစွက် တက်ခေတ်ပုံဖော်ခင်း။

[၁၃၆၂ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



## ကြွေးဟောင်းတစ်ကျပ် ကြွေးသစ်တစ်ရာ

လူ့ဘဝဆိုတာ ကာမကုသိုလ်ကြောင့် ရောက်လာရတဲ့ ကာမဘုံ၊ ကာမဘုံမှာ ကာမအာရုံ မခံစားပါနဲ့လို့ မပိတ်ပင်ပါဘူး။ အာရုံခံစားတဲ့အခါ သတိနဲ့ခံစားပါလို့ ပြောနေတာပါ။ သတိလွတ်တဲ့ အာရုံခံစားမှုဟာ ကြွေးသစ်ယူ စားသုံးနေတာပါပဲ။ သတိပါတဲ့ အာရုံခံစားမှုသာ ရစရာရှိတဲ့ ကြွေးဟောင်းကို လက်ခံစားသုံးနေခြင်း ဖြစ်ပါတယ်။

ဒီတော့ ကြွေးဟောင်းတစ်ကျပ်ဆပ်ပြီး ကြွေးသစ်တစ်ရာ ထပ်မယူသင့်တော့ပါဘူး။

ကြွေးဟောင်းတစ်ရာကို လက်ခံစားသုံးပြီး ကြွေးသစ်တစ်ထောင် မတင်အောင် သတိနဲ့ဖယ်ရှား စားသုံးကြစေလိုပါတယ်။

[၁၉၉၉ ခုနှစ်၊နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ပြိုင်သူရှုံးလိမ့်မယ်

ပွဲကိုနင်းရင် ဦးထောင်လာသလိုပဲ မာနဆိုတဲ့အယုတ်တရားဟာ ထောင်လွှားတက်ကြွခြင်းကို ဖြစ်စေပါတယ်။ မိမိအထက် တက်ပြိုင်ခြင်း၊ မိမိအောက် လျှောက်ပြိုင်ခြင်း၊ မိမိအတန်းလှမ်းပြိုင်ခြင်း၊ ဒီလို လိုက်ပြိုင်နေခြင်းဟာ မိမိကိုယ်မိမိအထင်ကြီးခြင်း၊ မြတ်နိုးအားကိုးခြင်းဆိုတဲ့ အမှားတွေကြောင့်ဖြစ်လာတာပါပဲ။

အထက်တက်ပြိုင်တော့ အထက်ပိုင်ရဲ့ အကိုင်ခံရမှာပဲ၊ ကိုယ့်မှာ ဥစ္စာလည်းပြုတ် အဆင့်နုပ်ပြီး ရှုံးရလိမ့်မယ်၊ အောက်ဆင်းပြိုင်တော့ မိမိမှာ သိက္ခာလည်းကျ၊ လာဘ်ကင်းပ အရှုံးပြပြီး ဘဝနာမှာ မုချပဲ။ တန်းတူချင်းပြိုင်တော့ မိမိမှာ စွမ်းအားလည်းလျော့၊ အလှမ်းလည်း မော့နဲ့ ထစ်ငေါ့ ထစ်ငေါ့ဖြစ်တော့မယ်။ မာနကြောင့် ဖက်ပြိုင်ခြင်း မှန်သမျှ ကိုယ်နိမ့်ကျဖို့ချည်း ဖြစ်လာတာပဲ။

တစ်ခါက နောက်ချေးပိုးထိုးကောင်တစ်ကောင်ဟာ အရက်သမားတွေထားခဲ့တဲ့ ခွက်ကျန်ခွက်ကပ်ကလေး သောက်မိရာက မာနစိတ်တွေဝင်လာတယ်။ မူးမိုက်မောက်မာလာတဲ့ ချေးပိုးထိုးကောင်ဟာ နောက်ချေးပုံပေါ်တက်ပြီး 'ဟေ့ ပြိုင်လိုသူထွက်ခဲ့ကွ' လို့စိန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ သူ့ခမျာ ခေါင်းမော့ရင်ကော့လို့မှမဆုံးမီ ဆင်ပြောင်ကြီးယိုချလိုက်တဲ့ ချေးတုံးပိပြီး တအိအိမြုပ်သွားပါရောတဲ့။

မာနနဲ့ ဖက်ပြိုင်နေမယ့်အစား ကိုယ့်တရားကိုယ်အားထုတ်ကြပါ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြပါ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## မာနနှင့်ဂါရဝ

မာနဆိုတာအယုတ်တရား၊ အထက်တက်ချင်လို့ ဖက်ပြိုင်ကာမှ အောက်ရပ်အပါယ်ဘုံကို သွားနေတာ မာနကြောင့်။ သူတော်ကောင်းကြီးများကတော့ ကိုယ့်ကိုယ်ကို အထူးပင်နှိမ့်ချထားတတ်ကြပါတယ်။ နှိမ့်ချလေလေ အထက်ရောက်လေလေဗျ။ သူတော်ကောင်းကြီးတွေကို ခေါင်းပေါ်တင်ထားရတယ် မဟုတ်လား။

အလောင်းတော် သုမေဓာရသေ့ဟာ သူ့ကိုယ်သူ နှိမ့်ချ၊ ဒီပင်္ကရာဘုရားခြေတော်ရင်း ဦးခေါင်းဝပ်စင်း ကိုယ်နဲ့တံတားခင်းပေးပြီးတော့ ဘုရားရဟန္တာကြီးများ နင်းလျှောက်သွားကြပါဆိုပြီး သူ့ကိုယ်သူလှူခဲ့တာ ဒီနေ့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ်နဲ့ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးက ခေါင်းပေါ်တင် ကိုးကွယ်နေကြပြီ မဟုတ်လား။ အဲဒါ မာနကြောင့်လား၊ ဂါရဝကြောင့်လား။

'ဂါရဝကြောင့်ပါဘုရား'

ဂါရဝေါစ နိဝါတောစ ရိုသေနှိမ့်ချခြင်းသာ သူတော်ကောင်းလက္ခဏာပါ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## မီးဝိုင်းအိမ်

ခွေးပါးခြည့်မလှဆိုသလိုပဲ လူတွေမှာ တဏှာမာန ဒိဋ္ဌိတွေသွား လေရာ လိုက်ပါလာကြတယ်။ ဒီနေ့အခြေအနေ လူတွေရဲ့ စိတ်နေ ကိုယ်ထား အပူကြား လမ်းသလားနေကြတယ်။ တဏှာ မာန ဒိဋ္ဌိတွေ ရှိနေသမျှ ပူနေမှာပဲ။ တဏှာ မာန ဒိဋ္ဌိဆိုတာ သူ့ဘဝကိုကအပူခံတတ် ခံ။ လာတိုက်တဲ့ အာရုံတွေကလည်း အပူတွေပဲစားသုံးနေကြတဲ့ အစားသောက်တွေကလည်း စပ်ပူ ချဉ်ခါး အပူခိုးတွေ အားကြီးတယ်။ ဥတုကလည်း ရေခဲတောင်တွေတောင် အရည်ပျော်နေပြီ ဆိုတော့ ဘယ်လောက်ပူနေပြီလဲ။ ဒီလိုဘက်စုံအပူအားတွေကြောင့် နဂိုကခပ် အေးအေးလူတစ်ယောက်တောင် မျောက်လောက်တော့ ဆော့တတ် လာပြီနော်။

ဒီတော့ အေးချင်လို့လည်းမနေသာ၊ သွေးပူလူဆာ အပူရှာပြီး တော့သာ နေကြရတော့တာပေါ့။ ကောင်းချင်ပေမယ့် မကောင်းသာ။ ရရာယူစား ခြေကားရားလက်ကားရားတွေ ဖြစ်ကုန်ရော။ ကံရော စိတ် ပါပျက်နေချိန်မှာ ဥတုနဲ့ အာဟာရက လိုက်ပျက်လာတော့ ဏ္ဍန္ဒြေ တွေပါပျက်လာပြီး ကာမစိတ်တွေယိုဖိတ်လို့မဆုံးတော့ဘူး။ တဏှာ ကြောင့် နှလုံးအိမ်ပူပြင်း၊ မာနကြောင့် စိတ်မောက်မာ၊ ဒိဋ္ဌိကြောင့် သည်းခြေမငြိမ်နဲ့ မီးဝိုင်းအိမ်ထဲ နေရသလို ဖြစ်နေကြတယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ဘဝကျွမ်း

လူတွေဟာ အပူထဲမှာနေပြီး အပူကိုပဲရှာနေကြ မျှော်နေကြတယ်။ စိတ်ဟာ အာရုံတစ်ခုခုကို မျှော်နေတတ်တယ်။ အဲဒီမှာ သူ့အာရုံ ကိုယ့်လာဟပ်၊ ကိုယ့်အာရုံကလည်း သူ့သွားဟပ်နဲ့ အဟပ်အစပ်တည့်သွားပြီဆိုတာနဲ့ အပူစတော့တာပဲ။ ချစ်ကျွမ်းဝင်တယ်လို့ စကားလှအောင်သုံးထားပေမယ့် ကျွမ်းပြီဆိုမှတော့ ပြာကျဖို့ပဲရှိတော့တယ်။ အလောင်ကြမ်းတော့ ဘဝကျွမ်းရပြီ။

တစ်ဦးနှင့်တစ်ဦးလိုလားခြင်း၊ မိတ်ဖွဲ့ခြင်း၊အပေးအယူလုပ်ခြင်း၊ သဘောတူကြည်ဖြူခြင်းဆိုတဲ့ ကံမီးတွေလောင်ရာကကျွမ်း၊ ကုန်ရာက ခန်းရပါလေရော။ တကယ်လို့များ ကံမီးအစား ဈာန်မီးကိုသာ အကျွမ်းဝင်ခဲ့မယ်ဆိုရင် သွေးသားမခန်းလူမကျွမ်းဘဲ ကံမီးကိုသာ ကျွမ်းစေပါလိမ့်မယ်။ ဈာန်ဆိုတာကိလေသာအပူတွေကို ရှို့မြိုက်ပစ်ပြီး တစ်ကိုယ်တည်း ငြိမ်းအေးနေတာ။

လောင်ကျွမ်းခဲ့ရတဲ့ ဘဝတွေများလှပြီမို့ တစ်ဘဝလောက်တော့ အေးအေးချမ်းချမ်း နေကြည့်စမ်းစေချင်တယ်။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရသြဝါဒ]

**သုဝဏ္ဏသျှပ်စာစဉ်**

www.burmeseclassic.com

www.burmeseclassic.com



# ထမင်းလုံးတစ္ဆေ

အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ဆိုတဲ့အာရုံငါးပါး တစ်ပါးပါးကို စွဲလမ်းနေခြင်းဟာ ထမင်းလုံးတစ္ဆေအခြောက်ခံနေ ရခြင်းသာ။ အာရုံတို့မည်သည် ဘယ်သူကိုမှ သက်ညှာရိုးထုံးမရှိ။ သို့သော် အာရုံဆိုတာ အာရုံရှင်မှ ထွက်ကျလာတဲ့ အရိပ်မျှသာ။ အာရုံ ချင်းဆက် လူချင်းဖျက်နေတာ အစွဲကဆင်းလာတဲ့ ကိလေသာက ဝင် ဖျက်နေတာ။ ဒါကြောင့် အာရုံငါးပါး တံခါးငါးပေါက်မှာ ကိလေသာ မဝင်သာအောင် သတိကလေး အစောင့်ချထားစမ်းပါ။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# လွဲတတ်လေစွ

အခါတစ်ပါး ဗုဒ္ဓမြတ်ဘုရား ထံတော်ပါး ဥပသကာငါးဦးရောက်လာပူဇော်ကြတယ်။ ဘုရားရှင်ကလည်း ဒါန၊သီလ နှုတ်ခွန်းဆက်တရား ဟောကြားပါတယ်။ ဒါပေမဲ့ အဲဒီငါးယောက်ထဲမှာ ...

မြွေနဂါးဘ၀ကလာခဲ့သူဟာ မြွေဘ၀တုန်းကလို ကိုယ်ကိုရစ်ခွေ၊ အခွေလေးပေါ် ခေါင်းတင်ပြီး မှိန်းနေသလို ဘုရားဟောတရား စိတ်မဝင်စား၊ ဒူးပေါ်မေးတင်ပြီး ငေးနေသတဲ့။ မျောက်ဘ၀က လာခဲ့သူကတော့ မျောက်ဘ၀တုန်းကလိုပဲ ခြေဆော့လက်ဆော့နဲ့ ဘုရားဟောတရား စိတ်မဝင်စားခဲ့ဘူးတဲ့။ တီကောင်ဘ၀က လာခဲ့သူကလည်း ဘုရားဟောတရားထက် မြေကြီးကိုပဲ စိတ်ဝင်စားတယ်။ မြေကြီးကို တုတ်နဲ့ခြစ်နေသတဲ့။ နက္ခတ်ကြည့်သမားဘ၀က လာခဲ့သူကလည်း ဘုရားကိုကျော်ပြီး မိုးပေါ်ကနက္ခတ်တာရာတွေကို ငေးနေပါသတဲ့။ ကျန်တစ်ယောက်သာလျှင် နားနှင့်တရားတစ်သားတည်းကျလျက်ရှိပါတယ်။

ဥပသကာ ငါးယောက်ရဲ့ အခြင်းအရာကို သိမြင်တော်မူတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက 'လောကမှာ မီးတကာ့မီး ရာဂမီးသည် လောင်အားကျွမ်းအားအကြီးဆုံး၊ ဖမ်းစားခြင်းတွင် ဒေါသ၏ ဖမ်းစားခြင်းသည် အစွာဆုံး၊ ပိုက်ကွန်အားလုံးတို့တွင် မောဟဟူသော ပိုက်ကွန်သည် အကျယ်ဝန်းဆုံး၊ ကြွေးကောက်သမျှမြစ်အားလုံးတို့တွင် တဏှာဟူသောမြစ်သည် အစွာဆုံး' လို့ ဟောတော်မူရာ တရားကို စိတ်ဝင်စားသူ ဥပသကာသည်သာ တရားထူးရပြီး ကျွန်လေးယောက်ကား နီးလျက်နဲ့ဝေး ပေးလျက်နှင့်မရ။

မရချင်ရင် ဘုရားနဲ့ကြုံဆုံရသော်မှ လွဲတတ်လေစွ။

[၁၉၉၉ ခုနှစ်၊ နက်တလူတောရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# ယုံကြည်ချက် စွမ်းအင်

ဘာလုပ်လုပ် သဒ္ဓါဆိုတဲ့ယုံကြည်ချက်သည် အရေးကြီးတယ်။

မယုံခြင်းဟာ ဘဝင်လေဖိ နှလုံးအိမ်အပူမိစေပြီး စိတ်ကို နောက်ကျိစေတယ်။ ယုံခြင်းကတော့ ဘဝင်ငြိမ်သက် နှလုံးအိမ်အပူမတက်ဘဲ စိတ်ကိုကြည်လင်စေတယ်။ ယုံစိတ်ကင်းမဲ့နေသူမှာ ပညာစက်ယန္တရား ချွတ်ယွင်းပျက်စီးနေပြီး စိတ်ချလက်ချ မရှိနိုင်တော့ဘူး။ ဗျာပါဒနှိပ်စက်တာခံနေရတယ်။ အလိုမကျ အားမလို အားမရစိတ်တွေထကြွနေပြီး ထိတ်လန့်တုန်လှုပ်နေတတ်တယ်။ လှိုင်းဂယက်ထဲက ဒိုက်တွေ အမှိုက်တွေလိုပဲ။

အလိုမကျ ဗျာပါဒအားကြီးလျှင် နှလုံးသွေးမည်းညစ်။ လန့်စိတ်ပြန့်စိတ်မျှဆိုလျှင် နှလုံးသွေးညိုပုပ်ပျစ်ချွဲ။ နှလုံးသွေးမကြည်လျှင် သွေးကိုမှီနေတဲ့စိတ်လည်း မကြည်တော့ဘူး။

ယုံစိတ်ရှိသူမှာ တဏှာအစေးမထခြင်း။ ဒေါသသွေး၊ မောဟသွေးများ မည်းညစ်ပျစ်ချွဲခြင်းမရှိ။ နှလုံးသွေး အေးကြည်နေတယ်။ သွေးမှီစိတ်စေတသိက်တွေလည်း အေးကြည်နေတယ်။ အဲဒီအေးကြည်နေတဲ့စိတ်ကလေးမှာ ကောင်းအာရုံစွမ်းအားအပြည့်ရှိတဲ့ ကံ



www.burmeseclassic.com

www.burmeseclassic.com



သတ္တိများ မျိုးစေ့ပမာ ကိန်းဝပ်စေပါတယ်။ ကံစိတ်များ ဦးခေါင်းပြု ရာ ဘုရားအစထား သဘာဝဓာတ်အားများကလည်း မိမိရဲ့ မနော အကြည်ဓာတ်ဆီ လာရောက်ထိဟပ်နေပါတော့တယ်။ ကံယုံ သတ္တိမှာ ရတနာသုံးပါးအပေါ် ယုံတဲ့သတ္တိတွေ ထပ်ပိုးအစွမ်းပြပြီး . . .

လူသားတစ်ဦးရဲ့ အကျိုးခံစားခွင့်ကို အမြင့်ဆုံးသို့ ပို့ဆောင်ပေး လိုက်ပါတယ်။

လူရဲ့ အမွန်မြတ်ဆုံးသော ဥစ္စာဟာ ယုံကြည်ချက်ပါဘဲ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## အရှုးအမူး အထူးသတိ

သည်းခြေပျက်နေတဲ့အရူးဟာ ထူးတာလည်းမသိ၊ မထူးတာလည်းမသိ။ သွေးလေပျက်နေတဲ့ အရက်မူးသမားလည်းဒီလိုပဲ၊ ကောင်းဆိုး ထူးခြား ခွဲခြားမသိ။

အရူးက ဘဝတစ်ခုလုံး လက်လွှတ်ထားရသူ၊ အရက်သမားက ကာလတိုတစ်ခုအတွင်း လူသက်လူသိကင်းနေသူ။ တကယ်တော့ အရူးရောအမူးရော အခြေပျက်အနေပျက်၊ အသရေမတက်၊ ရွှေမဆက် ငွေမဆက်တွေချည်းသာ။

ဒီလိုပဲ အရွယ်ရောက်လာတဲ့ ဖိုမသားသမီးတွေမှာ ကြိုက်သွေးမွှန်လာတဲ့အခါ အရူးပမာ၊ အမူးပမာ ထင်ရာစွတ်လုပ်လာကြတယ်။ အာရုံဆိုတာကလည်း ညှို့ခါတ်ပါတဲ့ အဆွဲမျိုး၊ ဖိုမစိတ်ကပါ သွေးနှိုးပေးလိုက်တဲ့အခါ အကြိုက်စီးပိုးခံနေရတဲ့ သားသမီးတွေခမျာ ဘာမှဆင်ခြင်ဉာဏ်မရှိတော့ဘူး။ ကြိုက်စိတ်နောက် မိုက်စိတ်ဝင်လာပြီ။

အရူးအမူး ဉဉ်တိုး ကာလမျိုးတစ်မျိုးလို့ ဆိုရမှာပေ့ါ။ ကာလသား ကာလသမီးများဖြစ်ပွားလေ့ရှိတဲ့ ရောဂါဆန်း။ ကြိုက်စိတ်နှင့်ယှဉ်ပြီး ဖြစ်လာတဲ့ ရာဂသွေးရာဂဉဉ်က ကလိချိန်၊ ခြင်ဆီပြည့်



www.burmeseclassic.com

www.burmeseclassic.com



သွေးအားပြည့်ရှိလာချိန်နဲ့ အချိန်ကိုက်ဖြစ်နေတယ်။

ဆီရေလေဝိုင်အပြည့်ဖြည့်ပြီး အဆင်သင့်ဖြစ်လို့ စက်နှိုးလိုက်တာနဲ့ မြည်ဟည်းတုန်ခါ အသံထွက်လာတော့တာပဲ။ လီဗာနင်းရင်နင်းသလောက် မီးအားစက်အား ပြင်းထန်ပေါက်ကွဲ လာတော့တယ်။ သွေးလည်းမြူးစ စိတ်ရူးထချိန် အာရုံဆောင့်တိုး သွေးလှုပ်နှိုးလိုက်တာနဲ့ ဒိန်းဒိန်းခုန် တုန်တုန်လူး အရူးအမူးဓာတ်လမ်း တစ်စခန်းထတော့တာပဲ။

ဒီအချိန်မှာ ဖျက်ချင်တဲ့သူကလည်း အကြိုက်ပေးပြီး ဖျက်ဆီးဖို့ အသင့်စောင့်နေပါတယ်။ စားနေကျကြောင်ဖားကြီးများ ကြွက်ချောင်းသလိုချောင်းပါတယ်။ အမျိုးကောင်းသားသမီးများ အထူးသတိထား ကာကွယ်ရမယ့်အချိန် ဖြစ်ပါတယ်။ အမျိုးဘာသာ သာသနာ့ဂုဏ်သိက္ခာဖြင့် ညင်ညင်သာသာ ပညာပါပါကာကွယ်ထိန်းသိမ်းပေးကြပါ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ သြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## ရေအကျိုးဆယ်ပါး
## (ရေမှဖြစ်သောစွမ်းအား ဆယ်ချက်)

အသက်ရှည်ရှည် ရုပ်ရည်လှလှ
သုခထွားထွား ခွန်အားကောင်းကောင်း
ဉာဏ်ဖောင်းထက်ထက် ကိုယ်လက်သန့်သန့်
ခန့်ခန့်ဂုဏ်လျှိုင်း ဝိုင်းဝိုင်းရံရွေ
ရေဆာပါးပါး အသွားမြန်မြန်
ဤဆယ်တန်သည်
ရင်းခံရေကျိုး တန်ခိုးတော်။

[အရိယာရွှေပြည်ဆည်တော်ကြီးအောင်ပွဲ
သာစည်ရွှေကျောင်းကုန်းတောင် ၁၃၅၅ ခုနှစ်။]



www.burmeseclassic.com

www.burmeseclassic.com



# မကောင်း… မကောင်း… မောင်းထုတ်

လောကကြီးမှာ သဘောတူရာချင်းသာ ပေါင်းဖက်ဆုံတွေ့တတ်ကြပါတယ်။

ကိုယ့်မှာ မာနကင်းနေရင် ဂါရဝရှိသူနဲ့သာ ဆုံတွေ့ရတတ်ပါတယ်။ အရက်သမားက အရက်သမားချင်းပေါင်း၊ ဖဲသမားကလည်း ဖဲသမားချင်းပဲပေါင်းလိမ့်မယ်။ တရားသမားကလည်း တရားသမားချင်းပဲပေါင်းလိမ့်မယ်။ ပေါင်းတယ်ဆိုတာ အရှိသဘောတွေကို လာပေါင်းကြတာ။ ကိုယ့်မှာ မာနရှိနေရင် မာနသမားကလာပေါင်းမယ်။ တဏှာရှိနေရင် တဏှာသမားက လာပေါင်းမယ်။

သံလိုက်က သံကိုပဲဆွဲတယ်၊ စက္ကူကိုမဆွဲဘူး။ မီးဆိုတာ အမြိုက်ရှိရာပဲလာတတ်တယ်။ မီးကရေနောက်မလိုက်ဘူး။ သဘောချင်းတူရာနဲ့ အလိုလိုက်ရာသို့ စိတ်ကလိုက်ပါနေတယ်။ စိတ်ကို မကောင်းတဲ့ဘက်မသွားစေချင်ရင် ကိုယ့်မှာရှိတဲ့ မကောင်းတဲ့ဓာတ်တွေ အရင်ဖျက်ပစ်ရမယ်။ ကိုယ့်ဆီမှာ မကောင်းတာတွေရှိနေရင် သူများတွေဆီက မကောင်းတာတွေလာမယ်။ ကိုယ့်ဆီက မကောင်းတာတွေကလည်း သူများရဲ့မကောင်းတွေနဲ့ပဲ သွားပေါင်းလိမ့်မယ်။ ဘာကောင်းသေးလဲ။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ရှုံးပွဲမရှိ

ဘဝတစ်ခုကို ဒါနသီလကံအိမ်များအဖြစ် တည်ဆောက်ကြရာမှာဖြစ်စေ၊ သမထ,ဝိပဿနာ ဈာန်အိမ်,ဉာဏ်အိမ်များအဖြစ် တည်ဆောက်ကြရာမှာဖြစ်စေ စေတနာ၊ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ ခိုင်မာတောင့်တင်းမှ ခန့်ညားထယ်ဝါတဲ့ အိမ်ကြီးရခိုင်အဖြစ်သို့ ရောက်နိုင်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ တို့ခိုင်ခန့်ရာမှာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဗိုလ်ငါးဖြာတို့ ခန့်ညားထယ်ဝါနေပါမှ ခိုင်မာတောင့်တင်းတဲ့ သိက္ခာစဉ်များဖြစ်လာပါလိမ့်မယ်။ ဒီလိုလူမျိုးသာလျှင် စိတ်ဓါတ်ခိုင်မာပြီး ကိုယ်နေခန့်တဲ့ သားကောင်းရတနာလို့ ခေါ်ဆိုနိုင်ပါလိမ့်မယ်။

စိတ်ဓာတ်ရုပ်ဓာတ်တွေကို အခိုင်အခန့် တည်ဆောက်ကြရာမှာ စေတနာ၊ သဒ္ဓါ၊ ဆန္ဒ၊ဝီရိယတို့သည် အိမ်ဆောက်ပစ္စည်းများနဲ့တူပါတယ်။ သတိ၊ သမာဓိ၊ပညာတို့ကတော့ အိမ်ဆောက်လက်သမားတွေနဲ့တူပါတယ်။

စေတနာရဲ့ တွန်းအားက စိတ်ဓာတ်ကို နိုးကြားစေပါတယ်။ နိုးကြားလာတဲ့စိတ်ဓာတ်ကို သဒ္ဓါဆိုတဲ့ ယုံကြည်ချက်က ကြည်သန့်စေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဝီရိယက စိတ်ဓာတ်ကို ထက်သန်စေတယ်၊ ဆန္ဒပြင်းပြခြင်းက စိတ်ဓာတ်ကို ကိုယ်နဲ့ဆက်သွယ်ပေးတယ်။ အဲဒီမှာ စိတ်နဲ့ကိုယ်ဟာ ကောင်းတာမှန်တာကိုပဲလုပ်ဖို့ တာစူနေချိန်မှာ သတိက တကယ်ကောင်းမကောင်း၊ မှန်မမှန် စိစစ်ပေးတယ်။ သမာဓိက အလုပ်နဲ့စိတ်ချိတ်မိအောင် ဦးတည်ပေးတယ်။ ပညာက လုပ်ပြီး၊ လုပ်ဆဲ၊ လုပ်အံ့သော အခြေအနေအရပ်ရပ်ရဲ့ အမှားအမှန်ကို ပိုင်းခြားပြသပေးတယ်။

အဲဒီလို စိတ်ဓာတ်၊ရုပ်ဓာတ်ခိုင်ခန့်နေမှသာ အကောင်းနဲ့မြှောက်လည်းမမြှောက်တော့ဘူး။ အဆိုးနဲ့ခြောက်လည်း မကြောက်တော့ဘူး။ အချစ်နဲ့ဆွလည်း မကြွတော့ဘူး။ အမုန်းနဲ့ချလည်း မကျတော့ဘူး။ အကြိုက်နဲ့ချွဲလည်း မလဲတော့ဘူး။ အတိုက်နဲ့ခွဲလည်း မကွဲတော့ဘူး။ ဘဝမှာ ရှုံးပွဲမရှိတော့ဘူး။

[၁၉၉၉ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အညွန့်ချိုင် အမြစ်နုတ်

ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်ပဲဖြစ်ပါတယ်။

လူသားတိုင်း နိဗ္ဗာန်ရောက်နိုင်ကြပါတယ်။ နိဗ္ဗာန်ရောက်နိုင်တဲ့ အခွင့်အရေး လူသားတိုင်းမှာရှိပါတယ်။ ဒါပေမဲ့ လူသားတိုင်း နိဗ္ဗာန် မရောက်ပါဘူး။ မပြောပလောက်တဲ့အရေအတွက် အနည်းငယ်မျှပဲ နိဗ္ဗာန်ရောက်ပါတယ်။ အဲဒါ ဘာကြောင့်လဲ။ နိဗ္ဗာန်မရောက်ခြင်း အကြောင်းရင်းကို ဆန်းစစ်လိုက်တော့ . . .

- တဏှာ, ဥပါဒါန်, ကံတို့ရဲ့ အစီအမံကို မပယ်ဝံ့သေးလို့၊
- စိတ်ရဲ့ ဆွဲငင်အားကို အလွတ်မရုန်းနိုင်သေးလို့၊
- ပယ်ဝံ ရုန်းဝံ့ဖို့မဆိုထားနဲ့ ပယ်ဖို့ရုန်းဖို့တောင် သတိမရကြ သေးလို့၊

လူကောင်၊နတ်ကောင်၊နွားကောင်စတဲ့ တကယ်မရှိတဲ့ အတ္တ ကိုယ်ထည်တွေကို စွဲလန်းနေကြလို့။ အဲဒီ လူ၊ နတ်၊ နွားစတဲ့ ကိုယ် ထည်တွေဆိုတာ ဘုရားဟော အနတ္တဝါဒအမြင်နဲ့ ကြည့်လိုက်တော့ ပန်းချီဆရာ စိတ်ကူးယဉ်ရေးဆွဲထားတဲ့ ကားချပ်များ ပမာမျှသာ။ တိမ်တောင် တိမ်လိပ်တွေ နတ်ရုပ်နဂါးရုပ်ထင်သလို ထင်နေခြင်းမျှ



www.burmeseclassic.com

www.burmeseclassic.com



သာ။ ကံအငွေ့အသက်တွေ အပျက်မှအပျက်သို့ ဆက်ထားခြင်းမျှ သာ။

နိဗ္ဗာန်ဆိုတာ နိ+ဝါန စကားနှစ်လုံးတွဲထားတာ။ နိဆိုတာမရှိ၊ ဝါနက ဘဝတစ်ခုနဲ့တစ်ခု ချုပ်စပ်ပေးထားတဲ့ တဏှာ၊ ပေါင်းစပ် အမိပ္ပါယ်က တစ်ဘဝနှင့်တစ်ဘဝ(တစ်ပျက်နှင့် တစ်ပျက်) ဆက်ပေး ထားတဲ့တဏှာ ကင်းစင်သွားခြင်း။ အဲဒီတော့ တဏှာ၊ ဥပါဒါန်၊ကံတို့ ရဲ့ ဘဝသစ်အတွက်စရန် လက်ခံနေသမျှကို မဂ္ဂင်နဲ့ဖြတ်ချပေးပါ။ မဂ္ဂင်ဆိုတာ မှတ်သိခြင်း။

အဲဒီလို အညွန့်ချိုင် အမြစ်နုတ် လုပ်နိုင်ပါမှ ဘဝသစ်ရလိုမှု တဏှာချုပ်တယ်။ သေခါနီး ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေမယူ တော့တဲ့အတွက် အစွဲမပေါ်။ ကံစီမံခွင့် မရတော့တဲ့အတွက် ဘယ်လို ဘဝမျိုးကိုမှ မရတော့၊ မရောက်တော့ဘူး။ တဏှာကင်းစင်သွားတာ ကို (နိဗ္ဗာန်စံဝင်သည်) လို့ ဆိုကြပါတယ်။

[၁၃၆၂ ခုနှစ်၊ လောကပဋိသံယုတ္တကထာ၊ ကျောက်မကြီးစခန်း]



www.burmeseclassic.com

www.burmeseclassic.com



## တစ်မိုးတစ်မြေ အတူနေသော်လည်း

စားဝတ်နေရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုရာမှာ ကံအကျိုးပေးသက်သက်မျှကိုသာ...

(က) လက်ရှိကံဖြင့် ကံလျှင်ကံချင်း စုပ်ချုနည်း၊

(ခ) လက်ရှိဉာဏ်ဖြင့် ကံပေါ်ဉာဏ်ထပ် ကပ်ချုနည်း၊

(ဂ) လက်ရှိ ဝီရိယဖြင့် ကံပေါ်ခွဲကပ် ညှပ်ယူနည်းတို့ကိုသုံးပြီး ကြိုက်ခြင်း၊ တိုက်ခြင်း၊ မိုက်ခြင်းဆိုတဲ့ ဉာဉ်စရိုက်ဆိုးတွေရဲ့ နေရာမှာ ကောင်းကျင့်ကောင်းကြံတွေ အစားထိုးပြီး အပြစ်ကင်းစွာ ရှာဖွေသုံးဆောင်ကြရပါတယ်။ အပြစ်ကင်းအောင်နေပြီး အကျိုးရှိအောင် လုပ်တတ်မှ လူပီသတဲ့လူလို့ ဆိုရပါတယ်။

တိရစ္ဆာန်တွေမှာတော့ သံသရာမြေ ခြေချစကတည်းက ပါလာတဲ့ အဝိဇ္ဇာတဏှာကို ငြိမ်ဝပ်အောင် မပြုကျင့်တတ်ခြင်း၊ ဘဝအခြေအနေကလည်း အခွင့်မပေးခြင်း၊ အကျိုးအပြစ် မစိစစ်တတ်ခြင်းတို့ကြောင့် ဝမ်းကျောင်းရာမှာ နိုင်ရာစားစနစ်နဲ့ ဖြေရှင်းတတ်ကြပါတယ်။ ဝသည်ဖြစ်စေ မဝသည်ဖြစ်စေ တစ်နေကုန် တစ်ဝမ်းကိစ္စ ပြီးပြေလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တွေမှာ ဆင်ခြင်ဉာဏ်နဲ့ အရှက်အကြောက်မရှိတဲ့အတွက် ကာမအာရုံခံစားရာမှာ ပြောင်ပြောင်ကြီးခံစား ပြတတ်တယ်။ ကြုံရာနေပြီး တွေ့ရာစားတယ်။ သူတို့မှာ ဘာယုံကြည်ချက်မှ မရှိတဲ့အတွက် ပန်းတိုင်လည်းမရှိကြဘူး။ သီလဆိုတာ ဝေလာဝေး။ ဒုစရိုက်သုံးပါး ဆင့်ပွားလို့သာနေကြပါတယ်။ စာဂဆိုတဲ့ စွန့်လွှတ်ခြင်း အလျဉ်းမရှိ။ ကိုယ်သန်ရာကိုယ်လုပ်ပြီး တစ်ကိုယ်ကောင်းဆန်နေကြပါတယ်။ ပညာသတိ မရှိခြင်းကြောင့် မေ့မေ့ကြီးနဲ့ အချိန်ကုန်နေကြပါတယ်။ အရှက်အကြောက်တွေကို ဖောက်ဖျက်ပြီးတော့ မကောင်းမှုမှန်သမျှ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြပါတယ်။

တိရစ္ဆာန်နဲ့လူ တစ်မိုးတစ်မြေနဲ့ တစ်ကမ္ဘာတည်းမှာ အတူနေဖြစ်သော်လည်း ဉာဉ်၊ဝါသနာ၊စရိုက် အကျိုးပေးကွဲပြားနေပါ တယ်။ လူက လူလိုမကျင့် တိရစ္ဆာန်လိုကျင့်ခဲ့ရင် လူ့ကိုယ်နဲ့တိရစ္ဆာန်စိတ် ပေါင်းစပ်ထားတာမို့ ကောင်းမြတ်ဖို့အကြောင်းမရှိတော့ဘူးလို့ ဆိုရမယ်။

[၁၃၆၂ ခုနှစ်၊ ကျောက်မကြီးစခန်း၊ ပုံတောင်ပုံညာ]



www.burmeseclassic.com

www.burmeseclassic.com



## အဖြေမှန်မထွက်တာ အပေါင်းမှားလို့

သတ္တဝါတိုင်း ကောင်းစားချင် ချမ်းသာချင်ကြတယ်၊

ဒါပေမယ့် မကောင်းစားဘဲ ဆင်းရဲနေတာ ဘာကြောင့်လဲ။ ဆင်းရဲကြောင့်ဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေနဲ့ သွားပေါင်းနေတယ်။ အပေါင်းမှားတော့ အဖြေမှန် မထွက်တော့ဘူး။

ကောင်းစားချမ်းသာဆိုတဲ့ အဖြေမှန်ထွက်ချင်ရင် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ သူတော်ကောင်းတရားနဲ့ ပေါင်းပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ကြရပါလိမ့်မယ်။

[၁၉၉၆ ခုနှစ်၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# လိုက်စားနှင့်ခံစား

ခန္ဓာမှာရှိတဲ့ အသိပိုင်းဆိုင်ရာတွေကို စစ်ကြည့်ရင် . . .

ခံစားသိက တစ်စိတ်ကိုတစ်အိတ်လုပ်ပြပြီး ချဲ့ထွင်ခံစားပြတယ်။

မှတ်သားသိက ရိပ်မှန်းသံမှန်းမျှကိုပဲ အရှိလုပ်ပြနေတယ်။

ဆုံးဖြတ်သိက သဘောကျရင်အကောင်း၊ မကျရင်အဆိုး သတ်မှတ်ပြီး မြှောက်ပင့်ပေးတယ်။

တစ်နည်းအားဖြင့် ဝေဒနာက အချဲ့၊ သညာကအရွဲ့၊ ဝိညာဉ်က အလှည့်တွေနဲ့ အာရုံနောက် ကောက်ကောက်ပါ လိုက်သွားအောင် မြှောက်ပင့်ပေးနေတာ။ အာရုံရဲ့ သဘောက ညှို့ဓာတ်ပြင်းပြီး လာလည်းလိုက်သေး၊ ဆွဲလည်းဆွဲပြေးနဲ့ဆိုတော့ မွေးလာကတည်းက လောဘတဏှာ ဓာတ်ခံပါလာတော့ အာရုံတွေနဲ့ ပတ်သက်လာရင် မဆွတ်ခင်က ညွတ်ချင်နေကြပြီ၊ အာရုံတွေကြား ပျော်ပါးလို့မဆုံးတော့ဘူး။

အဲဒီတော့ အာရုံငါးပါးနဲ့ ပတ်သက်လာရင် ခံစားခြင်းနဲ့ လိုက်စားခြင်းလို့ နှစ်မျိုးတွေ့ရတယ်။ လိုက်စားခြင်းက အာရုံမျှင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထင်အရိပ်ကို ပညတ်လည်းတင်၊ ကိလေသာအဝင်လည်းခံဖြင့် အာရုံမှန်မသိ၊ အငြိနဲ့သာပွဲသိမ်းရတတ်တာမျိုး။ ခံစားခြင်းကတော့ အာရုံခံတံခါးမှာ သတိအစောင့်ချထားတယ်။ မိမိစိတ်ကို သူ့နောက် လိုက်မသွားအောင်ထိန်းထားတယ်။ သူ့အာရုံတွေ ကိုယ့်စိတ်မှာ လာမပူးအောင်လည်း ထိန်းထားတယ်။ အထိကိုအသိနဲ့ ခံစားတဲ့ အတွက် ပညတ်ကိုလည်းကျော်ပြီးသား၊ ကိလေသာကိုလည်း ကလဲ့ စားချေပြီးသား ဖြစ်တဲ့အတွက် အာရုံမှန်လည်းမိ အငြိလည်းကွာ အသိ ဉာဏ်ဖြင့်သာ အောင်ပွဲခံရတတ်ပါတယ်။

လိုက်စားခြင်းက ကြွေးယူပြီးစားသုံးနေမိတာ။

ခံစားခြင်းက အမွေရပစ္စည်းထိုင်သုံးပြနေတာ။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အပြောမှန်သမျှ နည်းနည်းမှ မရောမိစေနဲ့

မနောကံမလုံရင် ဝစီကံလည်း မလုံချင်ဘူး။ ရပ်ထဲရွာထဲက အာရုံငါးပါး လိုက်စားနေသူတွေကို မဆိုထားပါနဲ့။ တရားသမားတွေတောင်မှ စကားများချင်ချင်ရယ်။ တရားသမားဟာ မုသားပြော လွတ်ကင်း၊ အချင်းချင်း ကုန်းတိုက်ဆဲရေး တိုင်းထွာမရှိတော့ပေမယ့် အရေမရ အဖတ်မရ သမ္ဖပ္ပလာပ စကားမျိုးတော့ ပြောတတ်သေးတယ်။ ဝစီဒုစရိုက်က မလွတ်သေးဘူး။

တရား မတွေ့သေးပေမယ့်လည်း တွေ့သယောင်ယောင် စကားဖောင်နေတတ်တယ်။ တွေ့ပြီးသူကလည်း တရားအမွှန်းတင်စကားဘောင်ဘင်ခတ်နေတတ်ပါတယ်။ ဝစီမလုံရင် အိတ်ပေါက်နဲ့ဖားကောက်ပဲ။ ပထမထိုင်စဉ်ကရထားတဲ့ မှတ်အားတွေ စကားထဲ ရောပါသွားပြီး ဒုတိယအထိုင်ကို အကူမပေးနိုင်တော့ဘူး။

မှတ်နေတာက စိတ်ငြိမ်ပြီး နှလုံးအိမ်နဲ့ဘဝင်လေ များများ မလှုပ်ရှားအောင် ဖိအားပေးနေတာ။

ပြောနေတာက စိတ်ထလာအောင် နှလုံးအိမ်နဲ့ ဘဝင်လေကို ဖွပေးဆွပေးနေတာ။

အမှတ်ကလက်နဲ့ရေး၊ အပြောကခြေနဲ့ဖျက်၊ ဒါကြောင့် တရားအလုပ်မှာ အပြောမှန်သမျှ နည်းနည်းမှ မရောမိအောင် စိတ်ကိုသိမ်းဆည်းပေးပါ။

[၂၀၀၀ ပြည့်နှစ် ဝိပဿနာရင့်သန်ရေးလက်ဆွှန်]



www.burmeseclassic.com

www.burmeseclassic.com



## သွေး၊သည်းခြေ၊လေ၊သလိပ်

ခန္ဓာကိုယ်တွေ့တရားကိုပြောတဲ့နေရာမှာ 'သွေး၊ သည်းခြေ၊ လေ၊ သလိပ်' အကြောင်း ချန်ခဲ့လို့မဖြစ်ဘူး။ သွေး၊သည်းခြေ၊လေ၊ သလိပ်တို့ဟာလည်း ဉာဏ်စဉ်တွေနဲ့ ဆက်စပ်နေတယ်။ ခန္ဓာအတွင်းမှာ ရှိတဲ့ ဒီသွေး၊ သည်းခြေ၊ လေ၊ သလိပ်က ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်လာရပြီး ကိလေသာ၊ သံယောဇဉ်၊ နိဝရဏ စတဲ့ အယုတ်တရားတွေရဲ့ အလုပ်မှန်သမျှကို အိမ်ရှင်နေရာက ကြိုဆိုလက်ခံပြီး သိမ်းကြုံးလုပ်ပေးနေကြတယ်။ အဲဒီမှာ သွေးနဲ့လေက အဓိကအညှာ၊ သည်းခြေနဲ့သလိပ်က အရံအကူမျှသာ။

စရိုက်မှန်သမျှ သွေးနဲ့သာ ဆက်ဆံလေ့ရှိပြီး၊ ဉာဉ်မှန်သမျှ သွေးစီးရာလိုက်ပါနေတယ်။ အသီးအပွင့်တွေ ဝေဆာနေတဲ့ သရက်ပင်ကြီးဘယ်ကစခဲ့သလဲဆိုရင် သရက်စေ့ကလေးရဲ့ထိပ်ဝက စခဲ့တာပဲ မဟုတ်လား။ သံသရာခရီးတစ်လျှောက် ဖြစ်ပွားခဲ့သမျှ ခန္ဓာတိုင်းမှာ အငွေ့သတ္တိစု အနုသယအဖြစ် ကိန်းအောင်းလာခဲ့သမျှ ဘဝကူးခါနီး ပဋိသန္ဓေစိတ်က အစွဲနဲ့ယူဆောင်လာခဲ့တဲ့ အဲဒီအနုသယ ဗီဇသတ္တိဟာ ဘဝအစကတည်းက ပါလာပြီးသား။ ကလလရေကြည်ကနေ



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့် သွေးများကိုယ်ထည်များ ထင်ရှားလာသလောက် သူလည်း ဝေဆာလာတော့တာပဲ။

သွေးအားမဝင့် အရွယ်မရင့်မီ ဗီဇသတ္တိအနေနဲ့ ငြိမ်ကုတ်နေတယ်။ သွေးအားဆူပွက်အရွယ်တက်လာတဲ့အခါ စရိုက်ဉာဉ်တို့ဖြင့် ဇ,ပြလေ့ရှိတယ်။ ဒါကြောင့် သွေးက စရိုက်ကို မွေးဖွားပေးတယ်။ သွေးသည် အမိ။ လေက စရိုက်သွေးတိုးအောင် လှုံ့ဆော်ပေးနေတဲ့ စရိုက်များရဲ့ အဖနေရာ။

သွေးလေကြောင့်ဖြစ်တဲ့စိတ်ဟာ သွေးကြောင့်ရာဂစရိုက်၊ လေကြောင့်ဒေါသစရိုက်တွေကို ဖြစ်စေပြန်တယ်။ သည်းခြေနဲ့ သလိပ်ရဲ့ အခန်းကဏ္ဍကိုကြည့်လိုက်တော့ စရိုက်၊ဉာဉ် ထက်မြက်နေတာ သည်းခြေကြောင့်။ စရိုက်၊ဉာဉ်ပိတ်ဖုံးနေတာ သလိပ်ကြောင့်။ သည်းခြေကြောင့် ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲ၊ ငါစွဲအားကြီးလာတယ်။ သလိပ်ကြောင့် မောဟစရိုက်မသိလိုက်ဖာသာ ဖြစ်စေပါတယ်။ သလိပ်ထူပြောသူတွေဟာ တွေဝေမိန်းမောနေတတ်တယ်။ သွေးအသွားအလာကို တားဆီးပေးထားတဲ့အတွက် တက်စိတ်မှကျစိတ်သို့ပြောင်းပေးတတ်တယ်။

သွေး သည်းခြေ လေ သလိပ်ဟာလည်း စိတ်ပိုင်းဉာဏ်ပိုင်းနဲ့ အဲသလိုဆက်စပ်နေတယ်။

[၁၃၆၂ ခုနှစ်၊ မောနေယျတော]

www.burmeseclassic.com

www.burmeseclassic.com



## အဆိုးမှ အကောင်းသို့

ကိလေသာအားပေး သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို အဆိုးမှအကောင်းသို့ တရားဓမ္မအားဖြင့် ပြောင်းယူလို့ရပါတယ်။ ကိုယ်ကောင်းစားရေးသာလုပ်နေတဲ့ ရာဂသွေးကို အများကောင်းစားရေး ယုံကြည်တဲ့ သဒ္ဓါသွေးသို့ ပြောင်းပေးနိုင်ပါတယ်။ သူများအပြစ်ကြည့်တဲ့ ဒေါသစရိုက်ကို ကိုယ့်အပြစ်ကိုယ်မြင်တဲ့ ပညာစရိုက်သို့ ဦးတည်ပေးနိုင်ပါတယ်။ ပြန့်ကြဲနေတဲ့ မောဟနေရာမှာ တစ်ခုတည်းစုစည်းမိအောင် ကြံဆောင်တဲ့ဝိတက်နဲ့ အစားထိုးနိုင်ပါတယ်။

အဲဒီလို အဆိုးမှအကောင်း ပြောင်းချင်ရင် သွေးနဲ့လေအတိုးမကြမ်းအောင် နှိပ်ကွပ်ပေးရပါတယ်။ ဝင်လေ၊ ထွက်လေ၊ အသိအမှတ် ကျေးဇူးကြောင့် သည်းခြေလည်းအေးလာပါတယ်။ သလိပ်တွေခဲနေရာက ပျော်သွက်လာတယ်။ နှလုံးသွေးကြည်လာပြီး စိတ်မှန်အာရုံမှန်ကို ရှေးရှုလာစေတယ်။

စိတ်တည်ငြိမ်ပြီး သမာဓိအားကောင်းလာတဲ့အခါ ဝိပဿနာဉာဏ် အဆင့်ဆင့်ရင့်သန်လာပြီး ငါစွဲ သူစွဲ ဘဝစွဲတွေက လွတ်မြောက်ချမ်းသာရာ ရပါလိမ့်မယ်။

[၁၃၆၂ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# သတိ၏တာဝန်လေးချက်

'အပ္ပမာဒေန သမ္ပာဒေထ' ဆိုတာ တစ်သက်လုံး သုံးမကုန်တဲ့ သတိတစ်လုံးကို မွေအမွေအဖြစ်ပေးခဲ့တာ။ သတိမှာ တာဝန်လေး ချက်ပါတယ်။ 'မမေ့၊ မလျော့၊ မပေါ့၊ မဆ' တဲ့။ ကိလေသာဆိုတာ တစ်ချက်မေ့လိုက်တာနဲ့ အဲဒီမေ့တဲ့အပေါက်ကနေ ထိုးဖောက် ဝင်ရောက်လာပြီး စိတ်စုစည်းမှုကို ဖြိုခွဲပစ်တတ်တယ်။ ဒါကြောင့် မမေ့ခြင်းဖြင့် ခံစစ်လုံအောင် ကာကွယ်တည်ဆောက်ရမယ်။

မလျော့ခြင်းဖြင့် ကိလေသာအပေါ် ထိုးစစ်ဆင်ရမယ်။ ကိုယ့်မှာ ရှိနေတဲ့ ကိလေသာအဟောင်းကိုလည်း ချေမှုန်း၊ နောက်တိုး ကိလေ သာအသစ်တွေလည်း ခြေကုပ်မယူနိုင်အောင် ထိုးစစ်ဆင်၊ 'မပေါ့ခြင်း' ဖြင့် ကိလေသာအပေါ် အမြဲကြောင့်ကြစိုက်တဲ့ ဝီရိယရှိဖို့ လိုတယ်၊ ကိလေသာဆိုတာ မြွေပွေးလိုပဲ၊ မွေးကင်းစကတည်းက အဆိပ် ပါပြီးသား၊ ဒါ့ကြောင့် ပေါ့လို့မဖြစ်ဘူး။ ဒီနေရာမှာ ခြင်္သေ့မင်းတို့ရဲ့ ဝီရိယမျိုး မွေးမြူရမယ်။ သားကောင် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ် စေ တူညီသော လုံ့လဝီရိယထားပြီး ဖမ်းယူလေ့ရှိတဲ့ ခြင်္သေ့မင်း ဝီရိယ မျိုးကို ကိလေသာအသေသတ်ရာမှာ အသုံးပြုပါ။

**သုဝဏ္ဏသျှမ်းစာစဉ်**

www.burmeseclassic.com

www.burmeseclassic.com



'မဆ' ဆိုတာ ချိန်ဆမနေနဲ့၊ အချိန်ဆွဲမနေနဲ့တဲ့။ ထမင်းစားချိန်မို့ ရေချိုးတုန်းမို့ဆိုပြီး ချိန်ဆနေရင် ကိလေသာဝင်မှာပဲ။ ဒီတော့ အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေးဘဲ အမှတ်သတိ အမြဲရှိနေကြစမ်းပါ။ အဲဒီလို သတိရဲ့ တာဝန်လေးချက် ထမ်းရွက်လာနိုင်ပြီဆိုရင် တရားရှင်စစ်စစ် ဖြစ်လာပါလိမ့်မယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ ဩဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



# အရိယာသီလ

အကာခေ်ယျသုတ်မှာ ဘုရားရှင်ဟောတော်မူခဲ့တာကို လိုရင်းပြန်ပြောရရင် . . .

ရဟန်းတို့ . . . အတူနေများရဲ့ ချစ်ကြည်လေးစားမှုကို ခံယူလိုလျှင် သီလကိုသာအားကိုးပါ။ သေဆုံးသူ မိဘဆွေမျိုးများ ဘဝကောင်းသို့ ပို့လိုလျှင် သီလကိုသာ အားကိုးပါ။ တောတောင်ဝင်၍ တရားအားထုတ်ရာ၌ နတ်တို့၏အကူ ရယူလိုလျှင် သီလကိုသာအားကိုးပါ။ စျာန်အရာ၊ မဂ်အရာ၊ ဖိုလ်အရာတည်လိုပါလျှင် သီလကိုသာအားကိုးပါတဲ့။

ဘုရားရှင်ချီးမွမ်းတဲ့ သီလဟာ သတိအသိပါတဲ့သီလကို ရည်ညွှန်းပါတယ်။ ခန္ဓာပေါ်သတိတင်ထားတဲ့သီလ ကျင့်လျက်ကသိ၊ သိလျက်ကကျင့်နေတဲ့သီလကို ပါရမီတန်းဝင် သီလလို့ဆိုပါတယ်။ သတိနဲ့အသိညှပ်ပြီး အစွဲပြတ်စေတဲ့ ဒီသီလဟာ အတိတ်ရဲ့ ကံ၊ ဈာန်၊ ဉာဏ်တွေနဲ့ ပစ္စုပ္ပန်ရဲ့ ကံ၊ ဈာန်၊ဉာဏ်တို့ကို ဆက်စပ်အားကောင်းစေပါတယ်။ အတိတ်ကံမှာပါလာတဲ့ ကိလေသာနဲ့ ပစ္စုပ္ပန်ရှိ ကိလေသာများကိုလည်း အဆက်ပြတ် ရပ်စဲစေပါတယ်။ ဒီလို သီလမျိုးကိုသာ 'အရိယာသီလ' လို့ ဆိုနိုင်ပါတယ်။

[၁၃၆၂ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



## အသံ

မိုးထစ်ချုန်းသံဟာ သုံးယူဇနာအထိ မြည်ဟည်းတယ်။ ဘုရားရှင်ရဲ့ သမ္မာဟုန်ဟာ သုံးဆယ့်တစ်ဘုံ မြေတုန်တဲ့အထိ မြည်ဟည်းတယ်။ ဒီလိုပဲ သူတော်ကောင်း သူမြတ်လောင်းတော်တို့ရဲ့ သမ္မာဂုဏ်သိန် အဟုန်အရှိန်များဟာ ပါရမီအင်အားအလိုက် ထိုက်သင့်သလို မြည်ဟီးနေတတ်ပါတယ်။ အဲဒီတော့ ကိုယ့်အသံ ဘယ်လောက်မြည်နေပြီလဲ။

သံပုံးတီးသံ၊ မိုးချုန်းသံ၊ မိုးကြိုးပစ်သံ ဘယ်လိုအသံမျိုးနဲ့ မြည်နေသလဲဆိုတာ ကိုယ့်အသံကိုယ် ပြန်နားထောင်ကြည့်ပါ။

[၁၃၆၁ခုနှစ်၊ ဓမ္မနီတိကထာ၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# ကာမသတ္တိ

လူ့ဘဝရလာတာ ကာမဘုံကိုရောက်လာတာ။ အတိတ်က ကံစိတ်တွေက လက်ရှိဘဝကို ကာမနဲ့ချိတ်ပေးလိုက်တာ။ ကာမသွေးပါလာတဲ့လူသား ကာမနဲ့လမ်းသလားပြီး တွေ့မြင်သမျှကာမနဲ့သာ ငံ့လင့်နေတတ်တယ်။ ဟိုတစ်ဖက်က ဝတ္ထုအာရုံတို့ အပေါ် 'ချစ်ကြိုက်' တယ်ဆိုတာ စကားလှအောင်ပြောနေတာ။ တကယ့်အဖြစ်မှန်က မိမိကိုယ်တွင်းက ကာမသွေးနဲ့ကာမစိတ် ထကြွသောင်းကျန်းနေတာ။ အတိတ်ကပါလာတဲ့ ကံ, စိတ်တွေက ဉာဉ်စရိုက် ဝါသနာအဖြစ်လိုက်ပါလာပြီး ကာမဘုံသားကို ဖျစ်ညှစ်နှိပ်စက်နေတဲ့အတွက် တော်တန်ရုံသတ္တိနဲ့ ဒီကာမကို ခံမတိုက်ရဲဘူး။

သံပုရာသီးဆိုတဲ့အသံကြားရုံနဲ့ ခံတွင်းချဉ်တာ သံပုရာသီးကြိုက်လို့မဟုတ်၊ သံပုရာသီးကိုက အချဉ်သတ္တိ ပြင်းထန်လွန်းလို့။ ကာမသံကြားလို့ ဇ,ပြပြီး ထကြွလာတာကို 'ချစ်တယ်၊ကြိုက်တယ်'လို့ မထင်လေနဲ့။

[၁၃၆၁ ခုနှစ်၊ ဓမ္မနီတိကထာ၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



## သွေးမနှောမိစေနဲ့

ဝိပဿနာသမားဆိုတာ ကိုယ့်အကြောင်းကိုယ်သိ၊ ကိုယ့်အပြစ်ကိုယ်မြင်၊ ကိုယ့်အလုပ်ကိုယ်လုပ်နေရတာဆိုတော့ သူများ အကြောင်းပြောဖို့အချိန်မရှိဘူး။ ဝိပဿနာအမည်ခံထားပြီး သူများအကြောင်း၊ သူများအပြစ်လိုက်ပြောနေရင် ကိုယ့်ကိုယ်ထဲ သူ့သွေးနှောနေသလိုသာမှတ်။

ကိုယ်က ပရမတ်လမ်း တန်းတန်းကြီးသွားနေတာ။ ပညတ်ထားစကားပြောနေသမျှ ဝိပဿနာသမား မစစ်သေးဘူး။ ဝိပဿနာဆိုတာ အပြောမဖက် သဘောသက်သက်ရှုသိနေတာ။ ရှေ့နောက်မဖက်ဖြစ်ခိုက်သက်သက်ကိုသာ ရှုသိနေတာ။ အငှားမဖက် ကိုယ့်ဘက်ကိုကိုယ့်မှတ်ချက်နဲ့ကိုယ် ရှုသိနေတာ။

ဝိပဿနာသမားဆိုတာ အပြောသမားမဟုတ်၊ အလုပ်သမား။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရသြဝါဒ]



www.burmeseclassic.com

www.burmeseclassic.com



## မတောင်းဘဲ ရအောင်ယူနည်း

အရိယာတို့၏ ဓမ္မအရှိန် သူတော်ကောင်းတို့၏ သီလအရှိန်များကို မိမိသို့စိမ့်ရည်ပမာ ၀င်ဆံ့စေလိုလျှင်...

ခြင်္သေ့မင်း၏ အဆီအသွေးသည် သိဂီရွှေခွက်မှာသာ တင်သည့်ပမာ ...

သင်သည် ပညာယှဉ်သဒ္ဓါဖြင့်သာ ခံယူပါလေတော့။ သင်သည် ကုသိုလ်ယှဉ်စေတနာဖြင့်သာ ခံယူပါလေတော့။

ထိုသို့အငွေ့ပေး၊အငွေ့ယူ ထိပ်တိုက်တူရူဖြစ်လာသော အသံလွှင့်စက်နှင့် ဖမ်းစက် ကြိုးမသွယ်ဘဲလျက်နှင့် ၀င်သည့်ပမာ မတောင်းဘဲနှင့်ရ၊ မပေါင်းဘဲနှင့်ကျလာစေမည်သာ။

[၁၃၆၁ ခုနှစ်၊ ပုံတောင်ပုံညာ]



www.burmeseclassic.com

www.burmeseclassic.com



## မှန်ထဲကအရိပ်

အရိယာတို့၏ မမွှအရှိန်၊ သူတော်ကောင်း အစားစားများ၏ သီလအရှိန်များသည် အငွေ့သတ္တိမျှရှိသော ဂုဏ်ထူးများဖြစ်လေရာ . . .

မစပယ်၏ရင်ကိုခွဲ ပုလဲဖွေရှာသူမျိုးသို့လည်းကောင်း၊ ဝမ်းဘဲ၏ ရင်ကိုထု ရွှေဥရှာသူမျိုးသို့လည်းကောင်း၊ ဟသ်ာ၏ အတောင်ကို နှုတ် ရွှေကိုယက်ထုတ်သူမျိုးသို့လည်းကောင်း . . .

ခင်အောင်ပေါင်း အတောင်းမကြမ်းရာ။ ကြင်ယောင်ဆွဲ အတွဲ မရမ်းရာ။

အကယ်တိတိ ကြမ်းမိရမ်းမိခဲ့သော် မှန်ကြည်ထက်ကအရိပ် လက်သည်းနှင့် တို့ဆိတ်နေသည်နှင့် ဘာမျှမခြားနား။

[၁၃၆၁ ခုနှစ်၊ ပုံတောင်ပုံညာ]

www.burmeseclassic.com

www.burmeseclassic.com



# ကလေးနှစ်တန် ကာလသားနှစ်ပြန်

လူတစ်ယောက်ရဲ့ ဘဝဆိုတာ တောင်တက်တောင်ဆင်း လုပ်ရသလိုပဲ။ တောင်တက်တော့ တောင်ခြေမြေပြန့်က စတက်ရတယ်။ တောင်ထိပ်ရောက်ပြီး တောင်အောက်ပြန်ဆင်းတော့လည်း မြေပြန့်မှာ ခြေပြန်ချရတယ်။ အဆင်းနှင့်အတက်ကြား ငုံ့လိုက်မော့လိုက်နဲ့ အသော့နှင်ရတာ။

ဒီလိုပဲ မွေးစမှ ဆယ်နှစ်ကျော်အတွင်း ခြင်ဆီကလည်း မတောင့်တင်းသေး၊ နှလုံးသွေးဆင်းပုံကလည်း အားပေးဆိုတော့ မသိနိုးနား မှုန်ဝါးဝါးနဲ့ ကစားလို့ပေါ့။ ဒါကတောင်ပေါ်စတက်နေတာ။ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်တွင်း ရောက်ပြန်တော့လည်း ခြင်ဆီကင်းပြီး နှလုံးသွေးမဆင်းတော့လို့ သတိလွတ်ပြီး မသိနိုးနား မှုန်ဝါးဝါးနဲ့ ကလေးတွေမြေးတွေနဲ့ ကစားလိုကစားနဲ့ သူငယ်ပြန်တာ၊ ဒါက တောင်ပေါ်က ပြန်ဆင်းလာတာ။

အဲဒီ အတက်အကျနှစ်ခုအတွင်း(၁၅)နှစ်မှ(၂၅)နှစ်အတွင်း မိခင်နို့သက်ရင်းနှီးလျက် ရမ္မက်ထန်ပြီး ဖိုမဆက်ဆံရေး အလေးပေး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။ လေးဆယ်ကျော်ငါးဆယ်တွင်း မိခင်နို့သက်ကုန်ပြီး အာဟာရနို့သက် ဆက်လိုက်လာချိန်မှာ ဖိုမစိတ်တစ်ကျော့ပြန် အကစားသန်လာပြန်ရော။

ဒါကြောင့် လူတစ်ယောက်ရဲ့ ဘဝဆိုတာ ကလေးနှစ်တန်၊ ကာလသားနှစ်ပြန်ဖြင့် သေရွာပြန်ကြရတာများတယ်။ အသက်ကြီးလာသလောက် စိတ်ဓာတ်ကြီးမြင့်တဲ့ လူကြီးဖြစ်မလာဘဲ သူငယ်ပြန်ပြီး သေရွာပြန်ရတာဟာ အသိဉာဏ်နဲ့ သတိအဆံ ရင့်ကျက်အောင် မလုပ်ခဲ့လို့ပဲ။

[၁၃၆၁ ခုနှစ်၊ ပုံတောင်ပုံညာ]



www.burmeseclassic.com

www.burmeseclassic.com



# ကြောက်ပုံကြောက်နည်း

ကလေးတွေကမှ ခြောက်လိုက်ရင် ကြောက်တတ်သေးတယ်။ ဟိုနားမှာ သရဲကြီးရှိတယ်ဆိုရင် မသွားတော့ဘူး။ ဒီနားမှာ အရူးဖမ်းလိမ့်မယ်ဆိုရင်လည်း မသွားတော့ဘူး။ စကားနားထောင်တယ်။ လူကြီးတွေကတော့ သံသရာဘေးဆိုးကြီးတွေ ကိုယ်တွေ့ကြုံနေရပါလျက် ကြောက်ရမှန်းမသိသေးဘူး။ အိုဘေး၊ နာဘေး၊ သေဘေး အပါယ်ဘေးဆိုးကြီးတွေ ရှိရာသွားနေတုန်းပဲ။ ဘုန်းကြီးတွေကလည်း ဒီဘေးဆိုးကြီးတွေကို ညွှန်ပြပြီး ဟောပေးနေတာပဲ။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသလို သံဝေဂ ရစရာတွေလည်း တွေ့ကြုံနေကြတာပဲ။ ဓမ္မစာပေတွေကလည်း သံသရာဘေးဆိုးကြီး ကြောက်လန့်စရာကောင်းပုံတွေ ရေးသားဖော်ပြနေပါတယ်။ ကြုံတွေ့ဖတ်မှတ် နားကြားဆင်ခြင်တုန်းခဏတော့ သံဝေဂရသလိုလို ကြောက်သလိုလို လန့်သလိုလိုတော့ ဖြစ်ပါရဲ့။ နောက်တော့ ခွေးမြီးကောက်လို ပြန်ကောက်သွားပြီး ဇာတိဘေး၊ ဇရာဘေးကြီးတွေထဲ ပြေးဝင် ကျင်လည်ကြပြန်ရော။

**သုဝဏ္ဏသျှမ်တာစဉ်**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီနေ့ကြောက်ပုံကြောက်နည်းက သူများပြောလို့ ကြောက်ရတဲ့ အတွေးကြောက်။ မိမိကိုယ်တိုင် တွေ့မြင်ခဲ့ရလို့ ကြောက်ရတဲ့ အတွေ့ကြောက်။ ဒီလောက်ပဲရှိတော့ မလုံလောက်သေးဘူး။

ခန္ဓာကပြနေတဲ့ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဆိုးကြီးတွေကို ဝိပဿနာဉာဏ်စဉ်အားဖြင့် ထွင်းဖောက်ရှုမြင်နိုင်ပါမှ မိမိခန္ဓာက စပြီး သံသရာဘေးဆိုးကြီးများအဆုံး ကြောက်စရာကောင်းပုံ နှလုံးသွင်းပြီး ဝဋ်ဆင်းရဲကလွတ်အောင် ရုန်းနိုင်ပေလိမ့်မယ်။

[၁၃၆၁ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မခရီးသည်

သာမန်ခရီးသွားတွေက ဘယ်ညာဖဝါးနှစ်ဖက် ခြေချပြီးသွားနေကြတယ်။

ဉာဏ်လမ်းခရီး ဓမ္မခရီးသွားတွေက သတိနဲ့အသိဆိုတဲ့ စရဏနဲ့ဝိဇ္ဇာ တွဲပြီးသွားရမယ်။ သဒ္ဓါ၊ ဆန္ဒ၊ဝီရိယဆိုတဲ့ အဓိပတိတွန်းအားကြီးတွေကလည်း ပံ့ပိုးပေးရမယ်။ အကျင့်နဲ့အသိ (စရဏနဲ့ဝိဇ္ဇာ) ကို ဆက်သွယ်ပေးတာ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယပဲ။

ကျင့်တော့ကျင့်တယ်၊ သေချာမသိဘူး။ သိသလိုလိုတော့ ရှိတယ်၊ ဘာဆက်ကျင့်ရမှန်းမသိဘူး။ ဒီလိုဖြစ်နေရင် သွားကားသွား၏၊ ခရီးမရောက်သူနှင့် တူနေတယ်။ ရှေ့မဆက်ဘဲ ဘယ်ညာနင်းပြီး ခုန်ဆွခုန်ဆွလုပ်နေသလိုပဲ။ မိမိရဲ့ တရားအလုပ်ပေါ်မှာ သဒ္ဓါကင်းနေရင် ဆားမပါတဲ့ဟင်း စားရသလို ဖြစ်နေရလိမ့်မယ်။ ဆန္ဒကင်းနေရင် ခံတွင်းပျက်တဲ့သူ လက်ဖက်စားသလို အရသာမတွေ့ဘဲ ရှိလိမ့်မယ်။ ဝီရိယမပါရင် ထမင်းပွဲရှေ့ချပြီး လက်က ယူမစားသလို ဖြစ်တော့မယ်။

ဒါကြောင့် စရဏ၊ ဝိဇ္ဇာ၊ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ အားလုံးပြည့်စုံမှ ဓမ္မခရီး တွင်တွင်ကြီး ရှေ့ရောက်မယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူဝေဘာ]



www.burmeseclassic.com

www.burmeseclassic.com



# ဘဝကောင်းနှင့်ဆုတောင်းပြည့်

လူတွေအသက်ရှင်နေတာ ဥပါဒါန်(အစွဲ)နဲ့ အသက်ရှင်နေတာ။ အစွဲသန်သလောက် အပါယ်ဘဝတွေရောက်နေကြတယ်။ ဥပါဒါန်မြူးလေ ဘဝကူးမှားလေ ဖြစ်နေကြတယ်။ အပါယ်လေးဘုံသားတွေဆိုတာ ဉာဏ်လမ်းကိုမဆိုထားနဲ့၊ ကံလမ်းတောင် မဖြောင့်တန်းနိုင်တော့ဘူး။ ဒီတော့ဘဝကူးကောင်းအောင် (ဝါ) သုဂတိဘုံတွေရောက်အောင် ကြိုးစားကြရဦးမယ်။ သုဂတိဘုံတွေရောက်မှ ပန်ဆင်ထားတဲ့ဆုထူး ဆုမြတ်တွေ ပြည့်အောင် ဖြည့်ကျင့်နိုင်မယ်။

ဒီတော့ ဘဝကောင်းလိုချင်ရင် ကောင်းတာအကုန်လုပ်၊ မကောင်းတာဘာမှမလုပ်နဲ့။ အစွဲအငြိတွေက လွတ်အောင်လုပ်၊ တစ်ခဏကောင်းနဲ့လမ်းကြောင်းပေါ်မှာ ရပ်မနေပါနဲ့။ တစ်ဘဝကောင်းနဲ့ လမ်းကြောင်းပေါ်မှာ ရပ်မနေပါနဲ့၊ ကြွေးဟောင်းကို ကြေအောင်ဆပ်ပြီး ကြွေးသစ်ထပ်မယူချင်ပါတော့နဲ့။

ကုန်သည်ပွဲစားတွေဟာ ရာသီကိုကြည့်ပြီး ရောင်းဝယ်ဖောက်ကားကြသလို၊ လယ်သမားဟာ ရာသီနဲ့ဖက် ထွန်းယက်စိုက်ပျိုးကြသလို… လူ့ဘဝနဲ့ သာသနာကြုံဆုံခွင့်ရတုန်းမှာ အမြတ်ထွက်အောင် ကြိုးစားကြစမ်းပါ။

[၁၃၆၁ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# လမ်းပျောက်တဲ့ဝေဖန်ရေး

တဏှာ မာန ဒိဋ္ဌိတွေဟာ သူများကို မဆိုထားနဲ့၊ ကိုယ့်ကိုယ်ကို လည်း မပျက်ပျက်အောင် ဖျက်နေတဲ့ ဖျက်အားပြင်းလက်နက်တွေပဲ။ တဏှာက ကိုယ့်ကိုယ်ကို ခင်မင်မှုအားကြီးတတ်တယ်၊ ကိုယ်နဲ့ယှဉ်လာရင် ဘဝင်မကျတော့ဘူး။ မာနက ကိုယ့်ကိုယ်ကို အထင်ကြီးတတ်တယ်။ ဘယ်သူနဲ့ပြိုင်ပြိုင် ကိုယ်သာနိုင်ရမှ။ ဒိဋ္ဌိက ကိုယ်ရလိုမှု တစ်ခုတည်းကြည့်တယ်။ ဂုဏ်၊ ဓနု၊ သိက္ခာ ဘယ်ဟာမဆို ကိုယ်ရဖို့တစ်ခုတည်းသိတယ်။

ဒီတော့ ကိုယ်ထက်သာမနာလိုဆိုတဲ့ ဣဿာ၊ ကိုယ့်လိုသူများ မကောင်းစားစေချင်တဲ့ မစ္ဆရိယ တစ်ရားနှစ်ပါး ပေါ်လာပြီး တွေ့ရာမြင်ရာ အလွတ်မပေးဝေဖန်ရေးနဲ့ တိုက်ခိုက်တော့တယ်။ သူ့ကို ဝေဖန်နိုင်ဖို့ သူ့ကိုပဲ အမြဲတမ်းစောင့်ကြည့်နေရတယ်။ ကိုယ့်ကိုယ်ကို ပြန်ကြည့် ဖို့ အချိန်မရတော့ဘူး။ သူ့သွားလမ်း လိုက်ကြည့်နေတာနဲ့ ကိုယ့်သွားလမ်း ပျောက်သွားရတတ်တယ်။ သူ့ကို အပုပ်ချရင် ကိုယ်ပါ အောက်တန်းကျသွားရတတ်တယ်။

[၁၃၆၁ ခုနှစ်၊ မောနေယျဂျာနယ်]

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## သဘောမတူ

သမထသမားက ဘာလုပ်လုပ် အဖြစ်ကိုကြည့်လုပ်တယ်။ လုပ်သမျှအရာထင်ပြီး အရာအားလုံးကလည်း သူ့နောက်မှာ လိုက်ပါနေကြတယ်။ ဒီတော့ သမထသမားဟာ တဏှာကိုသာ ဖြိုမထားမိရင် ဘဝင်မြင့်စရာ မာန်တက်စရာဖြစ်လာမယ်။ သူ့ အောင်မြင်မှုတွေဟာ မာန်မာနတွေသိုမှီးရာ ဘဏ်တိုက်ကြီးသဖွယ် ဖြစ်လာတော့တယ်။

ဝိပဿနာသမားကတော့ အပျက်ကိုပဲရှုတယ်။ ကြာလေလေ မိမိဆန္ဒနဲ့ ကင်းကွာလေလေဖြစ်လာတယ်။ မိမိခန္ဓာကိုတောင် အပျက်ပဲမြင်တယ်။ အစိုးမရ အနတ္တဆိုတာ သိလာတယ်။ ဝိပဿနာသမားမှာ တဏှာလည်းမခို မာန်လည်းမသိုမှီးတော့တဲ့ အတွက် တိုက်ပျက်ကြီးထဲရောက်နေသူလို ဖြစ်နေတော့တယ်။

[၁၉၉၇ ခုနှစ်၊ နတ်တလူတောရ]



www.burmeseclassic.com

www.burmeseclassic.com



# မီးများမီးနိုင်

လောဘအားကြီးတော့ တဏှာ၊ တဏှာအားကြီးတော့ ရာဂ။

အဲဒီလို တစ်စ,တစ်စ ချဲ့ကားလာတဲ့ အလိုအာသာဟာ သတ္တဝါတို့ရဲ့ နှလုံးသွေးကို မှီခိုပြီးတော့ ဉာဉ်၊ စရိုက်ဝါသနာတို့ရဲ့ သဘောကျ သုံးနှုန်းတောင်းဆိုပေးနေရတယ်။ မီးဖိုကြီးထဲ ထင်းခြောက်တွေ၊ ရွက်ခြောက်တွေ လွှဲ လွှဲပြီးပစ်ထည့်နေသလိုပဲ။ ဘယ်တော့မှ မဆုံးတော့ဘူး။ မီးဆိုတာ လောင်စာဘယ်လောက်များများ ဝတယ်လို့မရှိဘူး။ အဲဒီတော့ လောဘ၊ တဏှာ၊ ရာဂရဲ့အလို လိုက်နေလို့ကတော့ ဒီဘဝနဲ့တွင် အလောင်ရပ်မှာမဟုတ်ဘူး။ နောက်ဘဝတွေအထိ ဆက်လောင်နေလိမ့်ဦးမယ်။

[၁၃၆၁ ခုနှစ်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



## အရှေ့နဲ့အနောက်

ရေ၊ မြေ၊ ဥတုကိုလိုက်ပြီးတော့လည်း လူတွေရဲ့ စရိုက်သဘာဝ စိတ်နေစိတ်ထားတွေ ကွဲပြားနေတယ်။ ဥရောပနဲ့ အာရှဆိုပါတော့။ အာရှဆိုတာ အရိယဆိုတဲ့စကားကလာတာ။ အရိယာသူတော်ကောင်းတွေ ပေါ်ထွန်းရာဒေသမို့ အရိယတိုက်လို့ ခေါ်တာ။ အရိယကနေ အာရှလို့ခေါ်လာတဲ့ ဒေသကလူတွေရဲ့အသားအရောင်ဟာ ဖြူညိုဝါ၊ သဒ္ဓါနဲ့ ပညာကို ကိုယ်စားပြုတဲ့ အရောင်။

ဥရောပတိုက်သားတွေရဲ့ အရောင်က ဖြူနီကြောင်စပ်၊ တဏှာ မာန ဒိဋ္ဌိ အားကြီးခြင်းကို ဖော်ပြတဲ့အရောင်။ အဲဒီ ဖြူနီကြောင်စပ်တွေဟာ သံသရာနယ်ချဲ့ ဘုန်းတော်ဘွဲ့နဲ့အောင်ပွဲခံလိုတဲ့အတွက် သူတို့သားသမီးတွေကို တဏှာ မာန ရာဂနဲ့ စပ်လျဉ်းသမျှကိုသာ အမွေဆက်ခံစေတယ်။

သဒ္ဓါပညာ ဗီဇပါလာတဲ့ ဖြူညိုဝါ အာရှတိုက်သားတွေကတော့ သံသရာလျှောက်ရင်းက သံသရာက ဖောက်ထွက်ဖို့ အစွဲလွတ် ဝဋ်ကျွတ်ဖို့အတွက် ငယ်စဉ်ဘဝကတည်းက ဂါရဝတရား သင်ကြားတတ်မြောက်ကြတယ်။ မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတမင်္ဂလာနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြတယ်။ ဂါရဝ,နိဝါတ နှစ်မျိုးနဲ့ မာနဆိုးကိုဖျက်ချိုးပြီး နေထိုင်ကြတယ်။

အတ္တနဲ့အနတ္တ အနောက်နဲ့အရှေ့ဆုံတွေ့ပေါင်းစပ် တစ်ထပ်တည်း မကျနိုင်ဘူး။

[၁၃၆၁ ခုနှစ်၊ မောနေယျတော]



www.burmeseclassic.com

www.burmeseclassic.com



# အစွန်းထွက် အစွမ်းပြ

ဘဝအထပ်ထပ်ကပ်ပါလာတဲ့ အနုသယဆိုတဲ့ ဉာဉ်၊စရိုက်၊ဝါသနာတွေဟာ လူတွေရဲ့ အရွယ်သုံးပါးစလုံးမှာ လိုက်ပါလာနေကြတယ်။ သားသမီးအရွယ်က လောဘအိုးကလေး၊ ကြီးလာတော့လည်း ဒီအိုးရွက်လျက်ပဲ။ တပည့်ဘဝက ဒေါသအိုးကလေး ဆရာဘဝရောက်ပြန်တော့လည်း ဒီအိုးကြီးထမ်းထားတုန်းပဲ။ ကမ္ဘာတည်အိုး အမျိုးရင့်မာလွန်းလှတယ်။ ဆေးစားတုန်းခဏ ရောဂါသက်သာရပေမယ့် ဆေးပြယ်တာနဲ့ ရောဂါပြန်ထလာသလိုပဲ ဉာဉ်စရိုက်တွေရဲ့ ဗီဇသတ္တိဟာ ပြုပြင်ရခက်လှတယ်။

သံပုရာပင်ကြီးအိုလာပေမယ့် အချိုမသီး၊ ချဉ်ပြီးရင်းချဉ် နေသလိုပဲ ဉာဏ်စရိုက်တွေ အစွန်းထွက်ပြီး အစွမ်းပြနေတာကို သတိနဲ့ထိန်းညှိပြီးနေနိုင်ပါမှ လောက၊ဓမ္မနှစ်ဌာန မျှတသာယာမယ်။

[၁၃၆၁ ခုနှစ် ၊မောနေယျတော]

မောင်သွေးချွန်



www.burmeseclassic.com